The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 28 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 29, 2019

# တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှုနှင့် သက်ဆိုင်သော မူဝါဒ

စာမျက်နှာ - ၈ ➢



## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၂)

စာမျက်နှာ - ၆ ➢

## ရေကြီး ရေလျှံမှုများကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးနိုင်မှု အခြေအနေ ကြိုတင်ကာကွယ်ထားရန်လို

စာမျက်နှာ - ၁၈ ➢

## ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တန်းတူရည်တူ ယှဉ်ပြိုင်မှု Level Playing Field အခွင့်အရေးများ ရရှိရန် လိုအပ်

စာမျက်နှာ - ၂၆ ➢



MBN
Myanmar Brand Networks

## Export & Import Clearance Services




## Myanmar Brand Networks Co.,Ltd.

No.122, 2nd Floor, 38th St, Lower Block, Kyauktada Township, Yangon, Myanmar.
Tel: (+95) 9254493864, (+95) 9257761519, (+95) 9404446226, Email; mbnmyanmar@gmail.com

## SHIPMAX FREIGHT SOLUTION CO., LTD

SOLUTIONS FOR YOUR FREIGHT NEEDS
OFFERING ONE - STOP SERVICE
FOR EVERY TRADE ROUTE

### Our Services

- Air Freight
- Ocean Freight(FCL/ Lcl)
- Land Freight(Trucking) (Inland & Cross Border)
- Land Freight(Railroad)(Inland)
- Customs Clearance
- Door to Door Service
- Storage/Distribution
- Permits & License Application
- Warehousing
- Packing/Palletizing
- Manpower Supply
- Moving & Relocation



Members Of :

SHIPMAX FREIGHT SOLUTION CO.,LTD
No.63, FIRST FLOOR, HNIN SI STREET, AHLONE TOWNSHIP, YANGON 11121, MYANMAR.
TEL : +95-1-2315203, +959 799898589, +959 799898598, +959 775414882, +959 775414883 Fax : +95-1-2315203
EMAIL : cs@shipmaxfreight.com WEBSITE : www.shipmaxfreight.com Page : www.facebook.com/shipmaxfreight

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် The World Bank Group ၏ Senior Economist ဖြစ်သူ Mr. Sjamsu Rahardja ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် The World Bank Group ၏ Senior Economist ဖြစ်သူ Mr. Sjamsu Rahardja ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်း၌ မြန်မာနိုင်ငံ၏ ပေါင်းစည်းပါဝင်မှု မြင့်တင်နိုင်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်မှ နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများ ရယူသွားနိုင်ရေး၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအား ပိုမိုထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံဆိုင်ရာ အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr Tim Enderlin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဆွစ်ဇာလန်နိုင်ငံ၏ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများအနေဖြင့် Vocational Training များ ဖွင့်လှစ်နိုင်ရန်အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ ပညာသင်ဆုများ ထောက်ပံ့ပေးနိုင်ရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သစ်သီးဝလံထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းတို့အကြား စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများနှင့်ပတ်သက်၍ စီမံကိန်းဝင် Stakeholders များနှင့်တွေ့ ဆုံဆွေးနွေးသည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက်တွင် အင်းလေးကန်ဒေသရှိ Ann Heritage Lodge ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်/ခရီးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ UNOPS မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အတွင်းရှိ သစ်သီးဝလံနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များစုစုပေါင်း ၅၀ ခန့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် UNOPS မှ Head of Programme Management Office, Ms Sanitha Pathiyanthara တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။ ထို့နောက် စီမံကိန်းမှ International Coordinator ဖြစ်သူ Mr. Salesio Zvawadau စီမံကိန်းအကြောင်းအရာနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ စီမံကိန်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှုဖွံ့ဖြိုးရေး စီမံကိန်းမှ ထောပတ်သီး၊ လက်ဖက်နှင့် ချင်းသီးနှံ သုံးမျိုး၏ တန်ဖိုးကွင်းဆက်ကို မြှင့်တင်ဆောင်ရွက်ရန် ရွေးချယ်ထားပြီး ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသများအဖြစ် ညောင်ရွှေ၊ ပင်းတယ၊ ကလော၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီးနှင့်ဖယ်ခုံမြို့နယ်များကိုရွေးချယ်ထားရှိသည်။ စီမံကိန်း၏ ကနဦးအစီရင်ခံစာကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ (Global Management Board-GMB) ကို တင်ပြအတည်ပြုချက် ရယူထားပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**NES Unit**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေးများအား နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးများ၌ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ မူဘောင်များချမှတ်နိုင်ခဲ့ကြောင်း၊ ကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည့် Concept Paper ကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်သွားရန်နှင့် EOI လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးနယ်စပ် ပူးပေါင်းဆောင်ရွက်ရေးဇုန်များ၏ မြေပြင်အနေအထားလေ့လာခြင်း၊ တည်နေရာရွေးချယ်ခြင်းတို့ ဆောင်ရွက်ရန်ရှိရာ ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့မှ ဇူလိုင် ၁၂ ရက်တွင် ချင်းရွှေဟော်၊ လောက်ကိုင်ဒေသများသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ ကန်ပိုက်တီးသို့လည်း သွားရောက်လေ့လာမည်ဖြစ်၍ ကချင်ပြည်နယ် အစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံညှိနှိုင်းမှုအရ မူဆယ်-ရွှေလီ-ကျယ်ခေါင်ကို ဦးစားပေးတည်ထောင်ရန်ဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ခြမ်းတွင် လျာထားတည်နေရာ သုံးခုစလုံး အခြေခံအဆောက်အအုံများ အဆင်သင့်နီးပါးဖြစ်နေမှုကို တွေ့ရှိရကြောင်းနှင့် မိမိတို့ဘက်ခြမ်းတွင် မြေနေရာအသုံးပြုခွင့်ရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း၊ မြေနေရာ ရွေးချယ်ရာတွင် နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်မျဉ်း အတည်ပြုသတ်မှတ်ထားပြီးဖြစ်၍ အရေးကြီးသကဲ့သို့ လမ်းပန်းဆက်သွယ်မှုမှာလည်း မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် ယဉ်ကျေးမှု ထိခိုက်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ မူလစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းကျဆင်းမှု မရှိစေရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်စေရေးအတွက် နယ်စပ်စီးပွားရေးဇုန်လျာထားနေရာနှင့် မလွတ်ကင်း၍ မဖြစ်မနေ ပြောင်းရွှေ့ပေးရန် လူနေအိမ်နှင့် စိုက်ပျိုးမြေများအတွက် သင့်တင့်မျှတသည့် မြေယာလျော်ကြေးအပြင် မြေယာအစားထိုးပေးအပ်နိုင်ရေးသက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် (မြန်မာဘက်ခြမ်း) တည်ထောင် အကောင်အထည်ဖော်ရေး ဆောင်ရွက်ရာတွင် အရေးအကြီးအချက်များဖြစ်သည့် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံ နယ်စပ်နယ်နိမိတ်မျဉ်း အတည်ပြုသတ်မှတ်ပြီးဖြစ်ခြင်း မြေအသုံးချခွင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား မှန်မှန်ကန်ကန် ညှိနှိုင်းဖြေရှင်းပြီးမှသာ E.O.I ခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများ အပ်နှံအကောင်အထည်ဖော်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က မိမိတို့ပြည်နယ်အတွင်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အခြေအနေများ၊ ပြည်နယ်အတွင်း ဆောင်ရွက်လိုသည့် စီးပွားရေးဇုန်ကိစ္စရပ်များအား အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လောက်ကိုင်မြို့ (BP.125) နယ်ခြားမှတ်တိုင်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးကျောက်တယ်ချမ်း၊ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် တောင်ကြီး-ဟိုပုံး ကားလမ်းဘေးရှိ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရုံးခန်းမတွင် ကျင်းပပြုလုပ်သည့် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များ၏ တင်ပြချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများအား ပြန်လည်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## အာရှနိုင်ငံများမှ FOB ဆန်စျေးနှုန်းများ

၂၆-၇-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၇ | △ | ၃၄၀ | ၃၃၅ | ▽ | ၃၇၅ | ၃၈၀ | △ | ၃၆၂ | ၃၆၁ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၄ | ၃၈၆ | △ | ၃၃၅ | ၃၃၀ | ▽ | - | - | - | ၃၅၇ | ၃၅၆ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၂ | ၃၈၄ | △ | ၃၃၀ | ၃၂၅ | ▽ | - | - | - | ၃၅၂ | ၃၅၁ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၈၀ | □ | ၃၂၅ | ၃၂၀ | ▽ | ၃၆၅ | ၃၆၀ | ▽ | ၃၂၈ | ၃၂၈ | □ |
| ပေါင်းဆန် | ၄၁၀ | ၄၂၂ | △ | - | - | - | ၃၇၃ | ၃၇၇ | △ | - | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၇-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညွှန့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | □ | ၂၀၀၀၀ | □ | ၉၃၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၅၀၀ | □ | ၉၃၅၀ | △ | ၄၃၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၃၂၀၀၀ | □ | ၁၅၀၀၀ | □ | ၄၈၅၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၅၀ | ▽ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | △ | ၂၅၀၀၀ | △ | - | - | ၅၄၅၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လားရှိုး | ၈၃၀၀ | □ | ၄၄၀၀၀ | △ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | ▽ |
| ဘားအံ | ၅၀၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ညွှန့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လားရှိုးတို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

| ၁၉-၇-၂၀၁၉ မှ ၂၅-၇-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 412 | 20 | - | - | - | **432** |
| | Form AANZ | 16 | - | - | - | - | 16 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 98 | 8 | - | - | - | 106 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 35 | - | - | - | - | 35 |
| | Form AK | 99 | 5 | - | - | - | 104 |
| | Form D | 180 | 16 | - | - | - | 196 |
| | Form DFTP | 2 | - | - | - | - | 2 |
| | Form E | 103 | 7 | - | - | - | 110 |
| | Form Korea | 9 | - | - | - | - | 9 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | **Total** | **955** | **56** | - | - | **1** | **1011** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၇-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မူဆယ် | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၈/၇ | ၂၆/၇ | ပြောင်းလဲမှု | ၁၈/၇ | ၂၆/၇ | ပြောင်းလဲမှု | ၁၈/၇ | ၂၆/၇ | ပြောင်းလဲမှု | ၁၈/၇ | ၂၆/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၅၅ | ၁၂၉၇ | ▼ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၄၀၀ | ၁၂၅၀ | ▼ | ၁၃၀၀ | ၁၃၀၀ | ■ |
| ပဲစင်းငုံ | ၁၅၇၉ | ၁၅၁၉ | ▼ | ၁၆၆၇ | ၁၆၅၀ | ▼ | ၁၆၇၅ | ၁၇၀၀ | ▲ | ၁၆၄၀ | ၁၆၀၀ | ▼ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၈၃၀ | ▲ | ၁၈၆၇ | ၁၉၉၁ | ▲ | ၁၈၄၂ | ၁၈၆၈ | ▲ | ၁၇၃၀ | ၁၉၃၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | ၁၄၃၂ | ၁၄၄၃ | ▲ | ၁၄၂၀ | ၁၄၃၂ | ▲ | ၁၄၃၀ | ၁၄၄၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၇၉၆ | ၁၇၇၈ | ▼ | ၁၅၂၆ | ၁၅၇၉ | ▲ | ၁၅၈၀ | ၁၇၃၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၃.၇.၁၉)ထိ | ယခုတစ်ပတ် (၂၀.၇.၁၉)ထိ | (၁.၁.၁၉) မှ (၂၀.၇.၁၉) ထိ |
| မတ်ပဲ | ၁၈၀၀၀၇ | ၈၃၆၄ | ၁၈၈၃၇၁ |
| ပဲတီစိမ်း | ၁၅၆၁၉၀ | ၁၉၆၃ | ၁၅၈၁၅၃ |
| ပဲစင်းငုံ | ၅၁၈၃၅ | ၅၀၁၆ | ၅၆၈၅၁ |
| ကုလားပဲ | ၄၆၈၂၀ | ၂၈၈ | ၄၇၁၀၈ |
| ပဲလွန်းဖြူ | ၂၉၈၀၆ | ၂၆၂ | ၃၀၀၆၈ |
| မြေထောက်ပဲ | ၇၉၁၈ | ၅ | ၇၉၂၃ |

## ပြည်မတ်ပဲသီးနှံ ယခုလအတွင်းဈေးလျော့

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇူလိုင်လအတွင်း မတ်ပဲသီးနှံဈေးလျော့လာခဲ့ကြောင်းသိရသည်။ ဇွန်လအတွင်း မတ်ပဲသီးနှံဈေးမှာ တက်ရိပ်ပြခဲ့သော်လည်း ယခုဇူလိုင်လဆန်းမှစ၍ ဈေးပြန်လျော့သွားခဲ့ကာ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၂၅၇၀၀ ဖြင့်သာ ရောင်းဝယ်နေခဲ့ကြောင်းသိရသည်။

ပဲဝင်ရောက်မှုမှာလည်း နေ့စဉ် အဝင်မရှိသော်လည်း ဝင်ရောက်သည့်ရက်များတွင် အိတ် ၁၀၀ ပတ်ဝန်းကျင် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ ဝယ်လက်အနေဖြင့် နေ့စဉ် ရန်ကုန်ဝယ်လက်သမား အဝယ်ရှိခြင်းကြောင့် တစ်ရက် အိတ် ၂၀၀/၃၀၀ ကျော်ထိ ရောင်းဝယ်မှုဖြစ်ခဲ့ကြောင်း သိရှိရသည်။

ခင်ဆွေဝင်း(ပြည်)

## ဟင်္သာတ မတ်ပဲဈေး ဆက်တိုက်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတကုန်စည်ဒိုင်တွင် ဇူလိုင် ၁ ရက်က တစ်တင်းလျှင် ကျပ် ၂၇၆၀၀ ဈေးပေါက်ခဲ့သော မတ်ပဲသည် တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ဇူလိုင် ၁၇ ရက်တွင် ကျပ် ၂၆၂၀၀ ထိ ကျဆင်းခဲ့သည်။

ဇူလိုင် ၁၈ ရက်တွင် ကျပ် ၂၇၂၀၀ ထိ ပြန်တက်ခဲ့ပြီး ဇူလိုင်၁၉ ရက်တွင်ကျပ် ၂၆၂၀၀ထိ ပြန်လည်ကျဆင်းခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် ကျပ် ၂၅၈၀၀ ထိ ကျဆင်းခဲ့သည်။ ဈေးကျသည့်အတွက် အဝယ်ရှိသော်လည်း အရောင်းမရှိသဖြင့် အရောင်းအဝယ်ပါးလျက်ရှိသည်။

မောင်မောင်မြတ်ခိုင်

## ပြည်ပဲဈေးကွက်သို့ မိုးပဲတီစိမ်းသစ် စတင်ဝင်ရောက်လာ

ပြည်ပဲမျိုးစုံဈေးကွက်သို့ ယခုတစ်ပတ်မှာ မိုးပဲတီစိမ်းသစ် အနည်းငယ်ဝင်ရောက်လာခဲ့ကြောင်းသိရသည်။ ပြည်အနီးတစ်ဝိုက်ဒေသများမှ တစ်ရက်လျှင် အိတ် ၁၀၀/၁၅၀ ကျော်ဝင်ရောက်လာပြီး ဝယ်လိုအားလည်းရှိနေသည့်အတွက် ဝင်လာသမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြသည်။ ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ကျပ် ၃၂၅၀၀ ဖြင့် ဈေးဖွင့်ခဲ့သည့်အတွက် ယခင်နှစ်က ပဲသစ်ဝင်ရောက်လာချိန် အဖွင့်ဈေးနှုန်းထက် ဈေးပိုရရှိနေခဲ့ကြောင်းသိရသည်။ ယခင်နှစ်က ပဲသစ်ဝင်ရောက်လာချိန် အဖွင့်ဈေးမှာ တစ်တင်း ကျပ် ၂၈၀၀၀ ဖြင့်သာ ဈေးဖွင့် ဝယ်ယူခဲ့ကြောင်းသိရသည်။ ယခုနှစ်အတွင်း ပဲတီစိမ်းဈေးမှာ တစ်နှစ်တာလုံး ဈေးကောင်းရခဲ့ပြီး ဆောင်းပဲသီးနှံချိန်ကလည်း တစ်တင်း ကျပ်သုံးသောင်းကျော် ရရှိနေတဲ့အတွက် မတ်ပဲသီးနှံဈေးထက် ယခုနှစ်လည်း ဈေးပိုရနေကြောင်း လေ့လာသိရှိရသည်။

ခင်ဆွေဝင်း(ပြည်)

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၂၇၀ မှ ၁၄၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၃၅၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၄၀၀ မှ ၇၅၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၀၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀ မှ ၂၅၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး)ကျပ် ၇၅၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၄၀၀ မှ၁၅၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၂၀၀ မှ ၁၄၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၃၈၀၀၊ ချင်း (ပိဿာ)ကျပ် ၂၇၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀၊ ရုံပတီသီး (တောင့်) ကျပ် ၁၀ မှ ၁၂ ကျပ်အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၅၀အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၃၀ မှ ၅၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၂၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၄၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀မှ ၁၂၀၀ အတွင်း၊ နာနတ်သီး (လုံး) ကျပ် ၅၀၀ မှ ၇၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ /လတ်)တစ်တောင်း ကျပ် ၁၇၀၀၀ မှ ၁၈၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်းကျပ် ၂၇၀၀၀ မှ ၃၀၀၀၀ အတွင်းရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း အာလူး၊ မုန့်လာဥနီ၊ ဘူးသီး၊ ရုံပတီသီး၊ ခရမ်းသီးရှည်၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း)တို့မှာ အနည်းငယ်ဈေးတက်နေပြီး တည်းကုန်း လက်ကားဈေးကြီး အတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၉၇၅၀၀ကျော်၊ ခရမ်းသီး(ရှည်)(လုံး) ၄၅၁၉၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၂၅၅၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၄၆၅၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၇၅၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၅၂၅၀၀ ကျော်နှင့် မုန်ညှင်း(ထုပ်)ပေါင်း ၁၈၇၅၀ ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။ သရက်သီးမှည့် (ရင်ကွဲ) (သေး/လတ်/ကြီး) တောင်းပေါင်း ၁၅၀၀ နှင့် နာနတ်သီးအလုံးပေါင်း ၃၆၇၅၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ခိုင်ရွှေ(ရန်ကုန်)

## မူဆယ်ကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်နှင့်ဈေးနှုန်းအခြေအနေ

ယခုတစ်ပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့်ဈေးနှုန်းအခြေအနေမှာ ပဲစင်းငုံသီးနှံမှာဈေးကွက်အတွင်း အဝယ်သာရှိပြီး ဝင်ရောက်မှု နည်းလာကာ ဈေးနှုန်းအနေဖြင့် တစ်တင်း ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀ ဝန်းကျင်အတွင်း ဈေးမငြိမ်ဘဲ တက်လိုက်ကျလိုက်ဖြစ်နေသည်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာပဲစင်းငုံ (အဟောင်း)တစ်တင်း ကျပ် ၂၉၄၀၀၊ (အသစ်) ကျပ် ၃၂၀၀၀ နှုန်းရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံအခြေအနေမှာ ရန်ကုန်၊ မန္တလေးဝယ်လက်ရှိသော်လည်း ဝင်ရောက်မှုနည်းပြီး အရည်အသွေးကောင်းသည့်ပဲတီစိမ်းကို အဝင်ရှိသလောက် ဝယ်လက်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၀၀၀၀ မှ ၃၅၅၀၀ ထိ ပေါက်လျက်ရှိကာ ယခင်တစ်ပတ်ထက်ဈေးမြင့်လာသည်။ ကုလားပဲသီးနှံမှာရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း ပဲခွဲစက်၊ ကြာဆန်စက်သမားများ၊ လက်လီသမားများဖြင့်နေ့စဉ် အိတ်၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး V2တစ်တင်း ကျပ် ၂၇၁၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၅၀၀၊ ၉၂၉ တစ်တင်း ကျပ် ၂၇၁၀၀၊ V3V7ကျပ် ၂၆၀၀၀ နှုန်းပေါက်ဈေးရှိသည်။ ဂျုံသီးနှံမှာ ဒေသတွင်းသုံးအနေဖြင့် နေ့စဉ် တင်း ၂၀၀ခန့် အရောင်းအဝယ်ဖြစ်ကာ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာတစ်တင်း ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀၊ ထွက်တိုးတစ်တင်း ကျပ် ၁၅၂၀၀ နှုန်းဖြစ်လျက်ရှိသည်။ မတ်ပဲသီးနှံမှာ ပြည်ပဝယ်လက်ပဲဖြစ်သော်လည်း အဝင်ရှိသလောက် ဒေသတွင်း သုံးအနေဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုတစ်ပတ် ပေါက်ဈေးနှုန်း တစ်တင်း ကျပ် ၂၃၅၀၀ မှ ၂၆၀၀၀ ထိပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ထက်ဈေးလျော့လာတာတွေ့ရသည်။

ပဲကြီးဈေးကွက်မှာလည်း ဒေသတွင်းသုံးအနေဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာတစ်တင်း ကျပ်၃၄၀၀၀၊ နေ့စဉ်တင်း ၃၀၀ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်း ကျပ် ၂၀၀၀၀ နှုန်းဖြင့် တင်း၁၀၀ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၉၅၀၀ နှုန်းဖြင့် တင်း၁၀၀ခန့်၊ CPပြောင်းတစ်တင်း ကျပ် ၈၃၀၀ နှုန်းဖြင့် တင်း ၁၅၀၀ ခန့် အသီးသီးအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြည်ကြည်နွယ်
(ဇေယျာကုန်သွယ်မှုဗဟိုဌာန)

## ပြည်ကုလားပဲသီးနှံ ဈေးအပြောင်းအလဲမဖြစ်ဘဲ ရောင်းဝယ်နေ

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံဈေးမှာ ပုံမှန်ရောင်းဝယ်မှုဖြစ်နေပြီး ပဲဈေးအနေဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲဈေးငြိမ်ရောင်းဝယ်နေခဲ့သည်။ ပဲဝင်ရောက်မှုမှာ တစ်ရက် အိတ် ၅၀/၁၀၀ ခန့်သာ ဝင်ရောက်ပြီး ပဲလက်ကျန်များရှိနေသည့်အတွက် ဝယ်လိုအားရှိသလောက်အရောင်းအဝယ်ဖြစ်ခဲ့ကြကာ တစ်ရက်အိတ် ၂၀၀/၃၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ဝယ်လက်သမားကတော့ ပြည်ဒေသတွင်းရှိ ခွဲစက်သမားများ အဓိက ဝယ်ယူလျက်ရှိပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးငြိမ်နေခဲ့ကြောင်းသိရသည်။

ခင်ဆွေဝင်း(ပြည်)

## ပြည်မြေပဲဆန်မှာ ဝယ်လိုအားများလာပြီး ဈေးဆက်လက်မြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး (အနောက်)ပြည်ဈေးကွက်တွင် မိုးမြေပဲများစိုက်ပျိုးချိန်ဖြစ်ပေမယ့် အဝယ်လိုက်လာလို့ မြေပဲဆန်ဈေးများမြင့်တက်လာတာတွေ့ရပါသည်။ အဝင်အနည်းငယ်သာရှိပေမယ့် ယခင်လက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါသည်။ ဆီဆန်ကိုဆီစက်သမားများက ဆီကြိတ်ရန်အဝယ်ရှိလို့ ဈေးမြင့်လာသလို လုံးဆန်ကို ပဲလှော်ဖိုသမားများက အဝယ်ရှိခြင်း၊ ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိခြင်းတို့ကြောင့် ဈေးမြင့်လာတာတွေ့ရပါသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိဿာလျှင် (၃၆၀၀)ကျပ် (နီ) တစ်ပိဿာလျှင် (၃၇၀၀)ကျပ်နှင့်လုံးဆန် (ဖြူ) တစ်ပိဿာလျှင် (၃၈၀၀)ကျပ်၊ (နီ)တစ်ပိဿာလျှင် (၄၀၂၅)ကျပ်ဖြင့်ဈေးမြင့်လာလို့ မြေပဲဆီဈေးပါ မြင့်လာတာတွေ့ရပါသည်။ မြေပဲဆီဈေးမှာ တစ်ပိဿာ (၇၀၀၀-၇၂၀၀)ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ဝေဝေမင်း(ပြည်)

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၂)

ယခင်တစ်ပတ်မှအဆက်

**မြန်မာနိုင်ငံနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့စတင်ဖွဲ့စည်းစဉ် ၁၉၉၅ ခုနှစ်မှစတင်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကနဦးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သော်လည်း အခြေအနေအရ မြန်မာနိုင်ငံ၏ ပထမအကြိမ်ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့သည်။ ပုံမှန်အားဖြင့် တစ်နှစ်ကြာ အချိန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်တွင် အောင်မြင်စွာကျင်းပခဲ့သည်။ ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပခဲ့သည်။

ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှပေးပို့သည့် ကုန်သွယ်မှုနှင့်သက်ဆိုင်သော အောက်ဖော်ပြပါကဏ္ဍကြီးလေးရပ်အတွက် မေးခွန်းစုစုပေါင်း ၂၈၃ ခုကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ဆက်လက် ပေးပို့ဖြေကြားစေခဲ့ပါသည်-

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
(၂) မက်ခရိုစီးပွားရေးမူဝါဒများ
(၃) ကုန်သွယ်မှုမူဝါဒများနှင့် အလေ့အထများ
(၄) ကဏ္ဍအလိုက် ကုန်သွယ်မှုမူဝါဒများနှင့် အလေ့အထများ ဖြစ်ပါသည်။

သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ပြန်လည်ဖြေကြားပေးပို့လာသည့် အဖြေများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်သည့်ဌာနသို့ဆက်လက်ပေးပို့ခဲ့ပြီး ယင်းတို့အပေါ် လေ့လာဆန်းစစ်ကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်သူများက မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ပြီး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး၏အစီရင်ခံစာ (WTO Secretariat Report) (မူကြမ်း)ကိုပြုစုပြီး မြန်မာနိုင်ငံသို့ပြန်လည်ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံသဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များကို ပြန်လည်ပေးပို့ခဲ့ရာ ယင်းအပေါ် အခြေခံ၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်သူများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး၏ အစီရင်ခံစာ (WTO Secretariat Report)ကို ပြုစုခဲ့ပါသည်။

အလားတူပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများနှင့် အနီးကပ်ဆွေးနွေးညှိနှိုင်းကာ အစိုးရအဖွဲ့အသစ်ကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ဖော်ပြထားသည့် အစိုးရ၏ အစီရင်ခံစာ (Government Report) (မူကြမ်း)ကို ပြုစု၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး ၎င်းတို့၏ သဘောထားမှတ်ချက်များနှင့်အညီ အစိုးရ၏အစီရင်ခံစာ (Government Report) ကို ပြုစု၍ အထက်အဖွဲ့အစည်း၏ တင်ပြခွင့်ပြုချက်ကိုရယူကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဆက်လက်ပေးပို့ခဲ့ပါသည်။

အဆိုပါလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်သူများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်သူများက မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သည်။

အထက်ဖော်ပြပါ အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော အစီရင် ခံစာနှစ်ခုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးက WTO၏ အခြားရုံးသုံးဘာသာစကားနှစ်ခုဖြစ်သော ပြင်သစ်နှင့် စပိန်ဘာသာများသို့ပြန်ဆို၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေပေးခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက အဆိုပါအစီရင်ခံစာများကို လေ့လာ၍ ၎င်းတို့သိရှိလိုသည့် မေးခွန်းစုစုပေါင်း ၁၉၇ ခုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးမှတစ်ဆင့် မြန်မာနိုင်ငံသို့ ထပ်မံမေးမြန်းခဲ့သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ဆက်လက်ပေးပို့ခဲ့ပြီး ၎င်းတို့၏ ဖြေကြားချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးသို့သတ်မှတ်ရက်အတွင်း အချိန်မီပြန်လည်ပေးပို့ခဲ့ရသည်။ ယင်းဖြေကြားချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးက အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ဆက်လက်ဖြန့်ဝေပေးခဲ့သည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးတွင် နှစ်ရက်ကြာကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအတွက် ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ ဖြစ်ပေါ်တိုးတက်မှုကိစ္စများနှင့် WTO အဖွဲ့ဝင်နိုင်ငံများက မေးမြန်းသည့်မေးခွန်းများအပေါ် ခြုံငုံဖြေကြားချက်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကာ လုပ်ငန်းစဉ်အား အပြီးသတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများအားလုံး၏ အပြုသဘောဖြင့် အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

> **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၂၀ ခုနှစ်တွင် အပြီးဆောင်ရွက်သွားရန် လျာထားပါသည်။**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုသဘောတူညီချက်များပါ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များအား မိမိတို့နိုင်ငံက ပိုမိုစွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်ရှိကြောင်း သိရှိနိုင်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၂၀ ခုနှစ်တွင် အပြီးဆောင်ရွက်သွားရန် လျာထားပါသည်။ အဆိုပါ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်နိုင်ရေးနှင့် ဒုတိယအကြိမ်ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းဆိုင်ရာ အပြီးသတ်အစည်းအဝေးကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အပြီးသတ်ကျင်းပသွားနိုင်ရေးတို့အတွက် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများသို့ အချိန်မီ တင်ပြဆောင်ရွက်သွားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် စတင်ပြင်ဆင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**WTO ဌာနခွဲ**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၆.၇.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT POLESTAR | P.Oil (In Bulk) ၅၅၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - UNI ANGEL | TEU615တင်TEU734ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR SOLO | TEU785တင်TEU749ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | TEU440တင်TEU373ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - PACAO | TEU792တင်TEU511ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - ALEA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - MAERSK ABERDEEN | TEU 608 တင်TEU 514 ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - MCC KYOTO | TEU611တင်TEU659ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - EAGLE | ဆန်တန်ချိန် ၁၃၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - MCC MERGUI | TEU905တင်TEU241ချဆဲ |
| MIPL | - GAZI | Steel Product 2529 ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - RONG DA CHANG SHA | Eqquipment 4930 ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - ITHACA VISBY | Steel Product ၂၅၂၉ ချဆဲ |
| WILMAR JETTY | - SEAS-S | Cement Clinker(In Bulk)26419 ချဆဲ |
| TMIT (၂) | - PVT.HN | Urea (IN Bulk) ၁၉၉၀၅ချဆဲ |
| ELITE JETTY | - MT YU HAI | Mogas (92 Ron)17145 ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HONG DE | Steel တန် ၈၀၀၀ချရန် | CHINA | ၂၆.၇.၂၀၁၉ |
| MV MCL(20) | Concrete X Block ၁၆၀၃ တင်ရန် | BINGALARDESH | ၂၆.၇.၂၀၁၉ |
| LIMCO MARU | Steel & G/C ၃၀၀၇ ချရန် | CHINA | ၂၇.၇.၂၀၁၉ |
| KAI XUAN-9 | Steel တန် ၂၁၄၅ ချရန် | CHINA | ၂၉.၇.၂၀၁၉ |
| HOSEI CROWN | PKG Construction Project၉၅တင်ရန် | COLUMBO | ၅.၈.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၇.၂၀၁၉ |
| MAERSK WARSAW | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၆.၇.၂၀၁၉ |
| PRESIDIO | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၂၇.၇.၂၀၁၉ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၇.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၇.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၇.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ / စက်မှုဆိပ်ကမ်း | ၂၉.၇.၂၀၁၉ |
| ALS SUMIRE | SINGAPORE | သီလဝါ / စက်မှုဆိပ်ကမ်း | ၂၉.၇.၂၀၁၉ |
| DANU BHUM | SINGAPORE | သီလဝါ / စက်မှုဆိပ်ကမ်း | ၂၉.၇.၂၀၁၉ |
| AISO POS II | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၃၁.၇.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၇.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၁.၈.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၈.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၈.၂၀၁ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | DIESEL OIL | - | ၂၇.၆.၂၀၁၉ |
| MT.OCEAN JACK | MOGAS (92Ron) | PUMA JETTY | ၂၆.၇.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၂၆.၇.၂၀၁၉ |
| MT.VIET STAR | MOGAS (92RoN) | SINGAPORE | ၂၆.၇.၂၀၁၉ |
| MT.YU HAI | MOGAS (92RoN) | SINGAPORE | ၂၆.၇.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၆.၇.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၆.၇.၂၀၁၉ |
| MT.OCEAN SUCCESS | Diesel Oil | SINGAPORE | ၂၆.၇.၂၀၁၉ |
| MT.KIRANA HASTA | Diesel Oil | SINGAPORE | ၂၆.၇.၂၀၁၉ |
| MT.SK LINE-1 | P.Oil(In Bulk) | INDONESIA | ၂၆.၇.၂၀၁၉ |
| T.OCEAN MARLIN | Diesel Oil | SINGAPORE | ၂၇.၇.၂၀၁၉ |
| MT.OCEAN MORAY | MOGAS (92RoN) | SINGAPORE | ၂၇.၇.၂၀၁၉ |
| MT.OCEAN COD | Diesel Oil | SINGAPORE | ၂၈.၇.၂၀၁၉ |
| MT.GLORY STAR | Diesel Oil | SINGAPORE | ၂၈.၇.၂၀၁၉ |
| MT.YU DONG | Diesel Oil+MOGAS92 | SINGAPORE | ၂၈.၇.၂၀၁၉ |
| MT.VL -21 | P.Oil(In Bulk) | INDONESIA | ၂၉.၇.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၁.၈.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၁၀.၈.၂၀၁၉ |

## မိတ္ထီလာခရိုင် ဖရဲစိုက်ပျိုးမှုအခြေအနေ

မိတ္ထီလာခရိုင်အတွင်း မိုးဖရဲကို ဇွန်လမှစတင်၍ စိုက်ပျိုးနိုင်ရန်အတွက် မြေပြင်ခြင်းလုပ်ငန်းများ အပင်ပျိုးထောင်ခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်ပြီး ဇူလိုင်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးမှုများပြုလုပ်ကြသည်။ ဩဂုတ်လကုန်တွင် စတင်ထွက်ရှိပြီဖြစ်ကြောင်း စိုက်ပျိုးတောင်သူ များထံမှ သိရှိရသည်။

ကြက်မောက်၊ ဆည်ကြီး၊ နွှေပင်၊ အပျောက်၊ ကုန်းတောင်း၊ မြင်းခွက်၊ ရွာကြီး၊ ကျောက်ပနား ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။ အဓိကစိုက်ပျိုးသောမျိုးမှာ ဒိုးကျည်(ခေါ်) (212)စိုက်ပျိုးကြသည်။ ဈေးကွက်အနေဖြင့် ပေါ်ချိန်တွင် ဒေသသို့လာရောက်ဝယ်ယူကြပြီး တစ်လုံးလျှင် ကျပ် ၈၀၀ မှ ၁၀၀၀ ထိရှိကြောင်းသိရသည်။ အဓိကဈေးကွက်အနေဖြင့်မော်လမြိုင်၊ ပဲခူး၊ မုဒုံ၊ ဘားအံ၊ သထုံဘက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။ ဖရဲစိုက်ပျိုးခြင်းသည် အရှုံးမရှိကြောင်းသိရှိရပြီး အမြတ်အစွန်းမှာလည်း စီးပွားဖြစ်မရကြောင်း ဒေသခံ ဖရဲစိုက်တောင်သူ ဝယ်လက်များထံမှ သိရသည်။

**သက်ချိုဦး(သာစည်)**

## ကြက်သွန်

# ကလေးမြို့၏ ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးကွက်

ကလေးမြို့တွင် တောင်သူအများစုသည် လယ်ပြီးလျှင် မိမိတို့အပိုဝင်ငွေရရှိစေရန်ရရှိသည့်အချိန်အတွင်း နေကြာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ စိုက်ပျိုးကြသည်။ ကလေးမြို့၏အနောက်ဘက်အခြမ်းဖြစ်သည့် ကြို့သုံးပင်ရပ်ကွက်တွင် နှစ်စဉ်နှစ်တိုင်း ကြက်သွန်ဖြူ ကြက်သွန်နီများကိုစိုက်ပျိုးကြသည်။ တစ်ဆင့်ခံ ရောင်းချသူများအနေဖြင့် မိမိတတ်နိုင်သည့် အရင်းအနှီးဖြင့် ကုန်နိုင်သည့်ပိဿာ ခန့်မှန်းတွက်ချက်ပြီး တစ်နှစ်စာဝယ်ယူသိုလှောင်ထားကြသည်။

ယခင်နှစ် ဇူလိုင်က ကြက်သွန်နီတစ်ပိဿာကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၁၃၀၀၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၂၀၀၀ ပေါက်ဈေးသာရှိပြီး ယခုနှစ်ဇူလိုင်အတွင်းတွင် ကြက်သွန်နီတစ်ပိဿာကျပ် ၈၀၀-၁၀၀၀-၁၂၀၀၊ ကြက်သွန်ဖြူတစ်ပိဿာကျပ်၂၀၀၀-၃၀၀၀-၄၀၀၀ အထိဈေးနှုန်း မြင့်တက်ခဲ့သည်။ ထိုသို့ဈေးနှုန်းမြင့်တက်ရခြင်းမှာ ကြက်သွန်ဖြူစိုက်ပျိုးသည့် တောင်သူများသည် အများစုသိုလှောင်၍ ရောင်းချခြင်းမရှိဘဲ ပေါ်စတွင် တစ်ပိဿာ ကျပ် ၈၀၀ - ၁၀၀၀ ဖြင့် ရောင်းချကြသည်။ ယခုနှစ်စိုက်ပျိုးထွက်ရှိမှုတွင် လည်းရာသီဥတုမကောင်း၍ ယခင်နှစ်လောက် ထွက်ရှိမှုမရှိကြောင်း သိရသည်။

ရောင်းဝယ်သူများအနေဖြင့်လည်း ယခင်နှစ်ကဈေးနှုန်းမတက်ဘဲရောင်းချရသည့်အတွက် အပုပ်အနာအစာပစ်လိုက်လျှင် အရင်းရအောင် မနည်းရောင်းချရသည့်အတွက် ယခုနှစ်တွင် သိုလှောင်သူများနည်းပါးခြင်း၊ အထွက်နှုန်းလျော့နည်းခြင်းများကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း ကြက်သွန်ဖြူရောင်းချသည့် ဒေါ်ပူစူးမက ပြောသည်။ **စန္ဒာမွန်(ကလေးမြို့)**

# မူဆယ်မှ တရုတ်တင်ပို့ ကြက်သွန်နီဈေး အနည်းငယ်ကျ

ယခုရက်သတ္တပတ်အတွင်း ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်သို့တင်ပို့လျက်ရှိသော ကြက်သွန်နီများ ဈေးအနည်းငယ်ကျဆင်းခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၁၆ ရက်ထိ ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ကျပ် ၈၀၀ ဝန်းကျင်ဈေး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အတွင်း ကြက်သွန်နီဈေးမှာတစ်ပိဿာ ကျပ် ၇၅၀ -၇၂၀ ဝန်းကျင်အထိ ကျဆင်းခဲ့သဖြင့် ယခင်ရက်သတ္တနှစ်ပတ်တွင် ဖြစ်ပေါ်ခဲ့သောဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင်ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၀၀ ဝန်းကျင် ကျဆင်းခဲ့သည်။

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်ထိ ကြက်သွန်နီတင်ပို့တန်ချိန် ၉၃၉ ဒသမ ၅ တန်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်ထိ ၉၉၄ တန်တင်ပို့ခဲ့သဖြင့်ဈေးကျသော်လည်း ကြက်သွန်နီတင်ပို့တန်ချိန်မှာ ယခင်တစ် ပတ်တင်ပို့မှု နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်များလာခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၂၃ ရက်ထိ တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် ဇူလိုင် ၁ ရက်မှ ၁၆ ရက်အထိ ကျပ် ၅၁၄၀၀၀-၅၁၆၈၀၀ ဝန်းကျင်ရရှိခဲ့သဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၈၂၀-၈၃၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်၁၇ရက်မှ၂၃ ရက်ထိ



ကြက်သွန်နီတစ်တန်လျှင်ကျပ် ၄၇၆၆၀၀-၄၄၆၈၀၀ ဝန်းကျင်ဖြစ်ပြီး တစ်ပိဿာ ကျပ် ၇၆၀-၇၂၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကြက်သွန်နီ တစ်ပိဿာလျှင်ဇူလိုင် ၁ ရက်မှ ၁၆ ရက်အထိ တရုတ်ယွမ် ၃ ဒသမ ၈ ယွမ်ရရှိနေရာမှ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အတွင်း တရုတ်ယွမ် ၃ ဒသမ ၃ ယွမ်သို့ ကျဆင်းသွားကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်စာရင်းအရ သိရသည်။ **စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပြည်ပဲဈေးကွက်၌ ကြက်သွန်ဖြူဈေး အနည်းငယ်ကျ

ပြည်ဈေးကြီးနှင့် ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ဆက်တိုက်ဝင်ရောက်လျက်ရှိသည်။ ယခုဇူလိုင်လအတွင်းမှာ ဈေးတွေမြင့်တက်နေရာမှ ဈေးအနည်းငယ်ကျဆင်းလာသည်။ ကြက်သွန်ဖြူလိုင်းမှာ ယခုနှစ်အတွင်း မတ်လမှစ၍ ကြက်သွန်ဖြူ ဈေးတအိအိတက်လာပြီး ယခုဇူလိုင်လမှာ ကြက်သွန်ဖြူတစ်ပိဿာ (ပွဲရုံဈေး)ကျပ် ၃၇၀၀/၃၈၀၀ ဖြင့် အမြင့်ဆုံးဈေးဖြစ်ခဲ့သည်။

ယခုတစ်ပတ်ဝင်ရောက်လာသည့် ကြက်သွန်ဖြူဈေးနှုန်းသည် တစ်ပိဿာ (ပွဲရုံဈေး) ရှမ်းစ ကျပ် ၂၃၀၀/၂၅၀၀ နှင့် (ကြူဂွ) ကျပ် ၃၃၀၀/၃၅၀၀ ဈေးတို့ဖြင့် ရောင်းဝ ယ်နေသည်။လက်လီဒေသတွင်းဈေးများတွင် (ရှမ်းစ)ကျပ် ၂၈၀၀မှ ၃၀၀၀ ဈေးတို့ဖြစ်ပြီး (ကြူဂွ)ကို ကျပ် ၄၀၀၀ ဈေးတို့ဖြင့် ရောင်းချနေသည်ကို တွေ့ရသည်။ ဥတစ်လုံး ကြက်သွန်ဖြူဈေးမှာလည်း တစ်ပိဿာကျပ် ၄၀၀၀ ဈေးဖြင့်သာ ရောင်းချလျက်ရှိကြသည်။ **နီနီဝင်း(ပြည်)**

## ဝါ

# ရေနံချောင်း၌ ဝါဧက ၁၈၀၀ နီးပါးစိုက်မည်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဝါဧက ၁၈၀၀ နီးပါးအား လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

'ရေနံချောင်းမြို့နယ်တွင် ဝါကိုဝါကြီးနှင့်ချည်မျှဉ်ရှည်ဝါနှစ်မျိုးရှိသည့်အနက် ချည်မျှဉ်ရှည်ဝါကိုမိုးနှောင်းသီးနှံအဖြစ် နှမ်းနှင့် မြေပဲများရိပ်သိမ်းပြီးချိန် ဝါခေါင်လနှင့်တော်သလင်းလတို့တွင် စိုက်ကြကြောင်း သိရသည်။ ဝါကိုမဖြစ် မနေစိုက်ပါတယ်။ သူတို့(စိုက်ပျိုးရေးဦးစီးဌာန)ကလည်း ပညာပေးပါတယ်'ဟု ရေနံချောင်းမြို့နယ်ကဒေသခံတောင်သူ ဦးတင်ထွန်းက ပြောသည်။

ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါတစ်ဧကလျှင်အထွက်နှုန်း ၅၁၅ ပိဿာထွက်ရှိရန်လျာထား ဆောင်ရွက်နေကြောင်း သိရသည်။ **ရွှေဇင်**

## ချင်း

# ယခုတစ်ပတ် ချင်းတန်ချိန် ၆၀၀ကျော် တင်ပို့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း ချင်း ၆၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၉၃ တန်နှင့် စင်ကာပူနိုင်ငံသို့ ၅၄ တန်တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၁၀ ဝန်းကျင်ရရှိခဲ့ပြီး ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂၄၀ ဝန်းကျင်ရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ ဈေးမြင့်ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်က ချင်း၄၅၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၉၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၇၃၉၀ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# ပြည်(ချင်း)ပွဲရုံများသို့ ချင်းဥမများ စတင်ဝင်ရောက်၍ ဈေးကျနေ

ယခု ဇူလိုင်လ နောက်ဆုံးပတ်တွင် ပြည်ပွဲရုံများသို့ ချင်းဥမများ စတင်ဝင်ရောက်ပြီး ချင်းဈေးနှုန်းမှာကျလာသည်ကို တွေ့ရသည်။ ပြည်ပွဲရုံနှင့်ရောင်းဝယ်ရေးသမားများ အစွဲများနေပြီး လက်လီအရောင်းအေးနေကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းဈေးကတော့ ချင်း(ဥမ) ပွဲရုံဈေး တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ၂၃၀၀ ဈေးရှိပြီး လက်လီဈေးကွက်တွင် ကျပ် ၃၀၀၀ဈေးတို့ဖြင့်ရောင်းချနေသည်။ ခါးလှီးချင်းတစ်ပိဿာ ဈေးနှုန်းကျပ် ၃၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ် လျက်ရှိသည်။

**နီနီဝင်း(ပြည်)**

## နန္နွင်း

# နနွင်းတန်ချိန် ၃၀၀ကျော် တင်ပို့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း နနွင်း ၃၁၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့သာတင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နနွင်း၂၄၆ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၇၁ တန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်က နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဝန်းကျင်ရရှိခဲ့ပြီး ယခုတစ်ပတ်မှာ နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၂၀ ဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။ နနွင်းတင်ပို့မှုမှအမေရိကန်ဒေါ်လာ ၂၃၄၉၇၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်းသိရသည်။ **သီတာဝင်း(DOT)**

## မန်ကျည်း

# နယ်အဝယ်ဆက်ရှိနေသည့် ပြည်မန်ကျည်းသီးမှည့်

ပြည်ဈေးကွက်သို့ မန်ကျည်းသီးမှည့်များရခိုင်နှင့် ရန်ကုန်သို့ အနည်းငယ်စီတင်ပို့နေရပြီး မန်ကျည်းမှည့်ဈေးမှာ ငြိမ်လျက်ရှိနေသည်။ ဒေသတွင်း မန်ကျည်းမှည့်သုံးသည့် စီးပွားရေးသမားလောက်သာ ရောင်းချရပြီး စားသုံးသူများမှာ အသီးအရွက် အချဉ်ခတ်ကိုသာ အသုံးပြုခြင်းကြောင့် လက်လီအရောင်းအဝယ်အေးနေသည်။ ယခုတစ်ပတ် မန်ကျည်းမှည့်ပွဲရုံဈေးတစ်ပိဿာကျပ် ၁၉၅၀ နှင့် ဒေသတွင်းလက်လီတစ်ပိဿာဈေး ကျပ် ၂၄၀၀ တို့ဖြင့် ရောင်းဝယ်နေကြသည်။

**နီနီဝင်း(ပြည်)**

# မန်ကျည်းတင်ပို့မှု တဖြည်းဖြည်းအားလျော့လာ

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့သာတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၇၈ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၅၃ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ မန်ကျည်းတစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၁၇၀ ဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က မန်ကျည်းတစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၅၀ ဝန်းကျင်သာရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ မန်ကျည်းဈေးအနည်းငယ်မြင့်ခဲ့ကြောင်း သိရသည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၅၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။ **သီတာဝင်း(DOT)**

# တရုတ်နိုင်ငံ၏သကြားတင်သွင်းမှုနှင့် သက်ဆိုင်သော မူဝါဒ









မေဖြိုးသူ (နှစ်နိုင်ငံ)

ကုန်သွယ်မှုပြုရာတွင် မိမိနိုင်ငံ၏စိုက်ပျိုးထုတ်လုပ်မှုကို အခြေခံ၍ ပြည်ပဈေးကွက်ရှာဖွေရသလို ပြည်ပဈေးကွက်အရ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုများကိုလည်း ပြောင်းလဲဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ မိမိတို့ရည်မှန်းထားသောဈေးကွက်များအတွက် ဈေးကွက်ရှိသော နိုင်ငံရဲ့ကုန်သွယ်မှုမူဝါဒများကိုလည်း သိရှိထားရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုများပြုရာတွင် တရုတ်နိုင်ငံဟာ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့အတွက် တရုတ်နိုင်ငံရဲ့ ကုန်သွယ်မှုမူဝါဒများအနက် သကြားတင်သွင်းမှု မူဝါဒများကို လေ့လာကြည့်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) က ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် (၇၈) တွင် သကြား Quota ခွင့်ပြုမှုပမာဏ၊ လျှောက်လွှာတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းစုအမျိုးအစား၊ လျှောက်လွှာတင်သွင်းမည့်သူ၏အခြေခံ လိုအပ်ချက်၊ စာရွက်စာတမ်းလိုအပ်ချက်၊ Quota ခွဲဝေသတ်မှတ်မှုနှင့် လျှောက်လွှာတင်သွင်းရန်ကာလ သတ်မှတ်ချက်အစရှိသည့် အကြောင်းအရာများ ဖော်ပြထားသည်ကို လေ့လာ တွေ့ရှိရပါတယ်။

တရုတ်နိုင်ငံရဲ့ ၂၀၁၉ ခုနှစ်အတွက် သကြားတင်သွင်းမှု Quota စုစုပေါင်းပမာဏမှာ တန်ချိန် ၁၉၄ ဒသမ ၅ သောင်းဖြစ်ပြီး ၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းမှာ နိုင်ငံပိုင်ကုန်သွယ်မှုလုပ်ငန်းများအတွက် ဖြစ်ပါတယ်။ လျှောက်လွှာတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းစု အမျိုးအစားမှာ နိုင်ငံပိုင်ကုန်သွယ်မှု လုပ်ငန်းစုဖြစ်ကာ နိုင်ငံအဆင့် လုပ်ဆောင်နိုင်သည့် ဗဟိုစီးပွားရေးလုပ်ငန်းစုဖြစ်ရမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်တွင် သကြား Quota နှင့် တင်သွင်းခဲ့ဖူး (ကိုယ်စားလှယ်ဖြင့်တင်သွင်းမှုမပါဝင်)သည့် လုပ်ငန်းစုဖြစ်ရမှာဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ သကြားကြိမ်း (တန်ချိန် ၆၀၀ ကျော်နှင့်အထက်) သို့မဟုတ် နှစ်စဉ်သကြားရောင်းချမှုပမာဏ (ယွမ် ၄၅၀ မီလီယံနှင့်အထက်) ရှိသည့် သကြားထုတ်လုပ်သည့် လုပ်ငန်းစုဖြစ်ရမည်ဖြစ်သည့်အပြင် အဆိုပါသကြားများကို အသုံးပြုကာ ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းစုဖြစ်ရမှာဖြစ်ပါတယ်။

လျှောက်လွှာတင်သွင်းမည့်သူ၏အခြေခံလိုအပ်ချက်များမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မတိုင်မီ တရုတ်နိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမှာဖြစ်ပြီး ပြစ်မှုကင်းရှင်းကြောင်း မှတ်တမ်းရှိရမည်ဖြစ်ပါတယ်။ နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် စက်မှုလုပ်ငန်းဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်ချက်ကတ်တလောက် (Guidance Catalogue for Industrial Structure Adjustment) တို့နှင့် ဆက်စပ်သည့် သတ်မှတ်လုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး လယ်ယာထွက်ကုန်များအတွက် သွင်းကုန် Quota စီမံခန့်ခွဲခြင်းဆိုင်ရာ ကြားဖြတ်အစီအမံ (Interim Measures for the Administration of Import Tariff Quota for Agricultural Products) နှင့် ၂၀၁၈ ခုနှစ်အတွက် သကြားတင်သွင်းမှု Quota သတ်မှတ်ချက် ပမာဏ လျှောက်လွှာတင်သွင်းမှုနှင့် Quota ခွဲဝေသတ်မှတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်တို့အပေါ် ချိုးဖောက်မှုများမရှိရန် လိုအပ်ပါတယ်။

လိုအပ်သောစာရွက်စာတမ်းများအနေဖြင့် လယ်ယာထွက်ကုန်များအတွက် သွင်းကုန် Quota လျှောက်လွှာအစီရင်ခံစာ၊ လျှောက်လွှာပုံစံ၊ လုပ်ငန်းလိုင်စင် မိတ္တူ၊ General Trade Quota လျှောက်ထားမှုများအတွက် ၂၀၁၇ ခုနှစ် ကုမ္ပဏီလုပ်ငန်းစု၏ သကြားရောင်းချမှု VAT Invoice မိတ္တူနှင့် စားသောက်ကုန်ထုတ်လုပ်မှုလိုင်စင်၊ အစားအစာထုတ်လုပ်မှုလိုင်စင်၊ မူရင်း သကြားထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစုများအတွက် အဓိကတာဝန်ယူသည့်ဌာနမှ အဆိုပါလုပ်ငန်းအတွက် ခွင့်ပြုမိန့်မိတ္တူတို့ လိုအပ်မှာဖြစ်ပါတယ်။

စုစုပေါင်း Quota ပမာဏနှင့်ကိုက်ညီသည့် လျှောက်လွှာများအား Quota ခွဲဝေပေးမည်ဖြစ်ပြီး စုစုပေါင်းပမာဏနှင့် ကိုက်ညီမှုမရှိသော်လည်း ယခင်တင်သွင်းခဲ့ဖူးသည့် အထောက်အထားရှိပါက ဦးစားပေး Quota ရရှိမည်ဖြစ်ပါတယ်။ လျှောက်လွှာတင်သွင်းသူ၏ ပြီးခဲ့သည့်နှစ် တင်သွင်းမှုအခြေအနေ၊ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ရောင်းချမှုပမာဏနှင့် အခြားစီးပွားရေးလုပ်ငန်း အဆင့်အတန်းများအရ Quota ခွဲဝေသတ်မှတ်သွားမည်ဖြစ်ပါတယ်။

လျှောက်လွှာတင်သွင်းသူအနေဖြင့် ၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၃၁ ရက်အထိ မိမိကုမ္ပဏီလုပ်ငန်းစုတည်နေရာဒေသတွင်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အာဏာအပ်နှင်းခြင်းခံရသည့်အဖွဲ့အစည်းသို့ လျှောက်လွှာတင်သွင်း လျှောက်ထားရမှာ ဖြစ်ပြီး လျှောက်လွှာပုံစံအား တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website တွင် ရယူနိုင်ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မတိုင်ခင် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သကြားတင်သွင်းမှု Quota ပမာဏကို ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ (ယခင် ထုတ်ပြန်ခဲ့တဲ့ မူဝါဒများကို လေ့လာခြင်းဖြစ်ပါတယ်)

ထို့ပြင် လယ်ယာထွက်ကုန်များအတွက် သွင်းကုန် Quota ထောက်ခံချက်လက်မှတ် (Import Tariff Quota Certificate for Agricultural Products) အား အတုပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်ရောင်းဝယ်မှုများပြုလုပ်ကြောင်းတွေ့ရှိရပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဥပဒေများအတိုင်း စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတင်းအချက်အလက်မမှန်မကန် ဖြည့်သွင်းရေးသား၍ သွင်းကုန် Quota ထောက်ခံချက်လက်မှတ် (Import Tariff Quota Certificate) အား လိမ်လည်ရယူပါက နှစ်နှစ်အတွင်း လျှောက်လွှာတင်သွင်းလျှောက်ထားမှုကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

၂၀၁၉ ခုနှစ်၊ မတ် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် USDA Foreign Agricultural Service Gain Report အရ ဘရာဇီးနိုင်ငံ၏ ကြီးမားသော သကြားတင်သွင်းမှုများကြောင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှု ၄ ဒသမ ၃ မီလီယံမက်ထရစ် တန်ရှိမည်ဟု ခန့်မှန်းထားပြီး အဆိုပါခန့်မှန်းချက်သည် ပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉-၂၀၂၀ ခုနှစ်တွင်လည်း သကြားတင်သွင်းမှုမှာ ၄ ဒသမ ၃ မီလီယံမက်ထရစ်တန်အထိ ရောက်ရှိမည်ဟု ဆက်လက်ခန့်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံ၏ ပုံမှန်သကြားတင်သွင်းမှုမှာ ဈေးကွက်ဘဏ္ဍာနှစ်တစ်ခု၏ ပထမ ခြောက်လလောက်တွင် ၂၀ ရာခိုင်နှုန်းနီးပါး တိုးလာခဲ့လေ့ရှိသော်လည်း တရားမဝင်တင်သွင်းမှုများကို ဖယ်လိုက်ပါက ထိုတိုးမြင့်လာမှုသည် တစ်စိတ်တစ်ပိုင်းအနေဖြင့် လျော့ကျသွားသည်ကို တွေ့ရှိရပါတယ်။

USDA Foreign Agricultural Service Gain Report တွင် ဖော်ပြထားသည့် တရုတ်နိုင်ငံ၏ ပုံမှန်သကြားတင်သွင်းမှုဇယား (Chinese formal sugar imports chart) အရ ၂၀၁၅-၂၀၁၆ ဈေးကွက်ဘဏ္ဍာနှစ်တွင် ဘရာဇီးနိုင်ငံ၏ သကြားတင်ပို့မှုသည် ၁ ဒသမ ၁ မီလီယံမက်ထရစ်တန်ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဈေးကွက်ဘဏ္ဍာနှစ်တွင် တစ်မီလီယံမက်ထရစ်တန်အောက် လျော့နည်းခဲ့သည့်အပြင် ၂၀၁၇-၂၀၁၈ ဈေးကွက်ဘဏ္ဍာနှစ်တွင် သုညဒသမ ၁ မီလီယံမက်ထရစ်တန်အထိ လျော့ကျခဲ့ပါတယ်။ သို့သော် ၂၀၁၈-၂၀၁၉ ဈေးကွက်ဘဏ္ဍာနှစ်တွင် ဘရာဇီးနိုင်ငံ၏ တရုတ်သို့ သကြားတင်ပို့မှုသည် ပြန်လည်ဦးမော့လာခဲ့ပြီး သုညဒသမ ၇၅ မီလီယံမက်ထရစ်တန် တင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် Quota ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော သကြားများအပေါ် အကောက်ခွန်နှုန်း ၁၅ ရာခိုင်နှုန်း ကောက်ခံပြီး Quota ခွင့်ပြုချက်မပါရှိသော သကြားများ တင်သွင်းမှုအပေါ် ပုံမှန်အကောက်ခွန်နှုန်းမှာ ၅၀ ရာခိုင်နှုန်းဖြစ် သော်လည်း ၂၀၁၇ ခုနှစ် မေ ၂၂ ရက်မှစ၍ ပြည်တွင်းလုပ်ငန်းများကို အကာအကွယ်ပေးရန်ရည်ရွယ်၍ သကြားတင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းအား ၉၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်မှ ၂၀၁၉ ခုနှစ် မေ ၂၁ ရက်အတွင်းတွင် ၉၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် မေ ၂၂ ရက်မှ ၂၀၂၀ ခုနှစ် မေ ၂၁ ရက်အတွင်းတွင် ၈၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ကောက်ခံသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မူလအစတွင် တရုတ်နိုင်ငံမှ ကျင့်သုံးခဲ့သည့် Safeguard Measaure အရ တရုတ်နိုင်ငံ၌ ဈေးကွက်ဝေစု ၃ ရာခိုင်နှုန်းအောက် လျော့နည်းသည့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ တရုတ်နိုင်ငံသို့ တင်သွင်းသောသကြားများသည် ထပ်တိုးအကောက်ခွန်နှုန်းများမှ ကင်းလွတ်ခွင့်ရှိပြီး Quota ပြင်ပတင်ပို့ပါက အခွန် ၅၀ ရာခိုင်နှုန်းသာ ပေးဆောင်ရပါတယ်။ ထိုကင်းလွတ်မှုကြောင့် ဘရာဇီးနိုင်ငံမှ သကြားတင်သွင်းမှုများ သိသိသာသာလျော့ကျခဲ့ရပြီး သကြားအနည်းငယ် သာတင်သွင်းသည့်နိုင်ငံအများအပြားမှ သကြားတင်သွင်းမှုများ မြင့်တက်လာခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ သို့သော် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံမှ Safeguard Measaure ကို ပြင်ဆင်ခဲ့ပြီး ထပ်တိုးအကောက်ခွန်နှုန်းများမှ ကင်းလွတ်ခွင့်အား ရပ်ဆိုင်းခဲ့သည့်အတွက် ဘရာဇီးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ သကြားအကြီးမားဆုံးတင်သွင်းသူနေရာတွင် ပြန်လည် ရပ်တည်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၀ သို့

## ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း တန်ချိန် ၉၀၀၀၀ နီးပါးဝင်

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၉၄၉၅၁၂ တန်ဖိုးရှိ ဒီဇယ် ၆၀၁၃၃ ဒသမ ၀၁ တန်နှင့် အမေရိကန်ဒေါ်လာ ၁၄၈၁၅၄၆၂ တန်ဖိုးရှိဓာတ်ဆီ ၂၈၃၅၄ ဒသမ ၃၀ တန်၊ စုစုပေါင်း ၈၈၄၈၇ ဒသမ ၃၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ် ၆၁၇၉၆ ဒသမ ၈၆ တန် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၆၆၃ ဒသမ ၈၅ တန် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီ ၃၃၄၀၄ ဒသမ ၆၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၅၀၅၀ ဒသမ ၃၄ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့သည်။ နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၆၁၄၅ တန်ဖိုးရှိ ဓာတ်ဆီ ၃၆၇ ဒသမ ၁၂ တန်နှင့် အမေရိကန်ဒေါ်လာ ၂၁၃၁၆၃ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ **သီတာဝင်း**(DOT)

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်ခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ပြီး ဈေးငြိမ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇူလိုင်လ တတိယပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၃ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၁၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ရွှေဈေးမှာအမြင့်ဆုံးသို့ရောက်ရှိနေပြီး လူကြိုက်များနေခြင်းကြောင့် အမေရိကန်ဒေါ်လာမှာ အရောင်းအဝယ်နည်းနေကြောင်း၊ သို့ရာတွင် ဥရောပဗဟိုဘဏ်က အတိုးနှုန်းကို ပုံမှန်အတိုင်းသာထားရှိရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာမှာ အားကောင်းလာပြီး အာရှငွေကြေးအများစုမှာအားပျော့လာခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်းအလုပ်အကိုင်ကဏ္ဍအချက်အလက်များမှာလည်း ကောင်းမွန်နေမှုကြောင့် အမေရိကန်ဒေါ်လာမှာ မြင့်တက်လာဖွယ်ရှိနေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင်၂၂ရက်ကအမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၀၈ကျပ်၊ဝယ်ဈေး ၁၅၀၄ ကျပ်မှ ဇူလိုင်၂၄ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၂ကျပ်၊ ဝယ်ဈေး ၁၅၀၈ကျပ်သို့ဈေးမြင့်ခဲ့သော် လည်း ဇူလိုင် ၂၆ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၀ကျပ်၊ ဝယ်ဈေး ၁၅၀၆ကျပ်ဖြင့် ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

**July 26, 2019**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.44 |
| BDT Bangladesh Taka | 84.43 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.88 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.81 |
| I NR India Rupees | 69.05 |
| I DR Indonesia Rupiahs | 13997.81 |
| JPY Japan Yen | 108.63 |
| MYR Malaysia | 4.12 |
| PKR Pakistan Rupees | 161.05 |
| PHP Philippines Pesos | 51.13 |
| RUB Russia Rubles | 63.14 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1184.75 |
| LKR Sri Lanka Rupe | 176.19 |
| THB Thailand Baht | 30.96 |
| GBP United Kingdom Pounds | 0.80 |
| VND VietnamDon | 23208.37 |

*Source:xe.com*

## တမူးကွမ်းသီးဈေးကွက် အရောင်းအဝယ်မဖြစ်

တမူးကွမ်းသီးဈေးကွက်အခြေအနေမှာလက်ရှိအခြေအနေတွင် အရောင်းအဝယ်မဖြစ်ကြောင်း တမူးနယ်စပ်ကုန်သည်တစ်ဦးထံမှသိရသည်။

အိန္ဒိယဘက်သို့ ကွမ်းသီး တင်ပို့နေသည့်လမ်းကြောင်းပိတ်ထားခြင်း၊ကွမ်းသီးကို တမူးဘက်မှ တရားဝင်တင်ပို့သော်လည်း အိန္ဒိယဘက်မှ အခွန်များ၍မှောင်ခိုတင်ပို့သကဲ့သို့ဖြစ်ကာ အဖမ်းအဆီးများခြင်းတို့ကြောင့် အရောင်းအဝယ်မကောင်းကြောင်းသိရသည်။ ကွမ်းသီးကိုမြိတ်၊ ဘုတ်ပြင်း၊ ရန်ကုန်၊မော်လမြိုင်စသည့်တို့ဘက်မှ ဝယ်ယူတင်ပို့ပါသည်။ ကွမ်းသီးဈေးနှုန်းမှာ ရူပီး ၅၀မှ ၁၈၀ ကြားရှိပြီး အမျိုးအစား၊ အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိကြောင်းနှင့် အရောင်းအဝယ်မဖြစ်သည်မှာ နှစ်လခွဲခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**နှင်းပန်းဖြူ (ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## ပြည်တွင်းရွှေ အမြင့်ဈေးဖြင့်သာ ရောင်းဝယ်ခဲ့

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုတစ်ပတ်တွင်လည်းဈေးမြင့်နေခဲ့ပြီး နိုင်ငံတကာရွှေဈေးမှာ အနည်းငယ်ကျဆင်းခဲ့ သည်။ ဇူလိုင်လတတိယပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၀၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၁၄၇၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ဈေးကွက်ထဲ အရောင်းအဝယ်သိပ်မရှိပေမယ့် ရွှေရှားနေတာကြောင့် ဈေးမာနေတယ်။ မိုးတွင်းကာလဖြစ်လို့ ရွှေတွင်းထုတ်လုပ်ရေးတွေနားနေတာကြောင့် ဈေးကွက်ထဲရွှေအဝင်နည်းနေပြီး အိမ်နီးချင်းနိုင်ငံတွေမှာလည်း ရွှေဈေးက မြင့်တက်နေပါတယ်။ နိုင်ငံတကာရွှေဈေးကလည်း တစ်အောင်စကို အမေရိကန်ဒေါ်လာ၁၄၀၀ ဝန်းကျင်နားထိပြန်သွားဖို့ ကြိုးစားနေပုံရတယ်။ မြန်မာ့ရွှေဈေးကတော့ ကျပ် ၁၁၄၀၀၀၀ နားအထိ အလွန်ဆုံးပဲ ကျနိုင်တယ်။ ကျပ် ၁၁၅၀၀၀၀ကျော်ဖို့လည်းမဖြစ်နိုင်သေးပါဘူး။ လက်ရှိကာလက စောင့်ကြည့်အခြေအနေမျိုး ဖြစ်နေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၂၂ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၉၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၂၄ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၈၀၀၀သို့ကျဆင်းခဲ့သလို ဇူလိုင် ၂၆ရက်တွင် ကျပ်၁၁၄၇၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ဇူလိုင် ၂၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၆ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၂၄ ရက်တွင်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၅ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၁၈ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **သန်းထိုက်အောင်**

## World Gold Price

**July- 2019** (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1433 | 1430 | 1430 |
| 23 | 1421 | 1420 | 1420 |
| 24 | 1424 | 1421 | 1423 |
| 25 | 1427 | 1426 | 1425 |
| 26 | 1419 | 1417 | 1418 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-7- 2019 | 1148.50 | 1148.00 |
| 23-7- 2019 | 1144.00 | 1143.50 |
| 24-7- 2019 | 1147.50 | 1148.00 |
| 25-7- 2019 | 1148.00 | 1148.00 |
| 26-7- 2019 | 1145.00 | 1145.00 |

## သာယာဝတီခရိုင်အတွင်း ဆန်/စပါးဈေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ဆန်/စပါးဈေးကွက်တွင် ဇွန်လနောက်ဆုံးသီတင်းပတ်မှစတင်၍ စပါးဈေးနှုန်းများ အနည်းငယ် မြင့်တက်လာခဲ့သည်။ မိုးစပါးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင် အနိမ့်ဆုံးကျပ် ၅၂၄၄၀၀ ခန့်မှ အမြင့်ဆုံးကျပ် ၅၄၂၈၀၀ ခန့်အထိရှိသည်။ နွေစပါးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင် အနိမ့်ဆုံးကျပ် ၄၁၄၀၀၀ ခန့်မှ အမြင့်ဆုံးကျပ် ၄၄၁၆၀၀ ခန့်ထိရှိပြီး ယခုလ ဇူလိုင်လသီတင်းပတ်အတွင်း မိုးစပါးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၅၅၂၀၀၀ ခန့်အထိ မြင့်တက်ပြီး နွေစပါးမှာ ကျပ် ၄၆၉၂၀၀ ခန့်အထိ ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရသည်။

ဆန်ဈေးနှုန်းများမှာလည်း တစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၂၂၀၀၀ ခန့်မှ ၂၃၀၀၀ ခန့်အထိလည်းကောင်း၊ နွေဆန်မှာတစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၁၆၅၀၀ ခန့်မှ ၁၇၀၀၀ ခန့်အထိ မြင့်တက်လာသည်ကို တွေ့ရသည်။ ထိုသို့ဆန်ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ စပါးဟောင်းလက်ကျန်များ နည်းပါးလာခြင်းကြောင့်ဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ဆန်/စပါးဈေးကွက်လေ့လာမှုအရ သိရှိရသည်။ **ဝေဝေဖြိုး(သာယာဝတီ)**

## အရင်းအနှီးဈေးကွက်ဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန်စတော့အိပ်ချိန်းက ကြီးမှူး၍ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်အကြောင်း၊ စာရင်းဝင်ကုမ္ပဏီအကြောင်း၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများကို ကျွမ်းကျင်ပညာရှင်များက သင်ကြားပေးမည့် တစ်လတာ သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သင်တန်းကို ဩဂုတ် ၁၀ရက်မှ စက်တင်ဘာ ၇ရက်အထိ ရန်ကုန်စတော့အိတ်ချိန်း ဆေးနွေးပွဲခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးအဖြစ် ကျပ်သုံးသောင်း သတ်မှတ်ထားကြောင်း သိရသည်။

လူဦးရေကန့်သတ်ထားပြီး သင်တန်းသား ၆၀အထိသာ လက်ခံမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊အွန်လိုင်း Booking System ဖြင့်သော်လည်းကောင်း ဩဂုတ် ၈ရက်ထက် နောက်မကျဘဲ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၃၇၁၂၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းခြင်းဖြင့် လည်းကောင်း၊ Fcaebook Messengerကသော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Groupတို့ပူးပေါင်းတည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့ အိတ်ချိန်းတွင် FMI, MTSH, MCB, FPBနှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ **သန်းထိုက်အောင်**

## Energy NYMEX 26-7-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.26 | 0.24 | 0.43 |
| Brent Crude Futr (USD/bbl) | 63.54 | 0.15 | 0.24 |
| Gasoline Rbob Fut (Cent/gal) | 188.72 | 0.69 | 0.37 |
| Natural Gas Futr (USD/MMBtu) | 2.23 | -0.01 | -0.58 |
| Heating Oil Futr (Cent/gal) | 191.55 | 0.12 | 0.06 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22-July | 16.36 | 2419.33 | 1823.59 | 6053.73 | 849.00 |
| 23-July | 16.20 | 2427.04 | 1795.82 | 6002.37 | 843.00 |
| 24-July | 16.46 | 2425.94 | 1798.91 | 5966.89 | 857.00 |
| 25-July | 16.48 | 2438.51 | 1797.36 | 5972.84 | 879.00 |
| 26-July | 16.35 | 2424.18 | 1792.29 | 5987.83 | 864.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6.87 | 30.85 | 84.48 | 69.01 |
| 23 | 6.88 | 30.92 | 84.59 | 69.00 |
| 24 | 6.88 | 30.92 | 84.64 | 69.02 |
| 25 | 6.87 | 30.89 | 84.56 | 68.99 |
| 26 | 6.88 | 30.96 | 84.43 | 69.05 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ကျော်ဝင်

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၂၃၈၈၅ တန်ဖိုးရှိ ဘိလပ်မြေ ၂၃၈၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၅၀ နှင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၃၇၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၅၃၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၃၃၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၂၃၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၅၅၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၃၁၀ ကျော် အဝင်လျော့ခဲ့သည်။ထို့ကြောင့် ယခုတစ်ပတ်မှာရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခု တစ်ပတ်အပါချီကကျပ် ၃၀၀၊ ကြံ့က ကျပ် ၂၀၀ဈေးကျခဲ့ပြီး ဘလူးဒိုင်းမွန်းက ဈေးနည်းနည်းမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ ကြံ့ဘိလပ်မြေက လူကြိုက်များပြီး အဝယ်လိုက်ကြောင်းသိရသည်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၆၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်တော်တော်ပါးကြောင်း သိရသည်။ ယခင်တစ်ပတ်က ဘိလပ်မြေများက ဈေးကျလာသော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်း သိရသည်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ် ၆၇၀၀၊ ဆင်(ထိုင်း)ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၅၇၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။အရောင်းအဝယ်ကောင်းသော်လည်း ဘိလပ်မြေဈေးများ အပြောင်းအလဲမရှိငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၁၀၀၊ ခရောင်းကျပ် ၅၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်တော်တော်အေးနေကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဈေးကျလာသော်လည်း ယခုတစ်ပတ်မှာဘိလပ်မြေများက ဈေးငြိမ်နေကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်လျော့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၁၀၇၂၈ တန်ဖိုးရှိမြေသြဇာ ၈၄၀၇ ဒသမ ၇၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၇၇၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၁၃၄၀ ဒသမ ၉၈ တန်၊ ဂျာမနီနိုင်ငံမှ ၇၂၉ တန်၊ ရုရှားနိုင်ငံမှ ၂၂၂၈ ဒသမ ၅ တန်၊ ထိုင်းနိုင်ငံမှ ၁၁၉၉ ဒသမ ၂၆ တန်၊ ယူကေနိုင်ငံမှ၁၀၄၀ တန်နှင့်ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၆၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ရုရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တင်သွင်းခဲ့သည့် အမျိုးအစားများမှာ ပိုတက်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ဖော့စဖိတ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၂၀း၂၀း၁၀)၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ဓာတ်ဆားနှင့် မြေသြဇာအမှုန့်တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၄၈၃၀ ကျော်ဝင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၄၂၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။

# တောင်ကြီးမြေသြဇာဈေးကွက် အရောင်းအေး

တောင်ကြီးမြေသြဇာဈေးကွက်တွင် ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၃၄၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၇၁၂၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၃၆၅၀ ကျော် အဝင်လျော့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေး၊ မန္တလေးနှင့် မော်လမြိုင်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် မြွားကမ္ဘာ(၁၂း၁၃)၊ ဆင်(၁၀း၁၀း၅)၊ သီးစုံ(ဝါစိမ်းပြာ)၊ အာမို (၁၅) ပတ်လည်၊ အာမို(၁၆း၁၆း၈)၊ တောင်သူမနှင့်တက်တိုးတို့က ကျပ် ၂၀၀၊ အာမို (၁၀း၁၀း၅)က ကျပ် ၁၀၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး၊ရွှေတောင်-တရုတ်)က ကျပ် ၈၀၀ ဈေးကျပြီး တီစူပါက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ကာကျန်မြေသြဇာများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၈၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၆၀၀၊သီးစုံ(ဝါစိမ်းပြာ)ကျပ်၁၈၈၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၀၀၀၊ တီစူပါက ကျပ် ၂၆၃၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀၊ တက်တိုးကျပ် ၂၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** မြေသြဇာအရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ မြေသြဇာဈေးများ ဆက်တိုက်ကျဆင်းလာသောလည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၃၅၀၀၊ မြွားသီးစုံ ကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက် ကျပ် ၂၇၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း စိုက်ပျိုးရေးအရောင်းဆိုင်က တာဝန်ရှိသူတစ်ဦးပြောကြားချက်အရ သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၂၀၀နီးပါးနှင့်နို့မှုန့် ခြောက်တန်ကျော်သာဝင်

ဇူလိုင် ၁၄ ရက်မှ ၁၃ ရက်အတွင်း အမေရိကန်ဒေါ်လာ၁၇၅၀၁၇ တန်ဖိုးရှိ နို့ဆီ ၁၇၃ ဒသမ ၆၂၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှသာတင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်မှာ Hawk ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၀၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၁၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၁၉၂၀၀ တန်ဖိုးရှိ နို့မှုန့် ၆ ဒသမ ၄၀ တန်ကိုလည်း တင်သွင်းခဲ့သည်။ ယခုတစ်ပတ် သြစတြေးလျနိုင်ငံမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၇၈ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ကျော်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်လျော့နည်းခဲ့သည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ်၂၉၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅) ကျပ် ၄၈၀၀၀၊ မြန်မာ့သြဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း(၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ကျပ်၄၇၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ ပိုတက် (မြန်မာ့သြဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ(၁၂း၁၃) (မြွားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၃၀၀၀၊ ကွန်ပေါင်း(၄၆%)(စံပြ) ကျပ် ၄၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၇ မှ ၁၉/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၇ မှ ၁၂/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂.၇၅ | ၃၀.၇၅ | (+) | ၂.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၂၀.၀၀ | (-) | ၂၀.၀၀ |
| ၅။ | တာချီလိတ် | ၁၃၀၀.၀၀ | ၅၀၀၀.၀၀ | (-) | ၃၇၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၂၈၅၀.၀၀ | ၁၅၀၀.၀၀ | (+) | ၁၃၅၀.၀၀ |
| | စုစုပေါင်း | ၄၂၃၂.၇၅ | ၆၅၅၀.၇၅ | (-) | ၂၃၁၈.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၇ မှ ၁၉/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၇ မှ ၁၂/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၀၀.၉၅ | ၆၄၆၁.၉၂ | (-) | ၃၇၆၀.၉၇ |
| ၂။ | လွယ်ဂျယ် | ၄၀၁.၀၀ | ၁၀၃၂.၅၀ | (-) | ၆၃၁.၅၀ |
| ၃။ | ချင်းရွှေဟော် | ၇၅၂၉.၅၅ | ၇၉၃၀.၁၅ | (-) | ၃၈၀.၆၀ |
| ၄။ | ကန်ပိုက်တီ | ၂၂၄၃.၀၀ | ၁၂၀.၀၀ | (+) | ၂၁၂၃.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၆၀၀.၀၀ | ၁၆၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၃၄၇၄.၅၀ | ၁၇၁၂၄.၅၇ | (-) | ၃၆၅၀.၀၇ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ကျော့မင်းကျေးရွာဒေသထွက်ကုန် ဂျုံရိုးဦးထုပ်လုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ကျော့မင်းကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဂျုံရိုးဦးထုပ်လုပ်ငန်းမှာအသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအဖြစ် ကျေးရွာတစ်ရွာလုံးနီးပါး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဂျုံရိုးဦးထုပ်ပြုလုပ်ရာတွင် ဂျုံရိုးလေးများကို အဆစ်ဖြုတ်ရွေးချယ်ခြင်း၊ ရေစိမ်ခြင်း(ဂျုံရိုးကျစ်ရာတွင် မကျိုးကြေစေရန်)၊ ဂျုံရိုးကျစ်ခြင်း၊ အနားဖြတ်ခြင်း၊ ဝါကြိတ်စက်ဖြင့် ပြန့်ပြူးစေရန်ကြိတ်ခြင်း၊ စက်ချုပ်စက်ဖြင့် ပုံဖော်ချုပ်လုပ်ခြင်း၊ အရောင်ချွတ်ခြင်း၊ နေလှန်းအခြောက်ခံခြင်း၊ ရိုက်သီးရိုက်ပန်းဆွဲပန်းကပ်ဟူ၍ အဆင့်(၉)ဆင့်ဖြင့် ပြုလုပ်ဆောင်ရွက်နေသည်။

ထုတ်လုပ်မှုကုန်ကျစရိတ် အကျိုးအမြတ်အနေဖြင့် ဦးထုပ် ၁၅ လုံးလျှင် ဂျုံရိုးကုန်ကြမ်းကျပ်၉၀၀၀၊ ကျစ်ခ ကျပ် ၉၀၀၀၊ စက်ချုပ်ခကျပ် ၁၅၀၀ဆေးဆိုးအရောင်ချွတ် ပန်းဆွဲ ပန်းကပ် ကျပ် ၅၃၀၀ စုစုပေါင်းကျပ် ၂၄၈၀၀ကုန်ကျမည်ဖြစ်ပြီး ပျမ်းမျှဦးထုပ်တစ်လုံးကျပ် ၂၅၀၀ နှုန်းဖြင့် ကျပ် ၃၇၅၀၀ ရရှိမည်ဖြစ်ပြီးအသားတင်ကျပ်၁၂၇၀၀ ရရှိသည်။

ဦးထုပ် ၁၅ လုံးပြုလုပ်ရာတွင် သုံးရက်ခန့်ကြာမြင့်ပြီး ဦးထုပ်တစ်လုံး၏တန်ဖိုးမှာ ပုံသဏ္ဌာန်အရွယ်အစား ချုပ်လုပ်မှုလက်ရာ၊ ပန်းဆွဲပန်းကပ်၊ ဒီဇိုင်းပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲသွားနိုင်ကြောင်း၊ ဂျုံသီးနှံသည် အခြားသီးနှံမြေပဲ၊ နှမ်းသီးနှံတို့ဖြင့် နှိုင်းယှဉ်လျှင် ဂျုံသီးနှံဈေးမရှိသော်လည်း ဂျုံရိုးကိုလိုချင်သောကြောင့် ဂျုံသီးနှံကိုစိုက်ပျိုးနေရကြောင်း၊ သီးနှံတစ်တင်းလျှင် ကျပ်၂၀၀၀၀ - ၂၅၀၀၀ ဈေးဆိုလျှင် ဂျုံစိုက်တောင်သူများ ယခုထက်ပိုမိုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းအနေဖြင့် အကျိုးအမြတ်နည်းပါးသော်လည်း မိသားစုအလုပ်အကိုင်ရရှိခြင်း၊ ဖြန့်ဖြူးရာဈေးကွက်ကိုအခြေခံ၍ထုတ်လုပ်ခြင်း၊ မိရိုးဖလာလက်မှုပညာမတိမ်ကောမပပျောက်စေရန် ထိန်းသိမ်းခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ခြင်း၊ ဂျုံရိုး(နွားစာ)အား တန်ဖိုးမြှင့်ထုတ်ကုန်(Value Added)ပြုလုပ်ရောင်းချခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်လျက်ရှိကြောင်း ဦးသန်းစိုးဝင်း(ဂျုံရိုးဦးထုပ်လုပ်ငန်းရှင်)ထံမှ သိရသည်။ **အောင်လင်း(မြင်းမူ)**



# ကျောက်မဲခရိုင်တွင် နာနတ်သီးစိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် ၂၀၁၈ ခုနှစ်၌ နာနတ်သီးစိုက်ဧကမှာ ၂၂၄၃ ဧကရှိပြီး သီပေါမြို့နယ်တွင် စိုက်ပျိုးဧကမှာ ၂၂၃၈ ဧကရှိကြောင်း သိရှိရသည်။ သီပေါမြို့နယ်အတွင်းရှိ ကုန်းသာ၊ မိုင်းလင်း၊ နောင်အန်၊ ပန်ညို၊ ပန်မိတ်၊ နောင်ကော်ကြီး၊ နမ့်ရမ်းကျေးရွာများသည် နာနတ်သီး အများဆုံးစိုက်ပျိုးသောကျေးရွာများဖြစ်သည်။

အဆိုပါကျေးရွာများရှိ နာနတ်သီးစိုက်ပျိုးတောင်သူများပါဝင်သော နာနတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကိုလည်း စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် အသင်းဝင် ၁၂၀ ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရှိရသည်။

နာနတ်သီးသီးနှံမှာတစ်ကြိမ်စိုက်ပျိုးထားပါက အနည်းဆုံးသုံးနှစ်အထိ ခူးဆွတ်နိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ စတင်စိုက်ပျိုးသည့် ပထမနှစ်တွင် စိုက်ပျိုးသည်မှ ဈေးကွက်ရောက်သည့်အထိ ၂၀၁၈ခုနှစ် ကုန်ဈေးနှုန်းအရ ကျပ် ၁၀ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်းသိရှိရသည်။ နာနတ်သီးကို မတ်လနှင့်ဧပြီလများတွင် စိုက်ပျိုး၍ ခူးဆွတ်ကာလမှာ ဇွန်လမှ စက်တင်ဘာလအထိဖြစ်သည်။ တစ်ဧကလျှင် နာနတ်သီးကြီး၊ လတ်၊ သေး အပါအဝင် အလုံးပေါင်း ၄၅၀၀ လုံးခန့်ထွက်ရှိကြောင်း သိရှိရသည်။ သီပေါမှထွက်ရှိသော နာနတ်သီးများအား ပြည်ပနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချပြီး ပြည်တွင်းအနေဖြင့် လားရှိုး၊ မူဆယ်၊ မန္တလေး၊ မုံရွာ၊ နေပြည်တော်၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

နာနတ်သီးစိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့်ယခုနှစ်တွင်ရာသီဥတုဒဏ်ကြောင့် စိုက်ခင်းများရှိ နာနတ်သီးများ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း အဓိက အားထားရသော တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချခွင့်မရှိသောကြောင့် ဈေးကွက်အနေအထားမှာ ယခင်နှစ်များထက်များစွာလျော့နည်းနေ၍ စိုက်ပျိုးတောင်သူများအနေဖြင့် အခက်ကြုံနေကြောင်းသိရှိရသည်။ ယခင်နှစ်များက တရုတ်နိုင်ငံသို့ တင်သွင်းရန် မူဆယ်မြို့အရောက် နာနတ်သီးရှယ်သီးတစ်လုံးလျှင် လက်ကားဈေး အနည်းဆုံးကျပ် ၁၀၀၀ ခန့်ရရှိခဲ့သော်လည်း ယခုနှစ်တွင်ကျပ် ၅၀၀ ခန့်သာရရှိကြောင်း သိရှိရသည်။ နာနတ်သီးများ တရုတ်နိုင်ငံသို့တင်သွင်းရန် ဇွန်၊ ဇူလိုင်လများတွင်သာ ဈေးကောင်းရရှိပြီး တရုတ်နိုင်ငံအတွင်း စိုက်ပျိုးသော နာနတ်သီးများ ခူးဆွတ်ရာသီ ဩဂုတ်၊ စက်တင်ဘာလများရောက်ပါက တရုတ်နိုင်ငံမှ ဝယ်ယူခြင်းမရှိကြောင်းသိရှိရသည်။

သီပေါမြို့မှထွက်သောနာနတ်သီးများအနက် အရွယ်စားကြီးသော ရှယ်သီးများအား လားရှိုးမြို့၊ မူဆယ်မြို့၊ နမ့်ခမ်းမြို့ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း၊ အလတ်နှင့်အသေးများကိုဒေသတွင်းနှင့် ပြည်တွင်းရှိ မြို့နယ်များသို့လည်းကောင်း တင်ပို့ရောင်းချပြီး လက်ကားဈေးအကြီးတစ်လုံးလျှင် ကျပ် ၄၅၀ ပတ်ဝန်းကျင်နှင့် အလတ်အသေးများကို ကျပ် ၂၅၀ ပတ်ဝန်းကျင်ခန့်ရရှိကြောင်း သိရှိရသည်။

သီပေါမြို့နယ်အတွင်း နာနတ်သီးရောင်းဝယ်ရေးပွဲရုံ ခုနစ်ရုံခန့်ရှိပြီး အချို့ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် နာနတ်သီးမခူးဆွတ်ချိန် စိုက်ခင်းအလိုက် ကြိုတင်ဝယ်ယူသူများလည်းရှိကြောင်း သိရှိရသည်။ ကြိုတင်ဝယ်ယူထားသော ရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင် တင်သွင်းရောင်းချခွင့်မရှိ၍ နာနတ်သီးဈေးများကျဆင်းကာ အရှုံးဘက်သို့ဦးတည်နေကြောင်း သိရှိရသည်။ သီပေါမြို့နယ်အတွင်းရှိ နာနတ်သီးရောင်းဝယ်ရေးပွဲရုံများ စုစုပေါင်းမှတစ်ရက်လျှင် ဒေသတွင်းနှင့် ပြည်တွင်းရှိ မြို့နယ်များသို့ နာနတ်သီးအလုံးပေါင်း ၁၂၀၀၀ ခန့်ရောင်းချမှုရှိကြောင်း သိရှိရသည်။

သီပေါမြို့နယ်အတွင်းရှိ နာနတ်သီးစိုက်ပျိုးထုတ်လုပ်သောတောင်သူများနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၏ နာနတ်သီးဈေးကွက် ကုန်စည်စီးဆင်းမှု၊ အကျိုးအမြတ်ရရှိမှုများသည် တရုတ်နိုင်ငံ၏ ဝယ်လိုအားအပေါ်တွင် အဓိကမူတည်လျက်ရှိကြောင်း သိရှိရသည်။ **ခင်မာရီ(သီပေါ)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၇-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၂၀၀ | ၆၂၀၀ | □ | ၆၆၀၀ | ၆၈၀၀ | △ | ၁၇၀၀ | ၁၆၀၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | △ | ၇၂၀၀ | ၇၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | ▽ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၀၀၀ | ၁၀၀၀ | □ |
| မုံရွာ | ၆၈၀၀ | ၆၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၇-၂၀၁၉ US$/Ton

| အမျိုးအစား | ဇူလိုင်ဒုတိယပတ် | ဇူလိုင်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၈၅.၅၀ | ၄၈၆.၅၀ | △ |
| RBD P.Olein | ၄၈၃.၀၀ | ၄၉၃.၅၀ | △ |
| RBD P.Stearin | ၄၆၅.၅၀ | ၄၇၁.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၇-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၃၅.၈၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၄၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၀၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၂ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၇၃.၆၅၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၇-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 540 ဒေါ်လာနှင့် USD ဈေး ၁၅၁၄ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၆-၇-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ဘားအံစျေးကွက်တွင် ဒူးရင်းသီးစျေးမြင့်လာ

ယခုတစ်ပတ် ကရင်ပြည်နယ် ဘားအံစျေးကွက်မှာ ဒူးရင်းသီးအဝင်ပါးသောကြောင့် စျေးမြင့်လာကြောင်း စျေးကွက်မှသိရသည်။ ကရင်ပြည်နယ် ဖာပွန်၊ ကော့ကရိတ်နှင့် သံတောင်ဒေသမှ ဒူးရင်းသီးများ မေလတတိယပတ်တွင် စတင်စျေးကွက်ဝင်လာပြီး ယခုဇူလိုင်လ ဒုတိယပတ်တွင် စျေးကွက်သို့ ဝင်ရောက်မှုနည်းလာကြောင်း စပေါ် ခါစ ဒူးရင်းသီးတစ်လုံးလျှင် ကျပ် ၄၀၀၀ ဖြင့် စျေးဖွင့်ခဲ့ပြီး ယခုရက်ပိုင်းမှာ တစ်လုံး ကျပ် ၆၀၀၀ အထိ စျေးမြင့်လာခဲ့ကာ ဝင်ရောက်သလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စျေးကွက်အတွင်းမှသိရသည်။

ယခင်နှစ်ရာသီဥတုမျှတမှုကြောင့် အထွက်ကောင်းခဲ့သော်လည်း ယခုနှစ်မှာ မိုးများပြီး အသီးအထွက် နည်းသွားကြောင်း၊ ယခင်နှစ် ဒူးရင်းသီးတစ်လုံးကို ကျပ် ၃၀၀၀ မှ ၄၀၀၀ စျေးအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်မှာ အသီးအထွက်ဆုတ်၍စျေးကွက်သို့ အဝင်နည်းသဖြင့် စျေးကောင်းရနေကြောင်းသိရသည်။

**ခင်မောင်မောင်အုန်း (ဖွဲ့ကပင်ကုန်သွယ်မှုဇဟိုဌာန)**

## ဥရောပစျေးကွက်များသို့ မြန်မာ့ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လို

ဥရောပ (EU) စျေးကွက်များသို့ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ပြုပြင်ရေးလုပ်ငန်းများအတွက် လွန်ခဲ့သည့် ငါးနှစ်ခန့်ကပင် ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံများအား EU အဆင့်အတန်းမီ ထုတ်လုပ်နိုင်ရန် ပြုပြင်မှုအစီအစဉ်များရေးဆွဲပေးခြင်း၊ သင်တန်းများပေးခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းရေယာဉ်များ၊ ငါးတင်ငါးချဆိပ်ခံတံတားများအား EU သတ်မှတ်ချက်များနှင့်အညီအညွတ်ဖြစ်စေရန် နည်းလမ်းပေါင်းစုံဖြင့် အကူအညီများပေးအပ်ခဲ့သည်။ နှစ်စဉ် စစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးလျက် သက်တမ်းများ တိုးမြှင့်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ ၁၂၅ ရုံအနက်မှ ၂၅ ရုံအား EU အသိအမှတ်ပြု စက်ရုံများအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ် မေ ၁ ရက်မှစတင်၍ မြန်မာနိုင်ငံက မွေးမြူထုတ်လုပ်လျက်ရှိသည့် ငါး၊ ပုစွန်များအား EU စျေးကွက်များသို့ တရားဝင်တင်ပို့ရောင်းချခွင့်ပြုခဲ့သည်။

ကုန်သွယ်မှုအပိုင်းအနေဖြင့် ယခင်က ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများမှ ကင်းလွတ်ခွင့်ပြုခဲ့ရုံသာမက ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (G.S.P) များကို ရေထွက်ကုန်ပစ္စည်းများအတွက် ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ခံစားခွင့်ပြုခဲ့သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများသည် ဥရောပစျေးကွက်များသို့ တင်ပို့ရောင်းချနိုင်သည့်ထွက်ကုန်များ မွေးမြူထုတ်လုပ်ခြင်း မပြုနိုင်သဖြင့် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၇၂၀ အနက်မှ ငါးရာခိုင်နှုန်းခန့်သာ EU စျေးကွက်များသို့ နှစ်စဉ်တင်ပို့ရောင်းချနိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပိုင် ကြွယ်ဝသန့်ရှင်းသည့် မြေ၊ ရေနှင့်မျှတသည့် ရာသီဥတု သယံဇာတများကို အသုံးပြု၍ ခေတ်မီ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ထူထောင်ကာ ဥရောပစျေးကွက်များသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် လိုအပ်လျက်ရှိသည်။ အဆိုပါလိုအပ်ချက်များကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်း၍ မူဝါဒများ၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်စေခြင်းနည်းလမ်းဖြင့် ရရှိထားသည့်အခွင့်အရေးနှင့် အခွင့်အလမ်းများကို မလွတ်တန်းဆုပ်ကိုင် ဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

**ခိုင်သဥ္ဇာဦး၊မြင့်တင်-ပြည်တွင်း(ရန်ကုန်)**

## MSMEs CONNEC T 2019 (MAGWAY) ကုန်စည်ပြပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ခရိုင်အားကစားကွင်းတွင် ကျင်းပသည့် MSMEs CONNECT 2019 (MAGWAY)ကုန်စည်ပြပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး MSMEsAgency နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပူးပေါင်းပြီး ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါကုန်စည်ပြပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ လာရောက်ပြသရာ ဆိုင်ခန်းပေါင်း ၉၀ ကျော် ပါဝင်ပြသခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်အနေဖြင့် မကွေးတိုင်းဒေသကြီးသည် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာအခွင့်အလမ်းရှိသော နှစ်လိုဖွယ်ရာမြို့တော်အဖြစ် ရွေးချယ်ပြသမည်ဖြစ်၍ လာရောက်ပြသသော လုပ်ငန်းရှင်များအနက် လျှော်ဖြူလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ တိုင်းရင်းဆေးဝါးလုပ်ငန်းများအား တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင် သွားရောက်ပြသသွားမည်ဖြစ်ရာ ဒေသထွက်ကုန်မှသည် နိုင်ငံတကာစျေးကွက်ဆီသို့ ဦးတည်ထိုးဖောက်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန)**

## ဇူလိုင်လအတွင်း မူဆယ်မှ တရုတ်သို့ မြန်မာ့သစ်သီးဝလံတင်ပို့မှု

မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်များမှ ဖရဲ၊ သခွား၊ သရက်၊ ကျောက်ဖရုံ၊ နာနတ်သီးစသောသစ်သီးဝလံအားလုံး နီးပါးတင်ပို့မှုမရှိတော့ကြောင်း သိရသည်။ ဇူလိုင် ၁ ရက်မှ ၁၆ ရက်ထိ တရုတ်နိုင်ငံသို့ သရက်သီး ၉၅၃၆ ဒသမ ၈ တန်တင်ပို့ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၁၄ ရက် အထိ တစ်တန်လျှင် ယွမ် ၁၃၀၀-၈၀၀၀၊ မြန်မာငွေကျပ် ၂၇၉၅၀၀-၁၇၂၀၀၀၀၊ ဇူလိုင် ၁၆ ရက်တွင် သရက်သီးတစ်တန်လျှင် ယွမ် ၁၀၀၀-၂၅၀၀၊ မြန်မာငွေ ကျပ် ၂၁၅၀၀၀- ၅၃၇၅၀၀ ဖြင့် နောက်ဆုံးအရောင်း အဝယ်ဖြစ်ပြီး သစ်သီးရာသီပိတ်ခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၁၆ ရက်အတွင်း ဖရဲကျားသီး ၁၉ ဒသမ ၅ တန်တင်ပို့ခဲ့ပြီး တစ်တန်စျေးမှာ ယွမ် ၁၀၀၀-၁၂၀၀၊ မြန်မာငွေကျပ် ၂၁၅၀၀၀-၂၅၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

သရက်သီးများကိုဇူလိုင် ၁ ရက်မှ ၂ ရက်တွင် ကျောက်ဆည်၊ အုန်းချော၊ ပလိပ်၊ စစ်ကိုင်း၊ ချောင်းဦး၊ ဟန်မြင့်မိုရ်၊ တောင်ကြီးတို့မှ တင်ပို့ခဲ့သော်လည်း ဇူလိုင် ၃ ရက်မှစ၍ အုန်းချောနှင့်ချောင်းဦးဘက်မှ တင်ပို့မှုမရကြောင်း၊ ဇူလိုင် ၈ ရက်နောက်ပိုင်း တောင်ကြီးသရက်များသာတင်ပို့ခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင်တင်ပို့မှု လုံးဝရပ်ဆိုင်းသွားကြောင်း သစ်သီးဝလံကုန်စည်ဒိုင်နှင့် သစ်သီးပွဲရုံများမှ သိရသည်။ **စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန)**

## ငရုတ်စျေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေ

မန္တလေးစျေးကွက်တွင် ငရုတ်သီးအစိုကို ထိုင်းနိုင်ငံမှအဝယ်ရှိပြီး ငရုတ်စျေး အနည်းငယ်တက်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရသည်။

ယခင်တစ်ပတ်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားစျေးကျပ် ၄၄၀၀-၄၅၀၀၊ ငရုတ်အစို တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၂၀၀ ခန့်ရှိပြီး ယခုတစ်ပတ်တွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားစျေး ကျပ် ၅၅၀၀-၆၀၀၀၊ ငရုတ်အစို တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၁၇၀၀ ဖြင့်အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ် ငရုတ်စျေးနှုန်းမှာ ယခင်တစ်ပတ်ထက်စျေးနှုန်း အနည်းငယ်မြင့်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း မန္တလေးအောင်မင်္ဂလာ(မိသားစုပွဲ)ရုံမှသိရသည်။ **ချောစုဝင်း -ရတနာပုံကုန်သွယ်မှုဇဟိုဌာန**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ဂေါ်ဖီနှင့် ပန်းမုန်လာအဝင်များ၍ စျေးအနည်းငယ်ကျ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသည့် ဂေါ်ဖီနှင့် ပန်းမုန်လာထုပ်များသည် အောင်ပန်းပွဲရုံစျေးကွက်တွင်ဇွန်လမှ စတင်၍ကုန်စိမ်းများဝင်ရောက်ခဲ့သော်လည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့် တပ်ကုန်းမြို့နယ်များမှ အဆွဲများသဖြင့်ပေါ် ခါစတွင် ဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၁၂၀၀-၁၄၀၀ ခန့်ဖြင့် လည်းကောင်း၊ ပန်းမုန်လာတစ်ထုပ်လျှင် ကျပ် ၁၂၀၀-၁၆၀၀ စျေးနှုန်းများရရှိပြီး ယခုဇူလိုင်လဆန်းမှ စတင်၍ ထွက်ရှိမှုပိုမိုများပြားလာပြီး ဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၇၀၀-၁၂၀၀ ခန့် ပန်းမုန်လာတစ်ထုပ်လျှင် ကျပ် ၇၀၀-၉၀၀ စျေးနှုန်းပြန်လည်ကျဆင်းလာခဲ့သည်။ အဓိကအားဖြင့်ရန်ကုန်နှင့် မန္တလေးမြို့များမှအဆွဲများပြီး ကုန်ချိန်အနေဖြင့် ဂေါ်ဖီထုပ်မှာ ပိဿာ ၇၃၀၀၀၀ နှင့် ပန်းမုန်လာမှာ ပိဿာ ၅၅၀၀၀၀ ခန့် စီးဆင်းမှုရှိကြောင်း အောင်ပန်းစျေးကွက်မှသိရှိရသည်။

**စောဝင်းကျော်(ကမ္ဘောဇကုန်သွယ်မှုဇဟိုဌာန)**

## မတ်ပဲတင်ပို့မှု အနည်းငယ်လျော့နည်းသော်လည်း ပို့ကုန်ဝင်ငွေပိုခဲ့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၃၆၃ ဒသမ ၇၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၇၆၄၄၄ ဒသမ ၅၃ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ် နှင့် ကနေဒါ နိုင်ငံတို့ဖြစ်ကြသည်။ အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ၇၂၃၇ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၄၅၂၈၉၁၁ ဒသမ ၅၀ ဖြစ်၍ အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ ကနေဒါနိုင်ငံဖြစ်ပြီး တန်ချိန် ၄၃ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၁၈၂၂ ဒသမ ၅၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် ဇူလိုင် ၇ ရက်မှ ၁၃ ရက် အထိ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၃၇၂ ဒသမ ၃၅၄ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၂၁၅၂၅၀ ဒသမ ၁၂ ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ယခုတစ်ပတ်တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် ၈ ဒသမ ၆၃၄ တန်ခန့် အနည်းငယ်လျော့နည်းဆောင်ရွက်ခဲ့သော်လည်း မတ်ပဲတစ်တန်၏ စျေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ ၆၂၃ ရရှိခဲ့ပြီး ယခင်တစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၆၃၀ ရရှိခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၇ ဒေါ်လာခန့်စျေးပိုရခဲ့သည့်အတွက် ယခင်တစ်ပတ်ထက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၁၁၉၄ ဒသမ ၄၁ ပိုမိုရရှိခဲ့ကြောင်းသိရသည်။

**စန်းစန်းမော်(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# အရည်အသွေးအာမခံသည့် ပန်းနုရောင်ဆုံဆီ

ပန်းနုရောင်ဆုံဆီ ထုတ်လုပ်မှုကို သမစတ္တလမ်း၊ စက်မှုဇုန် မုံရွာမြို့၌ ၂၀၁၃ ခုနှစ်ကတည်းက ထုတ်လုပ်ရောင်းချခဲ့တယ်လို့ သိရပါတယ်။ ပန်းနုရောင်ဆုံဆီကန္တားဖြင့်ကြိတ်သည့် မိရိုးဖလာနည်းကိုလည်း မပယ်ရှားဘဲ စက်ဖြင့်ပြောင်းလဲကြိတ်ခဲ့ကြောင်း၊ ယခင်က မြေပဲသာမက နှမ်းဆီ၊ ကြယ်ပဲဆီနှင့် မုံညင်းဆီတို့ကိုပါ ထုတ်လုပ်ရောင်းချခဲ့ကြောင်း၊ ထိုဆီများမှာ ဈေးနှုန်းများပြားကာ အရောင်းအဝယ် မဖြစ်သဖြင့် ဆက်လက်ရောင်းချခြင်းမပြုတော့ဘဲ မြေပဲဆီတစ်မျိုးတည်းကိုသာ လက်လီရောင်းချနေကြောင်း သိရပါတယ်။

ဆီကြိတ်တဲ့ ကျည်ပွေ့ကို ရှားသားနဲ့ပြုလုပ်ပြီး ဆီဆုံကို စားက္ကိုသားနဲ့ပြုလုပ်ထားကာ လျှပ်စစ်မီးနဲ့ လည်ပတ်နေပါတယ်။ ဆီဆုံ ၁၀ ဆုံရှိပြီး ယခုအခါ ဆီဆုံ ခြောက်ဆုံ၊ လုပ်သားဦးရေ လေးဦးနဲ့လည်ပတ်လျက်ရှိတာ သိရပါတယ်။ မြေပဲကို မုံရွာကုန်စည်ဒိုင်မှ ဝယ်ယူအသုံးပြုခြင်း၊ ကနီ၊ မောင်းထောင်၊ ဘုတလင် စသည့်မြို့နယ်များမှထွက်ရှိသည့် မြေပဲလုံးဆန်အသန့်များကိုသာ ဝယ်ယူအသုံးပြုပြီး၊ ယခုတွင် မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၃၆၀၀ နှုန်းရှိပြီး မြေပဲဈေးတက်နေကြောင်းလည်း သိရပါတယ်။

မြေပဲ ဈေးနှုန်းမြင့်တက်ရခြင်းမှာ မြေပဲဟောင်းများ လက်ကျန်နည်းခြင်း၊ မြေပဲပြန်လည်စိုက်ပျိုးချိန်နှင့် အသစ်ပေါ် ချိန်တို့ကြောင့် ဈေးမြင့်တက်ခြင်းဖြစ်ကြောင်း သိရပါတယ်။ ယခင်မြေပဲလုံးဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ ကျပ် ၂၇၀၀မှ ၂၈၀၀ ရှိပါတယ်။ မြေပဲလုံးဆန်အသန့်များကို ဝယ်ယူအသုံးပြုလျက်ရှိပြီး နှစ်ရက်ခန့် နေပူလှန်းကာ ဆန်ခါချသည့်စက်ဖြင့် ဖုန်၊ သဲ၊ ခဲများ မပါရှိအောင် သန့်စင်ကြောင်း သိရပါတယ်။ ယခုတွင် ဆုံဆီတစ်ပိဿာ ရောင်းဈေးမှာ တစ်သောင်းကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိတာ သိရပါတယ်။ ဆီဆုံတစ်ဆုံတွင် မြေပဲလေးပိဿာ ထည့်ကြိတ်လျှင် ဆီတစ်ပိဿာ ၅၀ ကျပ်သားထွက်ရှိပြီး ကြာချိန်မှာ တစ်နာရီ ၂၀မိနစ်ခန့်ကြာကြောင်းနှင့် ပဲဖတ်တစ်ခွေ (နှစ်ပိဿာ၊ ၅၀ကျပ်သား) ထွက်ရှိကြောင်း သိရပါတယ်။ ဆီဆုံကြိတ်လျှင် လုပ်သားတစ်ဦးလျှင် တစ်ရက်ကို ၁၆ ဆုံမှ ၂၈ ဆုံထိ ကြိတ်နိုင်ပြီး ပဲဖတ်ခွေ ၂၈ ခွေရရှိကြောင်း၊ ထွက်ရှိလာသည့် ပဲဖတ်ခွေများကို ရန်ကုန်နှင့် ဧရာဝတီတိုင်းရှိ ငါးမွေးမြူရေး လုပ်ကိုင်လျက်ရှိသူများမှ ဝယ်ယူလျက်ရှိကြောင်း၊ ပဲဖတ်တစ်ပိဿာလျှင် ကျပ် ၁၁၅၀-၁၂၀၀ ရရှိကြောင်း သိရပါတယ်။ တစ်ရက်လျှင်ဆုံဆီ ထွက်ရှိနှုန်းမှာ ၄၅ ပိဿာနီးပါးထွက်ရှိကြောင်း သိရပါတယ်။

အလုပ်သမားများ လုပ်အားခနှုန်းမှာ မြေပဲများနေလှန်းသည်မှ စ၍ ဆီထွက်သည်အထိ ဆီတစ်ဆုံကြိတ်ခွဲပြီးလျှင် ကျပ် ၈၀၀ နှုန်း လုပ်အားခပေးရကြောင်း၊ ဆီကို နေ့စဉ်မကြိတ်နိုင်ကြောင်း၊ တစ်လလျှင် ၁၅ ရက်ခန့်သာ ကြိတ်နိုင်ကြောင်း၊ တစ်ဦးတည်းသာ ရပ်တည်၍ FDAလက်မှတ်ရယူထားခြင်း၊ SMEတွင်အသင်းဝင်ထားခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ထားခြင်း၊ သွင်းကုန်လိုင်စင် ပြုလုပ်ထားခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရပါတယ်။ ပန်းနုရောင်ဆီစက်မှ ထွက်ရှိသော မြေပဲဆီ၏ဈေးကွက်မှာ မုံရွာမြို့အပြင် တမူး၊ ကလေးဝ၊ ရန်ကုန်၊ တောင်ကြီး၊ အင်းလေး၊ မြိတ်၊ ထားဝယ် စသည့်မြို့များမှ စားသုံးသူများက ဝယ်ယူသုံးစွဲကြပြီး ရောင်းအားအနေဖြင့် ဒေသတွင်း ၂၀ ရာခိုင်နှုန်းရောင်းရပြီး အခြားမြို့များသို့ ၈၀ ရာခိုင်နှုန်းထိ ရောင်းချရကြောင်း သိရပါတယ်။ ပန်းနုရောင်ဆုံဆီကို Facebook ပေါ် ကြေညာ၍ ရောင်းချကြောင်း၊ ထိုသို့ရောင်းချခြင်းဖြင့် ကိုရီးယားကုမ္ပဏီတစ်ခုမှ ဝယ်ယူလို၍ ကမ်းလှမ်းလာကြောင်း၊ တစ်လလျှင်တန်ချိန် ၃၀၀ မှာယူလိုကြောင်း၊ ဝယ်ယူလိုသည့်တန်ချိန် ထုတ်လုပ်ပေးနိုင်လျှင် ပန်းနုရောင်ဆီစက်ရှိသည့် မုံရွာမြို့သို့ လာရောက်ကြည့်ရှု၍ ဝယ်ယူမည်ဖြစ်ကြောင်းသိရပါတယ်။ Export တင်ပို့ချင်သော်လည်း လုပ်ငန်းတိုးချဲ့ ဆောင်ရွက်လျှင်တောင်မှ တစ်ရက် ပိဿာ ၆၀၀ နှုန်းသာ ထွက်နိုင်မှာဖြစ်၍ ကိုရီးယားမှဝယ်ယူလိုသည့်တန်ချိန် ထုတ်လုပ်မပေးနိုင်ကြောင်း သိရပါတယ်။ ဆုံဆီသန့်သန့်ကိုသာ စားသုံးချင်သူများအနေဖြင့် ဈေးကြီးပေးဝယ်ရတာကိုမမြင်ဘဲ သန့်ရှင်းသည့် မြေပဲဆီစစ်စစ်ကိုသာ စားသုံးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီသန့်များကို ရွေးချယ်စားသုံးနိုင်ပါရန် ရေးသားတင်ပြခြင်းဖြစ်ပါတယ်။

**နှင်းပန်းဖြူ(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# နှမ်းနက်(စမုံ)နှင့် နှမ်းဖြူ (ဂျပန်) ယခင်လထက် ဈေးမြင့်လာ

မန္တလေးတိုင်းဒေသကြီးတွင် ကုန်စည်ဒိုင်ဈေးနှုန်းများ ဒေသထွက်သီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုတစ်ပတ်တွင် နှမ်းနက်(စမုံ) နှင့် နှမ်းဖြူ(ဂျပန်) တို့မှာ ယခင်လထက် ဈေးကောင်းရလျက်ရှိသည်။လတ်တလော ဈေးကွက်မြင့်လာခြင်းမှာ ဈေးကွက်လက်ကျန်နည်းခြင်း တရုတ်အဝယ်လိုက်ခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်လာခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဈေးနှုန်းများမှာ သုံးတင်းဝင်အိတ် တစ်အိတ်လျှင် နှမ်းနက် (စမုံ)ကျပ် ၂၆၅၀၀၀ မှ ၂၈၂၀၀၀ ၊ နှမ်းဖြူ (ဂျပန်) ကျပ် ၁၇၈၀၀၀ မှ ၁၈၅၀၀၀၊ နှမ်းဖြူ ကျပ် ၁၆၈၀၀၀ မှ ၁၇၂၀၀၀၊ နှမ်းညို ကျပ် ၁၆၀၀၀၀ မှ ၁၆၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လ ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းနက်(စမုံ)ကျပ် ၂၄၅၀၀၀မှ၂၆၀၀၀၀၊ နှမ်းဖြူ(ဂျပန်)ကျပ် ၁၈၄၀၀၀မှ၁၈၅၀၀၀၊ နှမ်းဖြူ ကျပ် ၁၇၅၀၀၀ မှ ၁၇၈၀၀၀၊ နှမ်းညို ကျပ် ၁၆၀၀၀၀ မှ ၁၆၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ကာလ တူပေါက်ဈေးနှုန်းထက် ပျမ်းမျှအားဖြင့် နှမ်းနက်(စမုံ)မှာကျပ် ၂၀၀၀၀မှ၂၂၀၀၀၊ နှမ်းဖြူ(ဂျပန်) မှာကျပ် ၃၀၀၀မှ ၂၅၀၀၀ အထိ ဈေးမြင့်တက်လာသည်။

ယခင်နှစ်ကာလတူဈေးနှုန်းဖြင့် နှိုင်းယှဉ်လျှင် သုံးတင်းဝင်အိတ်တစ်လုံးလျှင် နှမ်းနက်(စမုံ) ကျပ် ၁၃၂၀၀၀မှ ၁၂၀၀၀၀၊ နှမ်းဖြူ ကျပ် ၂၀၀၀၀ မှ ၄၀၀၀၀၊ နှမ်းဖြူ (ဂျပန်)ကျပ် ၂၇၀၀၀ မှ ၁၈၀၀၀ ၊နှမ်းညို ကျပ် ၃၇၀၀၀မှ ၄၀၀၀၀ မြင့်တက်ခဲ့၍ယခင်နှစ်ထက်ဈေးနှုန်းပိုမိုရရှိကြောင်းသိရသည်။ ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် နှမ်းဆီတစ်ပိဿာပေါက်ဈေးနှုန်းမှာ ကျပ် ၇၃၀၀ ဈေးပေါက်လျက်ရှိကြောင်းသိရသည်။ **မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# ပဲခူးတွင် သား/ငါးဈေး အနည်းငယ်တက်လာ

မိုးဦးကာလငါးရစ်ငါးသန် ဖမ်းယူမှုမရှိသော အချိန်ဖြစ်သဖြင့်ပဲခူးမြို့မ ဈေးအတွင်း သားငါးဈေးကွက်မှာ ဝက်သား၊ အမဲသားမှလွဲ၍ ယခင်လထက် အနည်းငယ်မြင့်တက်လာသည်။

ပဲခူးမြို့မဈေးတွင်ငါးဈေးနှုန်းမှာ ငါးမြစ်ချင်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀၊ ငါးကြင်းဖြူ တစ်ပိဿာလျှင်ကျပ် ၆၀၀၀ မှ ၆၅၀၀၊ ငါးရံ့တစ်ပိဿာလျှင် ကျပ် ၆၀၀၀မှ ၆၅၀၀၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ၇၀၀၀၊ ကြက်သား (CP) တစ်ပိဿာလျှင် ကျပ် ၅၅၀၀မှ ၆၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၁၈၀၀၀မှ ၁၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဝက်သားဈေးနှုန်းမှာ တစ်ပိဿာလျှင်ကျပ် ၇၀၀၀ နှင့် အမဲသား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

စားသုံးဆီဈေးနှုန်းမှာ ယခင်လအတိုင်း တည်ငြိမ်လျက်ရှိပြီး မတ်ပဲဈေးမှာ ယခုလတွင် အနည်းငယ်ကျဆင်းကာ ပဲစင်းငုံ၊ ပဲတီရွှေဝါနှင့် ပဲတီစိမ်းတို့မှာ ယခင်လအတိုင်း တည်ငြိမ်လျက်ရှိပြီးပုံမှန်အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

**နေမျိုးထိုက်ကျော် (ပဲခူးကုန်သွယ်မှုဗဟိုဌာန)**

# နာနတ်သီး စိုက်ပျိုးမှု၊ ဈေးနှုန်းဈေးကွက်နှင့် ကျန်းမာရေးအတွက် သိကောင်းစရာများ

ကိုလက်စထရောပါဝင်မှု နည်းပါးပြီး လူသားတို့ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော၊ ဗီတာမင်နှင့်သတ္တုဓာတ်တို့ စုစည်းရာအရင်းအမြစ်လည်းဖြစ်သော၊ ရင်ကိုအေးမြစေသော သီးနှံတစ်မျိုးမှာ နာနတ်သီးနှံပင်ဖြစ်ပေသည်။

မွန်ပြည်နယ်တွင် နာနတ်ပင်ကို ဧကဖွဲ့၍သီးခြားစိုက်ပျိုးခြင်းမရှိဘဲ ရော်ဘာပင်နှင့် အခြားအပင်များကြားတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ဧက ၆၀၀၀ ကျော်ရှိပြီး အလုံးရေ ၃၈၄ သိန်းကျော် ထွက်ရှိကြောင်း၊ မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ရေးမြို့နယ်နှင့်သံဖြူဇရပ် နှစ်မြို့နယ်ပေါင်း စိုက်ပျိုးမှုမှာ ဧက ၄၀၀၀ ခန့်ရှိကြောင်း၊ ထွက်ရှိသော နာနတ်သီးများကို ပြည်နယ်တွင်းစားသုံးခြင်း၊ နာနတ်ယိုအဖြစ် ပြုလုပ်ရောင်းချခြင်းသာရှိကြောင်း၊ ဈေးနှုန်းအားဖြင့် အလုံးကြီးကျပ် ၅၀၀-၆၀၀၊ အလုံးလတ် ကျပ် ၂၀၀-၃၀၀ နှင့် အလုံးသေးကျပ် ၁၀၀-၂၀၀ ရှိသည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းလာကြောင်း၊ ယခင်နှစ်ဈေးနှုန်းမှာ အလုံးကြီး ကျပ် ၂၀၀၀-၂၅၀၀၊ အလုံးလတ် ကျပ် ၁၂၀၀-၁၅၀၀၊ အလုံးသေး ကျပ် ၅၀၀-၇၀၀ ဖြစ်ကြောင်း သိရှိရသည်။

နာနတ်သီးအူတိုင်မှထွက်ရှိသော Bromelain ဓာတ်သည် အကိုက်အခဲပျောက်ဆေး (NSAID) များထက် ပိုပြီး အားကောင်းသည့်အတွက် ကြွက်သားများနာကျင်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းခြင်း၊ ဓမ္မတာ ရာသီလာစဉ်ကိုက်ခဲခြင်းတို့ကို သက်သာစေကြောင်း၊ သွေးခဲခြင်း သွေးကြောပိတ်ဆို့ခြင်းနှင့် ဆက်စပ်သော နှလုံးရောဂါများကို ဟန့်တားပေးပြီး သွေးလည်ပတ်မှုကိုလည်း တိုးတက်ကောင်းမွန်စေကြောင်း၊ ဂေါက်ရောဂါ၊ အအေးမိနှာစေးရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ ထိပ်ကပ်နာ ရောဂါများကို သက်သာစေကြောင်း၊ အစာအိမ် အစာချေစနစ်ကို တိုးတက်ကောင်းမွန်စေကြောင်း၊ ဝမ်းဖောဝမ်းရောင် ရင်ပြည့်ရင်ကယ် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးကြောင်း၊ ပျားရည်နှင့် နာနတ်သီးအူတိုင်ကို ကလေးသံကျဆေးအဖြစ် အသုံးပြုနိုင်ကြောင်း၊ ဗီတာမင်စီကြွယ်ဝသည့်အတွက် သွားဖုံးရောဂါအမျိုးမျိုး ကောင်းမွန်စေကြောင်းနှင့် ဂျာမန်သုတေသီများက ခွဲစိတ်ခန်းဝင်ပြီးလူနာများ အနာအမြန်ကျက်စေရန်အတွက် နာနတ်သီးစားပေးရန် တိုက်တွန်းထားကြောင်း လေ့လာသိရှိရသည်။

**Win Myat (Yarmanya Trade Centre)**

# မန္တလေးတွင် မြေပဲဆန်ဈေး သိသာစွာမြင့်တက်

မြေပဲသစ်များမှာ စက်တင်ဘာလတွင်မှ ဈေးကွက်သို့စတင်ဝင်ရောက်မည်ဖြစ်ရာ ယခုလတ်တလော ဈေးကွက်တွင် ယခင်လထက် မြေပဲဆန်တစ်ပိဿာ ကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်တက်လာခဲ့သည်။ မြေပဲထွက်ရာသီမဟုတ်သေး၍ ဈေးကွက်တွင် မြေပဲဆန်လက်ကျန် နည်းနေသော်လည်း တရုတ်ဈေးကွက်မှ ဆက်တိုက် ဝယ်ယူနေခြင်းကြောင့် ဈေးကွက်မြင့်တက်လာခြင်းဖြစ်သည်။

မန္တလေးကုန်စည်ဒိုင်၏ ယခုတစ်ပတ် အမြင့်ဆုံးဖြစ်ခဲ့သည့် မြေပဲဆန်တစ်ပိဿာပေါက်ဈေးမှာ မြေပဲလုံးဆန်(နီ)ကျပ် ၃၉၅၀၊ (ဖြူ) ၃၇၂၅ ကျပ်၊ မြေပဲဆီဆန် ကျပ် ၃၅၅၀ ဈေးဖြစ်ပြီး ယခင်လ ကာလတူပေါက်ဈေးမှာ မြေပဲလုံးဆန်(နီ) ကျပ် ၃၇၀၀၊ (ဖြူ)ကျပ် ၃၂၅၀၊ မြေပဲဆီဆန်ကျပ် ၃၃၀၀ ဖြစ်သည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါကလည်း မြေပဲဆန်တစ်ပိဿာအပေါ်တွင် မြေပဲလုံးဆန်(နီ)ကျပ် ၁၃၀၀၊ (ဖြူ) ၁၁၂၅ ကျပ်၊ မြေပဲဆီဆန် ၁၄၇၅ ကျပ်ထိ သိသာစွာ မြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။

မြေပဲဆန်ဈေး မြင့်တက်လာ၍ မန္တလေးဆီစက်သမားများလည်း တရုတ်ဝယ်လက်များနှင့် ယှဉ်ပြိုင်ဝယ်ယူနေရကြောင်း၊ ဆီကြိတ်ရာတွင်လည်း ကုန်ကြမ်းဝယ်ဈေး မြင့်လာခြင်းကြောင့် ဆီဈေးကိုပါမြှင့်၍ ရောင်းဝယ်နေရကြောင်း၊ ယခင်က မြေပဲဆန်ထိပ်စကို တစ်ပိဿာ ကျပ် ၃၈၀၀ ဖြင့် ဝယ်၍ရသော်လည်း ယခုကျပ် ၃၈၀၀ ဆိုလျှင် အလတ်စသာရကြောင်း၊ နာဂစ်မုန်တိုင်းဖြစ်ပြီးကာလက မြေပဲဆန်ဈေးများ တစ်ပိဿာ ကျပ် ၄၀၀၀ ထိ စံချိန်တင် မြင့်တက်ခဲ့ဖူးကြောင်း၊ ယခုကာလသည် ယခင် ဆယ်စုနှစ်ကျော်ကာလ နာဂစ်ကဲ့သို့ပင်မြေပဲဆန်ဈေးနှုန်း စံချိန်တင်မြင့်တက်လာကြောင်း၊ မြေပဲသစ်မပေါ်ခင်အချိန် စက်တင်ဘာလအထိ အမြင့်ဈေးတွင် ရှိနေနိုင်ကြောင်း မန္တလေးမြို့ရှိ ဓူဝံဆီစက်မှ ဦးဇော်မင်းကြည်က ပြောကြားသည်။

မန္တလေး ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သည့် မြေပဲဆံဈေးနှုန်းများအား ၂၀၁၄ မှ ၂၀၁၉ အထိ နှိုင်းယှဉ်ပါက စံချိန်တင် မြင့်တက်လာကြောင်း သိရသည်။

**သက်သက်နိုင်**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဇူလိုင် ၂၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Nicaragua နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၉၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဂျော်ဒန်၊ အီဂျစ်၊ ကူဝိတ်၊ နယူးဇီလန်နှင့် တောင်အာဖရိကစသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ဂျပန်၊ ထိုင်ဝမ်၊ ကနေဒါ၊ ပြင်သစ်၊ ဘရာဇီးနှင့် ဖင်လန်စသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Slovakia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်ကိုရီးယား ၊ သီရိလင်္ကာ၊ အီဂျစ်၊ ဂျာမနီ၊ ကူဝိတ်၊ နယူးဇီလန်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၇၁ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ထိုင်ဝမ်၊ ဂျပန်၊ ပြင်သစ်၊ ဘရာဇီး၊ ဆွစ်ဇာလန်၊ ဩစတြေးလျနှင့် တူရကီ စသည့် နိုင်ငံ ၁၇ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံ နိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်း များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၉ |
| ၃ | ထိုင်း | လီတာ | ၁.၁၇ | ၀.၈၆ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်နေပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်အမျိုးအစားများအားလုံး ဈေးမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅မှတ်ဆန်မှာ ဈေးကျဆင်းခဲ့ပြီး ဧည့်မထ ၂၅ မှတ် ဆန်မှာ ဈေးအနည်းငယ်မြင့်တက်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅မှတ်ဆန်မှာ ဈေးတည်ငြိမ်နေပြီး ပေါင်းဆန်အမျိုးအစားဆန်များ ဈေးမြင့်တက်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဥရောပသမဂ္ဂ(အီးယူ)က ကမ္ဘောဒီးယားဆန်အပေါ် အခွန်စည်းကြပ်ခဲ့ပြီးနောက်ပိုင်း ယခုနှစ် ပထမနှစ်ဝက်အတွင်း အီးယူဈေးကွက်သို့ကမ္ဘောဒီးယားဆန်တင်ပို့မှု သိသိသာသာ လျော့ကျခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရ၏ တနင်္လာနေ့ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ထိုကျဆင်းမှုကို တရုတ်ဈေးကွက်သို့ဆန်တိုးမြှင့်ရောင်းချခြင်းဖြင့် ထေခုခဲ့ကြောင်း သိရှိရသည်။ အီးယူသည် ကမ္ဘောဒီးယားနှင့် မြန်မာထံမှ အီးယူသို့ဆန်တင်ပို့မှု တစ်ဟုန်ထိုးတိုးတက်လာသဖြင့် အီတလီအပါအဝင် ဥရောပဆန်ထုတ်လုပ်သူများကိုကာကွယ်ရန် ထိုနှစ်နိုင်ငံထံမှ တင်သွင်းသည့်ဆန်များအပေါ် သုံးနှစ်တာ အခွန်မြင့်တင်ခဲ့ခြင်းကြောင့် ယခုနှစ် ပထမခြောက်လတွင် အီးယူသို့ ကမ္ဘောဒီးယားဆန် တင်ပို့မှုမှာ နှစ်အလိုက် ၃၂ ရာခိုင်နှုန်းကျဆင်းကာ ၉၃၅၀၃ တန်သာရှိခဲ့ကြောင်း အစိုးရ-ပုဂ္ဂလိက ဆန်လုပ်ငန်းပူးပေါင်းအဖွဲ့ဖြစ်သော ဆန်တင်ပို့မှုဝန်ဆောင်မှုရုံး၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

သို့ရာတွင် ၎င်းကာလအတွင်း တရုတ်သို့ ဆန်တင်ပို့မှုမှာ နှစ်အလိုက် ၆၆ ရာခိုင်နှုန်းမြင့်တက်ကာ တန်ချိန် ၁၁၈၄၀၁ တန်ရှိခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန် တန်ချိန် လေးသိန်းထိ တင်သွင်းရန် သဘောတူထားကြောင်းလည်း သိရှိရသည်။ ပြည်ပနိုင်ငံများသို့ဆန် တင်ပို့နေသော Amru Rice ဆန်လုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌ Kann Kunthy က အီးယူ၏ ဆန်အခွန်မြင့်တင်မှုကြောင့် ကမ္ဘောဒီးယား၏ ဆန်ဖြူလုံးရှည်မှာ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုခက်ခဲလာပြီး အီးယူဈေးကွက်သို့ ဆန်တင်ပို့မှု ကျဆင်းခဲ့ကြောင်း၊ ကမ္ဘောဒီးယားဆန်ကို တရုတ်နိုင်ငံနှင့် တခြားဈေးကွက်များ အထူးသဖြင့် ဩစတြေးလျတို့က တိုးမြှင့်ဝယ်ယူခဲ့ပြီး ဩစတြေးလျနိုင်ငံမှာ ကမ္ဘောဒီးယား၏ ဆန်ဈေးကွက်သစ် ဖြစ်လာခဲ့ကြောင်း Amru Rice ဆန်လုပ်ငန်း၏ဒုတိယဥက္ကဋ္ဌKann Kunthy က ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်ကို သိရှိရသည်။

Amru Rice ဆန်လုပ်ငန်းသည် ဩစတြေးလျသွင်းကုန်လုပ်ငန်းတစ်ခုနှင့် ဆန်စာချုပ်တစ်ခု ချုပ်ဆိုနိုင်ခဲ့ပြီး ပထမနှစ်ဝက်အတွင်း ဩစတြေးလျသို့ဆန်တင်ပို့မှုမှာ ၈၀၃၅ တန်ရှိခဲ့ပြီး တစ်နှစ်တာ ဆန်တင်ပို့မှု တန်ချိန် ၂၀၀၀၀ ခန့်ရှိနိုင်ကြောင်း Kann က ပြောကြားခဲ့သည်။ အီးယူဈေးကွက်သို့ လက်နက်ခဲယမ်းမှတစ်ပါး အခြားကုန်စည်များ လွတ်လပ်စွာကုန်သွယ်ခွင့် အစီအစဉ် (EBA) အရ ကမ္ဘောဒီးယားသည် လက်နက်ခဲယမ်းမဟုတ်သော ကုန်စည်များကို အခွန်လွတ်တင်ပို့ခွင့်ရနေသော်လည်း ဆန်ကို အခွန်စည်းကြပ်လိုက်ခြင်းမှာ အထည်အလိပ်၊ ဖိနပ်၊ စက်ဘီးတို့ ပါဝင်သော ကမ္ဘောဒီးယားပို့ကုန် အသီးသီးအနက် သုံးပုံတစ်ပုံကျော်နှင့်ညီမျှသည့်ပမာဏကို ပိတ်ပင်လိုက်ခြင်းနှင့်တူညီကြောင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Hun Sen က ပြောကြားခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဆန်စပါးသတင်းများအနေဖြင့် The Farmer media တွင်ဖော်ပြချက်အရ ပြည်ပသို့တင်ပို့သည့် စပါးမျိုးများ ဈေးနှုန်းကျဆင်းလာပြီး ဝယ်လိုအားလည်း ကျဆင်းလာခြင်းကြောင့် ပြည်တွင်းစားသုံးမှုများပြီး ဈေးကွက်ဝယ်လိုအားကောင်းမွန်သည့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် တောင်သူများက ပြင်ဆင်လာကြကြောင်း သိရှိရသည်။ ပြည်ပသို့ တင်ပို့သည့် ဆန်ကြမ်း စပါးမျိုးများဖြစ်သည့် ရက် (၉၀) စပါးမျိုး၊ ထိုင်းနှာကောက်စပါးမျိုးများမှာ ဝယ်လက်ရှားပါးလာပြီး စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀ ဝန်းကျင်သာရှိသဖြင့် တောင်သူများ တွက်ခြေကိုက်ခြင်းမရှိဘဲ အရှုံးပေါ်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်း ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိသည့် ဧရာမင်း၊ ဘေးကြား (ရွှေဘိုပေါ်ဆန်း) မျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်းနှင့် အခြားဈေးကောင်းရရှိသည့် နှမ်းသီးနှံကို ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ စပါးစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးမြင့်လွင်က ပြောကြားခဲ့သည်ကို သိရှိရသည်။

နွေစပါးသည် ယခုအချိန်တွင် ရိတ်သိမ်းနေဆဲဖြစ်ပြီး စပါးဝယ်ယူမည့်သူကို မျှော်နေကြရကြောင်း၊ ယခင်နှစ်များက ယခုအချိန်ဆိုလျှင် စက်ဖြင့်ခြွေလှေ့ပြီးပြီးချင်း ဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် နွေစပါးသည် အမြင့်ဆုံးဈေးရရှိသည့် ရွှေသွယ်ရင်မှာ ကျပ် ၄၈၀၀၀၀ ဈေးသာပေါက်ဈေးရရှိပြီး ယခင်နှစ်က စပါးတင်း ၁၀၀ လျှင် ကျပ် ၆၈၀၀၀၀ မှ ၇၀၀၀၀၀ အထိ ပေါက်ဈေးရှိပြီး ဝယ်ယူသူများကြောင်း၊ ယခုနှစ်တွင် စပါးဈေးသည် ယခင်နှစ်ကထက် ကျပ် ၂၀၀၀၀၀ ခန့်အထိ ကျဆင်းသွားခဲ့သဖြင့် တောင်သူများမှာ အရှုံးနှင့်သာ ရင်ဆိုင်ကြုံတွေ့ကြရကြောင်း၊ ပြည်ပသို့ တင်ပို့သည့် ဆန်ဈေးကသာ ဈေးကျဆင်းပြီး ပြည်တွင်းစားသုံးသည့် ဆန်အမျိုးအစားများမှာ ဈေးကောင်းရရှိသောကြောင့် ယခုအခါ တောင်သူများအနေဖြင့် ပြည်တွင်းစားသုံးမှုများသည့် ဧရာမင်း၊ ရွှေဘိုဘေးကြား စပါးမျိုးများကိုသာ ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

နှစ်စဉ်မိုးရွာသွန်းရက် နည်းပါးလာခြင်းကြောင့် ဆည်တော်ကြီးဆည်၏ ရေပေးဝေမှုမှာ နည်းပါးလာပြီး ရေသုံးစွဲမှုနည်းသည့် ပဲတီစိမ်း၊ နှမ်းသီးနှံများကို လက်ရှိစိုက်ပျိုးဧက တစ်ဝက်ခန့် ပြောင်းလဲစိုက်ပျိုးရန် မတ္တရာမြို့နယ်အတွင်းရှိစပါးစိုက်တောင်သူများက ပြင်ဆင်လာကြကြောင်း သိရှိရသည်။ သို့ပါဖြစ်၍ စပါးစိုက်တောင်သူများသည် အထွက်နှုန်းကောင်းသည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၇ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၁ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၈၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၅ | ၀.၈၃ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၄ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၃ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၉၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၃ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Iceland | လီတာ | ၁.၉၂ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၉၁ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၂ | Cuba | လီတာ | ၀.၀၈ | Monaco | လီတာ | ၁.၈၄ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၃ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၀ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၄ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၀ | ၀.၉၉ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၈.၇.၂၀၁၉ | စည် | ၅၇.၆၂ |
| ၂ | ၂၂.၇.၂၀၁၉ | စည် | ၅၆.၂၂ |
| ၃ | ၂၃.၇.၂၀၁၉ | စည် | ၅၆.၇၇ |
| ၄ | ၂၄.၇.၂၀၁၉ | စည် | ၅၅.၈၈ |
| ၅ | ၂၅.၇.၂၀၁၉ | စည် | ၅၆.၀၂ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် မေ ၂၇ ရက်မှ ဇူလိုင် ၂၂ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဆက်တိုက်မြင့်တက်လာသော ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၁၇ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၀၁ ဒေါ်လာ ဖြစ်ပေါ်ခဲ့ရာမှ ဇူလိုင် ၁၉ ရက်တွင် ၁၄၃၉ ဒေါ်လာထိ ပြန်လည်မြင့်တက်လာခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် ၁၄၂၇ ဒေါ်လာသို့ အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးကွက်တွင်လည်း ဇူလိုင် ၁၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၃၅၅၀၀ မှ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ သို့ မြင့်တက်လာခဲ့သည်ကို ရွှေဘုံသာ ရွှေဈေးကွက်အတွင်းမှ သိရှိရ သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်မှ ၂၅ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၃ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |
| ၄ | ၅.၇.၂၀၁၉ | ၁၁၂၃၅၀၀ | ၁၄၁၄ |
| ၅ | ၆.၇.၂၀၁၉ | ၁၁၁၈၀၀၀ | ၁၃၉၉ |
| ၆ | ၇.၇.၂၀၁၉ | ၁၁၁၆၅၀၀ | ၁၃၉၉ |
| ၇ | ၈.၇.၂၀၁၉ | ၁၁၂၃၀၀၀ | ၁၄၀၅ |
| ၈ | ၁၀.၇.၂၀၁၉ | ၁၁၂၄၅၀၀ | ၁၃၉၆ |
| ၉ | ၁၁.၇.၂၀၁၉ | ၁၁၃၃၅၀၀ | ၁၄၂၂ |
| ၁၀ | ၁၂.၇.၂၀၁၉ | ၁၁၃၀၀၀၀ | ၁၄၀၆ |
| ၁၁ | ၁၃.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၂ | ၁၄.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၃ | ၁၅.၇.၂၀၁၉ | ၁၁၃၉၅၀၀ | ၁၄၁၅ |
| ၁၄ | ၁၇.၇.၂၀၁၉ | ၁၁၃၅၅၀၀ | ၁၄၀၁ |
| ၁၅ | ၁၈.၇.၂၀၁၉ | ၁၁၄၃၅၀၀ | ၁၄၂၂ |
| ၁၆ | ၁၉.၇.၂၀၁၉ | ၁၁၄၈၀၀၀ | ၁၄၃၉ |
| ၁၇ | ၂၀.၇.၂၀၁၉ | ၁၁၄၆၅၀၀ | ၁၄၂၆ |
| ၁၈ | ၂၁.၇.၂၀၁၉ | ၁၁၄၆၀၀၀ | ၁၄၂၆ |
| ၁၉ | ၂၂.၇.၂၀၁၉ | ၁၁၄၉၀၀၀ | ၁၄၂၆ |
| ၂၀ | ၂၃.၇.၂၀၁၉ | ၁၁၄၅၀၀၀ | ၁၄၁၉ |
| ၂၁ | ၂၅.၇.၂၀၁၉ | ၁၁၅၀၀၀၀ | ၁၄၂၇ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၇-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၄-၇-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၃၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 24-Jul-19 | 12.75 cts/lb | 12.79 cts/lb | 326.35 $/T | 14.80 cts/lb |
| 23-Jul-19 | 12.67 cts/lb | 12.82 cts/lb | 323.85 $/T | 14.69 cts/lb |
| 22-Jul-19 | 12.28 cts/lb | 12.84 cts/lb | 320.85 $/T | 14.55 cts/lb |
| 19-Jul-19 | 12.32 cts/lb | 12.90 cts/lb | 321.05 $/T | 14.56 cts/lb |
| 18-Jul-19 | 12.31 cts/lb | 12.97 cts/lb | 317.50 $/T | 14.40 cts/lb |
| 17-Jul-19 | 12.54 cts/lb | 13.01 cts/lb | 317.60 $/T | 14.41 cts/lb |
| 16-Jul-19 | 12.73 cts/lb | 13.01 cts/lb | 319.60 $/T | 14.50 cts/lb |
| 15-Jul-19 | 12.80 cts/lb | 13.02 cts/lb | 305.00 $/T | 13.83 cts/lb |
| 12-Jul-19 | 13.00 cts/lb | 13.01 cts/lb | 315.00 $/T | 14.29 cts/lb |
| 11-Jul-19 | 13.08 cts/lb | 12.99 cts/lb | 321.35 $/T | 14.58 cts/lb |
| 10-Jul-19 | 13.17 cts/lb | 12.98 cts/lb | 324.25 $/T | 14.71 cts/lb |
| 9-Jul-19 | 13.04 cts/lb | 12.97 cts/lb | 322.35 $/T | 14.62 cts/lb |
| 8-Jul-19 | 13.11 cts/lb | 12.97 cts/lb | 324.35 $/T | 14.71 cts/lb |
| 5-Jul-19 | 13.02 cts/lb | 12.97 cts/lb | 323.05 $/T | 14.65 cts/lb |
| 4-Jul-19 | 13.09 cts/lb | 12.97 cts/lb | 323.50 $/T | 14.67 cts/lb |
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |

Source: www.isosugar.org

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thefarmermedia တွင် ဖော်ပြချက်အရ အိန္ဒိယနိုင်ငံ၌ ယခင်နှစ်က မိုးခေါင်မှုအရှိန်ကြောင့် တောင်သူအများစုက ကြံစိုက်ပျိုး မှုကိုလျှော့ချခဲ့ကြပြီး ယခုနှစ်တွင်လည်း မိုးရေချိန်နည်းခြင်းက ကြံပင်ကြီးထွားမှုကို အဟန့်အတား ဖြစ်စေသဖြင့် ၂၀၁၉-၂၀၂၀ ရာသီ အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ ၁၈ ရာခိုင်နှုန်းကျဆင်း နိုင်ကြောင်း သကြားလုပ်ငန်းအဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

စာမျက်နှာ ၁၆ သို့

# ယခုတစ်ပတ် ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲတင်ပို့မှု လျော့ကျ

ဇူလိုင်၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာတစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၅၂၇၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၄၈၆၀ တန်ချိန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၃၆၀ကျော်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၄၀ ကျော်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၅၅၀ ကျော်ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။ ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၂၀ ကျော်တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၁၃ ရက်မှ ၁၉ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၆သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၀၀၀၀ နီးပါးတင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ ပုံမှန်တင်ပို့နေသည့်နိုင်ငံများဖြစ်သည့် အာရှ၊ အာဖရိကနှင့်အီးယူနိုင်ငံများကိုတင်ပို့ခဲ့သည်။အာရှနိုင်ငံများတွင် တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ ရုရှားနိုင်ငံများဖြစ်ပြီး အာဖရိကတွင် မက်ဒါဂါစကား၊ ဂီနီနှင့် ကင်မရွန်နိုင်ငံတို့ဖြစ်သည်။ ယခုတစ်ပတ် အများဆုံးတင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန် ချိန် ၈၆၀၀ ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၅၀၀၀ နီးပါး၊ အီးယူနိုင်ငံများသို့ တန်ချိန် ၃၀၀၀ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ အာဖရိကနိုင်ငံများသို့ တန်ချိန် ၂၀၀၀ ခန့်သာတင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်ဆန်တင်ပို့မှုမှာ တန်ချိန် ထက်ဝက်ခန့်လျော့ကျခဲ့သည်။အာဖရိကနိုင်ငံများသို့တင်ပို့မှုလျော့ကျခဲ့သောကြောင့်ဖြစ်သည်။

ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၉၅၀၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၅၃၀၀ ကျော် ၊အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၇၅၀၊ အိုင်ဗရီကိုစ့်သို့ တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ပြီး မလေးရှား၊ထိုင်းနှင့်စင်ကာပူနိုင်ငံများသို့လည်းတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၅၀၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်းဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာဆန်တန်ချိန် ၂၅၀၀၀ နှင့်ဆန်ကွဲတန်ချိန် ၉၅၀၀ကျော်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ၂၀၁၉ - ၂၀၂၀ မိုးစပါးစိုက်ပျိုးဧက ၇၉၀၀၀၀ ကျော်လျာထားခဲ့ရာ ဇူလိုင်လလယ်အထိ မိုးစပါးဧက ၄၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်းသိရသည်။

၂၀၁၉-၂၀၂၀ မိုးစပါးလျာထားချက်ပြည့်မီစေရေးအတွက် တောင်သူများ စိုက်ပျိုးလျက်ရှိရာ သန်လျင်၊ ကျောက်တန်း ၊ သုံးခွနှင့် ခရမ်းမြို့နယ်များတွင် ဩဂုတ်လအတွင်း စိုက်ပျိုးပြီးစီးမည်ဖြစ်ကြောင်းနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် စက်တင်ဘာလအတွင်းမှသာ စိုက်ပျိုးပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ **သိန်းနိုင်(သန်လျင်)**

# ရန်ကုန်မြို့ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်နှင့်ဆန်စပါး ကုန်စည်ဒိုင်(ဝါးတန်း)တို့၏ ဆန်ဈေးကွက်အခြေအနေ

ဇူလိုင် ၂၅ ရက်ကရန်ကုန်မြို့ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်တွင် ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၂၀၀၀၀-၂၀၄၀၀ (USD 270-275 Per ton)၊ ဧည့်မထဆန်လတ်စတစ်အိတ် ကျပ် ၁၉၀၀၀-၁၉၃၀၀ (USD 256-260 Per ton) ဖြင့် ဝယ်ရောင်းကုန်သည်များနှင့် Expoter များမှဝယ်ယူခဲ့သည်။

ဧည့်မထလတ်စမှာ ကုန်စည်ဒိုင်သို့ဝင်ရောက်မှုနည်းပြီး ဝယ်လိုအားပုံမှန်ရှိကြောင်း၊ ဘုရင့်နောင်ဆန်ပွဲရုံများမှ ဆန်အမျိုးအစား အသီးသီးမှာလည်း ဝယ်လိုအားပုံမှန်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ ယခုတစ်ပတ်တွင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိဆန်ဝင်ရောက်မှုမှာ စုစုပေါင်း အိတ်ရေ ၁၂၀၇၉၆ အိတ်ဝင်ရောက်ခဲ့ပြီး၊ ရန်ကုန်မြို့ဆန်စပါး ကုန်စည်ဒိုင်(ဝါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီး နယ်စုံမှဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၃၁၄၅၁ အိတ်ဝင်ရောက်ခဲ့သည်။

ယခုတစ်ပတ် ဇူလိုင် ၂၅ ရက်တွင် ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၄၈၅၀၀-၅၅၀၀၀၊ ပေါ်ဆန်းဆန်ရှယ်စ တစ်အိတ် ကျပ် ၃၆၀၀၀-၃၈၀၀၀၊ ရက်၉၀ ဆန်တစ်အိတ် ကျပ် ၂၂၀၀၀-၂၂၅၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၂၀၀၀၀-၂၀၂၀၀ အသီးသီးဖြစ်သည်။

ပေါ်ဆန်းဆန်ရှယ်စဈေးနှုန်းမှာ ယခင်နေ့ထက် တစ်အိတ် ကျပ် ၂၀၀၀ ဈေးကျပြီး ဆန်ကြမ်းဖြစ်သည့် ရက်၉၀ ဆန်တစ်အိတ် ကျပ် ၅၀၀ ဈေးမြင့်တက်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

နယ်စုံပေါ်ဆန်း၊ ပေါ်ကျွဲ၊ ဧည့်မထတို့မှာ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲဈေးငြိမ်ကာ ကုန်စည်ဒိုင်သို့ဝင်ရောက်မှုပုံမှန်ရှိပြီး အရောင်းအဝယ်အေးလျက် ပုံမှန်သာအရောင်းအဝယ်ရှိကြောင်းသိရသည်။

**ချောစုမာ**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ပုသိမ်မြို့နယ် ဆန်/စပါးဈေးကွက် ပေါ်ဆန်းဆန်ဈေး ယခင်နှစ်ကာလတူ ဈေးနှုန်းထက်လျော့နည်း၊ ဧည့်မထ(မိုး၊နွေ)ဆန်ဈေး အနည်းငယ်မြင့်

ပုသိမ်မြို့နယ် ဆန်/စပါးဈေးကွက် ယခင်နှစ်ဇူလိုင်လတွင် ဧရာဝတီပေါ်ဆန်း ဆန်တစ်အိတ်ကို ကျပ် ၄၆၀၀၀-၄၇၀၀၀ ဈေးရှိပြီး ယခုလက်ရှိဈေး ကျပ် ၄၄၀၀၀ / ၄၅၀၀၀၊ ပေါ်ဆန်းရင် ဆန်တစ်အိတ်ကို ယခင်နှစ်ကျပ် ၄၃၀၀၀/ ၄၄၀၀၀ ဈေးမှ ယခုဈေးကျပ် ၄၁၀၀၀ /၄၂၀၀၀ ဈေးရှိပြီး ယခင်နှစ်ကာလတူဈေးထက် ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိပြီး ယခင်နှစ်ပေါ်ဆန်းဆန်ဈေးမှာ ဧရာဝတီပေါ်ဆန်းစပါးသစ် မပေါ်ခင် ဒီဇင်ဘာလလောက်အထိ အမြင့်ဆုံး ကျပ် ၅၅၀၀၀ ဈေးဖြစ်သွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။ ပေါ်ဆန်းဆန်ဈေးမှာ ယခင်လနှင့်ယခုလဈေးနှုန်းပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေသော်လည်း စပါး ဟောင်း လက်ကျန်များနည်းပါးလာချိန် မိုးဧည့်မထဆန်တစ်အိတ်ကို ယခင်ကျပ် ၂၁၅၀၀ / ၂၂၀၀၀ ဈေးမှ ယခုဈေး ကျပ် ၂၃၀၀၀/ ၂၄၀၀၀၊ နွေသီးထပ်ဆန်တစ်အိတ်ကို ယခင် ကျပ် ၁၉၀၀၀ / ၁၉၅၀၀ ဈေးမှ ယခု ကျပ် ၂၀၅၀၀ / ၂၁၀၀၀ ဈေးဖြစ် သွားပြီး ဧည့်မထ (မိုး+နွေ)ဆန်တစ်အိတ်ကိုကျပ် ၁၅၀၀ / ၂၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

ပြီးခဲ့သည့် နှစ်နှစ်အတွင်း သကြား အထွက်စံချိန်တင်ခဲ့ခြင်းနှင့် ပို့ကုန်မှာ မျှော်မှန်းသည်ထက် လျော့နည်းခဲ့ခြင်းတို့ကြောင့် မြင့်တက်လာသော သကြားလက်ကျန်မှာ ယခုနှစ်အထွက်ကျမှုကြောင့် လျော့ကျလာဖွယ်ရှိကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သကြားစားသုံးမှု အများဆုံးနှင့် သကြားထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယ၏ သကြားထုတ်လုပ်မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃ သန်းရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ တန်ချိန် ၂၇ သန်းသို့ လျော့ကျလာနိုင်ကြောင်း အနောက်အိန္ဒိယသကြားစက်လုပ်ငန်းအသင်း၏ဥက္ကဋ္ဌက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်ကို သိရှိရသည်။

မဟာရဋ္ဌပြည်နယ်နှင့် ကာနာတာကာပြည်နယ်တို့တွင် ယခင်နှစ်က မိုးခေါင်မှု၊ ယခုနှစ်တွင် မုတ်သုံဝင်ရောက်ချိန် နောက်ကျမှုတို့ကြောင့် ကြံစိုက်ပျိုးမှုကို ဆိုးရွားစွာ ထိခိုက်ခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် သကြားထုတ်လုပ်မှု အများဆုံးပြည်နယ်မှာ ဥတ္တရပြည်နယ်ဖြစ်ပြီး မဟာရဋ္ဌပြည်နယ်သည် ဒုတိယအများဆုံးဖြစ်၍ မဟာရဋ္ဌပြည်နယ်၏ သကြားထုတ်လုပ်မှုမှာ ၄၄ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန်ခြောက်သန်းသာ ရှိနိုင်မည်ဟု သိရှိရသည်။ တောင်ပိုင်းကာနာတာကာပြည်နယ်သည် သကြားထုတ် လုပ်မှု တတိယနေရာတွင် ရပ်တည်နေပြီး အိန္ဒိယသည် ယခင်နှစ်က မိုးခေါင်မှုကြောင့် အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် သီးနှံပင်များညှိုးခြောက်မှုကြုံတွေ့ခဲ့ရပြီး ယခုနှစ်တွင်လည်း ဇွန်လ ၁ ရက်တွင်စတင်သော မုတ်သုံမှာ ရွာသွန်းမြဲအောက် ၁၉ ရာခိုင်နှုန်းအထိ လျော့နည်းနေကြောင်းသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၃၂၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၁၇-၄၂၇၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၈-၆၀၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းများမှာ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၂ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင်ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၁ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၃ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၂ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံမဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့် ဆုံးဖြစ်ပေါ်နေပြီး ပျဉ်းမနားမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ် နှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၉၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါ လန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင်၃၇၃၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၁၈၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၆၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် Yangon Denko စက်သုံးဆီ ဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၀၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၁၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၉၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၈၈၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပြည်တွင်းစားသုံးမှုများသည့် စပါးမျိုးများစိုက်ပျိုးခြင်းနှင့် အခြားဈေးကွက်ဝယ်လိုအားကောင်းသည့် စိုက်ပျိုးရေနှင့် စိုက်ပျိုးစရိတ်နည်းပါးသည့် ဈေးကွက်ဝင်သီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်းနှင့် နွေစပါးကို လာမည့်ရာသီတွင် ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း လေ့လာသိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၀ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၈၀၀ မှ ကျပ် ၂၀၀၂၀ အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၁၇ ရက်တွင်ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာ ရာတွင် ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၉.၇.၂၀၁၉ | ၂၂.၇.၂၀၁၉ | ၂၃.၇.၂၀၁၉ | ၂၄.၇.၂၀၁၉ | ၂၅.၇.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၂၀၀ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၃၀၀ | ၂၁၂၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၇၀၀ | ၂၀၃၀၀ | ၂၀၁၀၀ | ၂၀၁၀၀ | ၂၀၁၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၅၀၀ | ၂၀၈၀၀ | ၂၀၆၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၅၀၀ | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၇၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၆၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၄၀၀ | ၂၀၄၀၀ | ၂၀၄၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေး နှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၆ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှု များရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

လက်ရှိအချိန်၌ အမေရိကန်ပြည်ထောင်စု၏ ဘဏ်တိုးနှုန်းနှင့် အခြားစီးပွားရေးအင်အားကြီးနိုင်ငံများ၏ ဘဏ်တိုးနှုန်းများမှာများစွာကွာဟမှု ဖြစ်နေသည့်အတွက် အမေရိကန်သမ္မတသည် ဘဏ်တိုးနှုန်းကို မဖြစ်မနေလျှော့ချရန်စီစဉ်မည်ဖြစ်ရာ အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကာလအတန်ကြာ အားပျော့နေလိမ့်မည်ဟု ကမ္ဘာကျော် ဆွစ်ဇာလန်ဘဏ်လုပ်ငန်းကြီးဖြစ်သည့် Credit Suisse က ယခုရက်ပိုင်းအတွင်း ခန့်မှန်းခဲ့ကြောင်း သိရှိရပါသည်။ လက်ရှိအမေရိကန်ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်နေချိန်တွင် ဥရောပသမဂ္ဂဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ သုည ဒသမ သုည ရာခိုင်နှုန်း၊ အင်္ဂလန်ဗဟိုဘဏ်၏ဘဏ်တိုးနှုန်းမှာ သုည ဒသမ ၇၅ ရာခိုင်နှုန်း၊ ဩစတြေးလျဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ တစ်ရာခိုင်နှုန်း၊ ကနေဒါဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ ၁ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဂျပန်ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ -သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ ဆွစ်ဇာလန်ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းမှာ သုည ဒသမ ၇၅ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ် လျက်ရှိရာ စက်မှုအင်အားကြီးနိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု၏ ဘဏ်တိုးနှုန်းမှာ အများဆုံး ဖြစ်နေကြောင်း သိရှိရသည်။

ဘဏ်တိုးနှုန်းသည် နိုင်ငံခြားငွေလဲလှယ်မှု နှုန်းထားအပေါ်၌ အဓိကသက်ရောက်လျက်ရှိကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပြန်လည် အားကောင်းလာစေရန်အတွက် ဘဏ်တိုးနှုန်းကို အခြားအင်အားကြီးနိုင်ငံများနှင့် ကွာဟမှုမရှိအောင် လျှော့ချရန် ဆန္ဒရှိနေပြီး ဘဏ်တိုးနှုန်းလျှော့ချမှု နောက်ဆက်တွဲဂယက်ကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး အားပျော့သွားပါက ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေးကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အသာစီးရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။

အမေရိကန်ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒဆိုင်ရာ အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇူလိုင်လ လကုန်ပိုင်း၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးတွင် ဘဏ်တိုးနှုန်းအား သုည ဒသမ ၂၅ ရာခိုင်နှုန်းသို့မဟုတ် သုည ဒသမ ၅၀ ရာခိုင်နှုန်းလျှော့ချဖွယ်ရှိကြောင်း သိရှိရသည်။ အမေရိကန်ဗဟိုဘဏ်၏ လက်ရှိဘဏ်တိုးနှုန်း မှာ ၂ ဒသမ၅၀ ရာခိုင်နှုန်းဖြစ်ပြီး ဗဟိုဘဏ်ကော်မတီဝင်တစ်ဦးဖြစ်သူ နယူးယောက်ဘဏ်ဥက္ကဋ္ဌ ဂျွန်ဝီလီယံက ဗဟိုဘဏ်ကော်မတီဝင် အများစုသည် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအခြေအနေအပေါ်တွင် စိုးရိမ်ပူပန်နေသည့်အတွက် ဘဏ်တိုးနှုန်းကို တတ်နိုင်သမျှ အနိမ့်ဆုံးနှုန်းထားသို့ အမြန်ဆုံးလျှော့ချရန် စဉ်းစားနေကြောင်း ဇူလိုင် ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်တွင် ကမ္ဘာပေါ်ရှိသတင်းဌာနများ၏ ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်း စစ်တမ်းကောက်ယူမှုများအရ ဗဟိုဘဏ်အနေဖြင့် ဘဏ်တိုးနှုန်းအား သုည ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်လိမ့်မည်ဟု ခန့်မှန်း ထားသူများပြားနေသည့်အတွက် ကမ္ဘာ့ရွှေဈေးနှုန်းမှာ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အမေရိကန်အစိုးရက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတစ်ဝန်း အိမ်ရာဆောက်လုပ်ရေးဆိုင်ရာ စာရင်းအချက်အလက်များ၌ ဇွန်လအတွင်း၌ သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် နှစ်နှစ်တာကာလအတွင်း အနိမ့်ဆုံးအနေအထားသို့ ရောက်ရှိနေကြောင်း ဖော်ပြထားခြင်းသည်လည်း အမေရိကန်ဒေါ်လာတန်ဖိုးကို ကျဆင်းစေကာ ကမ္ဘာ့ရွှေဈေးနှုန်းကို အားကောင်းစေသည့် အခြားအချက်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း၌ တစ်ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်သည့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၃၉ ဒသမ ၃၀ အထိ ရောက်ရှိခဲ့ကြောင်း၊ သို့ရာတွင် အမြတ်အစွန်းရလိုမှုဖြင့် ပြန်လည်ရောင်းချသူ များပြားခဲ့သည့် အတွက် ဈေးအနည်းငယ်ကျဆင်းလာခဲ့ပြီး ဇူလိုင် ၂၀ ရက်နံနက်ပိုင်းတွင် နယူးယောက်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၅ ဒသမ ၇၀ ဝန်းကျင်၌ ဖြစ်ပေါ်ခဲ့ကြောင်း www.kitco.com အင်တာနက် website တွင်ဖော်ပြပါရှိသည်ကို လေ့လာသိရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၈-၇-၁၉ | ၂၂-၇-၁၉ | ၂၃-၇-၁၉ | ၂၄-၇-၁၉ | ၂၅-၇-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၃.၆ | ၁၅၁၀.၈ | ၁၅၁၀.၇ | ၁၅၁၃.၅ | ၁၅၁၃.၆ | ၀.၀၀ | |
| ၂ | Thai Baht | THB | ၃၀.၈၆၅ | ၃၀.၈၄၅ | ၃၀.၉၁၅ | ၃၀.၈၉၅ | ၃၀.၈၉၅ | ၀.၁၀ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၆၀ | ၁.၃၆၀ | ၁.၃၆၄ | ၁.၃၆၅ | ၁.၃၆၆ | ၀.၄၄ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၁၃ | ၄.၁၁၃ | ၄.၁၁၇ | ၄.၁၁၈ | ၄.၁၁၇ | ၀.၁၀ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၆၁ | ၁၃၉၄၅ | ၁၃၉၈၄ | ၁၃၉၉၃ | ၁၃၉၇၇ | ၀.၁၂ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၈၇၇ | ၆.၈၈၁ | ၆.၈၇၉ | ၆.၈၇၆ | ၆.၈၇၅ | -၀.၀၃ | ↓ |
| ၇ | Indian Rupee | INR | ၆၈.၉၃၂ | ၆၈.၉၈၃ | ၆၈.၉၅၀ | ၆၉.၀၀၂ | ၆၈.၉၇၆ | ၀.၀၆ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၇.၇၄၅ | ၁၀၇.၈၈၃ | ၁၀၈.၁၈၅ | ၁၀၈.၀၆၉ | ၁၀၈.၀၈၃ | ၀.၃၁ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၂၂ | ၁.၄၂၀ | ၁.၄၂၄ | ၁.၄၃၃ | ၁.၄၃၆ | ၀.၉၈ | ↑ |
| ၁၀ | Euro | EUR | ၀.၈၉၀ | ၀.၈၉၂ | ၀.၈၉၄ | ၀.၈၉၈ | ၀.၈၉၈ | ၀.၉၀ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၀ | ၀.၈၀၂ | ၀.၈၀၅ | ၀.၈၀၂ | ၀.၈၀၂ | ၀.၁၂ | ↑ |

Source– Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၂၅ ရက်တွင် ၁၅၁၃ ဒသမ ၆၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာတည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၅ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇူလိုင် ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၂ ကျပ်၊ ဇူလိုင် ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ ဇူလိုင် ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ်၊ ဇူလိုင် ၂၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

# ရေကြီးရေလျှံမှုများကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးနိုင်မှုအခြေအနေ ကြိုတင်ကာကွယ်ထားရန်လို

ယခင်ရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ငါး၊ ပုစွန်မွေးမြူရေးကန်များ နစ်မြုပ်နိုင်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ပြုလုပ်ထားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သတိပေးပြောကြားသည်။

ဇူလိုင် ၂၃ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အထက်ပိုင်းမှ ရေများသည် ငါးမွေးမြူ ရေးလုပ်ငန်းများ အများဆုံး လုပ်ကိုင်ကြသည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ စီးဆင်းလာမည်ဖြစ်သောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ငါး၊ ပုစွန်မွေးမြူရေးကန်များ ရေနစ်မြုပ်နိုင်ကာ ပျက်စီးဆုံးရှုံးမှုများ ရှိလာနိုင်ကြောင်း ယင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

"လက်ရှိရက်ပိုင်းလောက်မှာ အထက်ပိုင်းက ရေတွေက အောက်ပိုင်းကို စီးဆင်းလာမှာဖြစ်လို့ ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတိုင်းတွေမှာ ဩဂုတ်လကနေ စက်တင်ဘာလအတွင်း ရေကြီးမှုတွေ ဖြစ်ပေါ်နိုင်ပါ တယ်။ အရင်နှစ်တွေတုန်းကလည်း အလားတူ ရေကြီးနစ်မြုပ်မှုတွေရှိခဲ့လို့ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးတာတွေ ရှိခဲ့ပါတယ်။ အခုအချိန်မှာ ဈေးကွက်တန်းဝင်ငါးတွေ ရှိနေပြီဆိုရင်တော့ ကန်ဖော်လိုက်တာ ကောင်းပါတယ်။ ဈေးကွက်လေးလည်း ရှိနေတော့ ဆုံးရှုံးမှု သက်သာနိုင်တယ်။ ဒီလို မှ မဟုတ်ဘဲ အရွယ်မရောက်သေးတဲ့ ငါးတွေဖြစ်ရင်တော့ ဆုံးရှုံးမှုနည်းအောင် ကြိုတင်ကာကွယ်ထားဖို့ လိုပါ တယ်"ဟု ဦးဝင်းကြိုင်က ပြောသည်။



မိုးအဆက်မပြတ် ရွာသွန်းခြင်း၊ ထူးကဲဒီရေ မြင့်တက်လာခြင်းနှင့်အတူ အထက်ပိုင်းမှရေများ စုစည်းစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ် နိုင်ကာ ယင်းအခြေအနေများသည် ဩဂုတ်လမှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ မိမိတို့ဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ပါက ဆုံးရှုံးမှု လျော့နည်းစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် တာဘောင်များ ကျိုးပဲ့မှုမရှိစေရန် အဆင့်မြှင့်တင်ခြင်း၊ ကြံ့ခိုင်မှုရှိစေရန် သဲအိတ်ဖို့ခြင်းများကို ဆောင်ရွက်ထားရန်နှင့် ငါးမွေးကန်များ ရေလျှံ၍ ငါးများ မလွတ်ထွက်စေနိုင်ရန် ပိုက်စိတ်များ ဖြင့် ကြိုတင်ကာရံခြင်းနှင့် အစာသိုလှောင်ရုံများ ပျက်စီးဆုံးရှုံးမှုများ မရှိစေရန် ကြံ့ခိုင်ရေး လုပ်ငန်းများကို ကြိုတင်ပြုလုပ်ထားရန်လိုအပ်ကြောင်း ဦးဝင်းကြိုင်က ပြောသည်။

ရေကြီးမှုကို အကြောင်းပြုပြီး ငါးမွေးလုပ်ငန်းတွေ ရပ်တန့်သွားနိုင်တယ်။ မွေးမြူရေးလုပ်ငန်းတွေ အရှိန်ကျသွားပြီး ထုတ်လုပ်မှုတွေလည်း လျော့ကျနိုင်တာကြောင့် ရေကြီးရေလျှံမှုက ငါးထုတ်လုပ်မှုကဏ္ဍမှာ အဟန့် အတားတစ်ခုလို ဖြစ်လာတယ်။ ဒီနှစ်မှာ ထုတ်လုပ်မှုတွေ လျော့ကျလို့ ငါးဈေးကောင်းနေတဲ့အချိန်မှာ ရေကြီး မှုဖြစ်လာရင် ထုတ်လုပ်ရေးလုပ်ငန်းတွေ ပိုလျော့ကျပြီး ငါးဈေးတွေ ဒီထက်ပိုတက်လာနိုင်တယ်"ဟု ပြောသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ငါးကန်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ပါက ငါးသားပေါက်များ အခမဲ့ အကူအညီပေးမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးလှဝင်းက ပြောသည်။

"ဧရာဝတီမြစ် အထက်ပိုင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်နေတယ်။ ဒီရေတွေက အောက်ပိုင်းဒေသကို ရောက် လာပြီး ငါးကန်တွေ ရေနစ်မြုပ်နိုင်တာကြောင့် ကျွန်တော်တို့အနေနဲ့ ဆုံးရှုံးမှုတွေကို ပြန်လည် ပံ့ပိုးပေးနိုင်ဖို့ စီမံချက်တွေ ရေးဆွဲနေတယ်။ ရေကြီးမှုကြောင့် ငါးကန်တွေဆုံးရှုံးခဲ့ရင် ငါးသားပေါက်တွေ ဖြန့်ဖြူးပေးပါမယ်။ ပြည်နယ်နဲ့ တိုင်းအသီးသီးက လိုအပ်ချက်ကို ပံ့ပိုးပေးမှာဖြစ်လို့ ငါးသားပေါက်လိုအပ်လာရင် သက်ဆိုင်ရာအသင်းကနေတစ်ဆင့် ကျွန်တော်တို့ထံကို အကူအညီတောင်းခံနိုင်ပါတယ်"ဟု ဦးလှဝင်းက ပြောသည်။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်သည့် ငါးကန်များအားလုံးကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သောကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့သည့် ငါးမွေးမြူ ရေးလုပ်ငန်းရှင်များအတွက် သက်ဆိုင်ရာ ငါးမွေးမြူရေး အသင်းများက ကူညီအကြောင်းကြားပေးရန် လိုအပ်ကြောင်း ဦးလှဝင်းက ပြောသည်။

**ပန်းဆု**

AYE AYE PHYO
&
GROUP CO.,LTD
(Companies Consultancy Services)

Add : No.2nd Floor, 38th Street,
Kyauktada Township,
Yangon, Myanmar.
Ph : 01 389271, 09 43207889,
09 798999997,09 254838980.
Fax : 095-1 389271
Email : d.ayeayephyo@gmail.com

TRUSTY GOAL CO.,LTD
Export / Import & General



Add : No.35, Aye Street, Ahlone Township,
Yangon, Myanmar.
Ph : 09 254901919, 09 777900883
Email : trustygoal2018@gmail.com

**KNIGHT MYANMAR**
GROUP OF COMPANIES

Business & Company Consultancy

**ဝန်ဆောင်မှုများ**

- ကုမ္ပဏီအသစ် ဖွဲ့စည်းခြင်း။
- ဥပဒေရေးရာကိစ္စများ ဆွေးနွေးအကြံပေးခြင်း။
- ဘဏ္ဍာရေးနှစ်အလိုက် စာရင်းများ ရေးဆွဲပေးခြင်း။
- Export/ Import လိုင်စင်ပါမစ်များ လျှောက်ထားပေးခြင်း။
- Money Changer ကောင်တာလိုင်စင် လျှောက်ထားပေးခြင်း။
- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းလိုင်စင် လျှောက်ထားပေးခြင်း။
- ကုန်အမှတ်တံဆိပ်၊ အစားအသောက်နှင့် ဆေးဝါးမူပိုင်ခွင့် လျှောက်ထားပေးခြင်းနှင့် အခြားသောစီးပွားရေးဆိုင်ရာများ အကြံပေးဆောင်ရွက်လျက်ရှိပါသည်။

09-403367033, 44, 55, 66, 77
info@knightmyanmargroup.com
Knight Myanmar Group
www.knightmyanmargroup.com
No.26/B, Kamarkyi Road, Yangonthit Ward, (Thuwana), Thingangyun Township, Yangon, Myanmar.
Postal Code: 11072 (Thingangyun)


Your Success Is Our Goal






ကျယ်ပြန့်သောမျက်နှာပြင် ကျစ်လစ်သောကိုယ်ထည်

**Swift 5**
8th Gen Intel® Core™ i5¹ processor
Less than 1 kg metal design
FHD IPS touchscreen display
Narrow bezel¹


Acer meets Intel® Optane™ technology
Boost your speed.

Acer Myanmar | Synnex Myanmar | Phone number : 09791079410, 09791079420



# Enjoy Life. Eat and Drink Well...

ROYAL DANSK
Ritter SPORT
Bonne Maman
CIRIO
Latino Bella
Lorenz
Barilla
English Tea Shop
Délifrance
Perrier
PEPPERIDGE FARM
La Dory

ANNAM MYANMAR






info@annam-group.com
www.annam-group.com

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ဖော်ထုတ်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

မအူပင်မြို့ တိုးရွှေဝါခန်းမ၌ စားသုံးသူရေးရာဦးစီးဌာနက ဇူလိုင် ၁၀ ရက်တွင် ဦးဆောင်ကျင်းပပြုလုပ်ခဲ့သော "ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး" အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ချက်များအား တိုင်းဦးစီးမှူး ဦးစိုးအောင်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေး၊ ဧရာဝတီတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ တိုင်းဆန်ကုန်သည်များအသင်းအတွင်းရေးမှူး ဦးသိန်းစိုးဦး၊ တောင်သူလယ်သမားအသင်း အတွင်းရေးမှူး ဦးအေးသောင်းနှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ဆန်စက်ပိုင်ရှင်များ စုစုပေါင်း ၂၀ ခန့်တက်ရောက်ခဲ့သည်။

တိုင်းဦးစီးမှူး ဦးစိုးအောင်က မိမိတို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများ လက်ရှိပြည်ပဆန်တင်ပို့မှု၊ ပြည်ပဆန်တင်ပို့ရောင်းချမှုဈေးနှုန်းအခြေအနေရွှေဘိုပေါ်ဆန်း၊ ရွှေဘိုဧရာမင်းစပါးနှင့် ဧရာဝတီတိုင်းဒေသရှိ ဧရာဝတီပေါ်ဆန်း၊ ဆင်းသုခ၊ မနောသုခ၊ ဆန်တို့မှအကျိုးအမြတ်ရရှိမှု နှိုင်းယှဉ်ချက်၊ မအူပင်မြို့ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များ ရှင်းလင်းတင်ပြခြင်းနှင့်ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲယာယီမှူးသုံးသပ်တင်ပြချက်များအား Power Pointဖြင့်ရှင်းလင်းတင်ပြခဲ့သည်။

**ဧရာမြေ**

# သီရိမင်္ဂလာဈေး သစ်သီးဝလံဈေးနှုန်း အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးတွင် ဇူလိုင် ၁၇ရက်မှ ၂၄ရက်အတွင်းဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ ဧရာဝတီ(ဖျာပုံ)သံပရာမှာ အလုံးကြီး တစ်လုံး ကျပ် ၄၀၊ အလုံးလတ်ကျပ် ၃၀ နှင့် အလုံးသေးကျပ် ၂၀၊ ဘိုကလေးနှင့် ကျိုက်လတ်မှ (မြန်မာ)မာလကာမှာ အလုံးကြီး တစ်လုံး ကျပ် ၁၀၀၊ အလုံးလတ်ကျပ် ၅၀နှင့် အလုံးသေး ၂၅ကျပ်၊ မန္တလေး၊ မုံရွာနှင့် တိုက်ကြီးတို့မှ ကီလိုမာလကာ အလုံးကြီး တစ်လုံး ကျပ် ၃၀၀၊ အလတ်မှာ ကျပ် ၂၀၀ နှင့် အသေးတစ်လုံး ကျပ်၁၀၀၊ သီပေါ ပျားနာနတ်အလုံးကြီး တစ်လုံး ကျပ် ၅၀၀၊ လတ် ကျပ်၄၀၀နှင့် အသေးကျပ်၃၀၀ ရှိခဲ့သည်။

ဝမ်းတွင်းနှင့်ကျောက်ဆည်မှ ဖရဲ(၂၁၁) အကြီးတစ်လုံး ကျပ် ၃၀၀၀၊ အလတ်ကျပ် ၂၅၀၀၊ အသေးတစ်လုံးကျပ် ၁၅၀၀ နှင့် (၈၅၅)ဖရဲမှာ အကြီးတစ်လုံးကျပ် ၆၀၀၀၊ အလတ်ကျပ် ၄၀၀၀၊ အသေးကျပ်၃၀၀၀ ဈေးရှိသည်။ တိုက်ကြီးမှ ပိန္နဲ (ကိုင်းဆက်ရွက်သေး)အကြီးတစ်လုံး ကျပ် ၂၀၀၀ အလတ်ကျပ် ၁၅၀၀ နှင့် အသေးကျပ် ၁၀၀၀၊ ညောင်နှစ်ပင်ပိန္နဲ (ယိုးဒယားကိုင်းဆက်ရွက်ကြီး) အကြီးတစ်လုံး ကျပ် ၆၀၀၀၊ အလတ်ကျပ် ၅၀၀၀ နှင့် အသေး ကျပ် ၃၀၀၀၊ မော်လမြိုင်၊ မြိတ်နှင့် ထားဝယ်မှ ဒူးရင်းသီးအကြီး တစ်လုံးကျပ် ၅၀၀၀၊ အလတ်ကျပ်၃၀၀၀ အသေးကျပ် ၂၀၀၀ တို့ရှိပြီး ရှမ်းပြည်နယ် (ပင်ဖြစ်၊ရပ်စောက်နှင့်ရတနာပုံ) တို့မှ မချစ်စုသရက် အလုံး ၆၀ ပါ တစ်ခြင်းကျပ် ၃၀၀၀၀၊ အလုံး ၉၀ ပါ တစ်ခြင်း ကျပ် ၂၅၀၀၀၊ အလုံး၁ ၂၀ ပါတစ်ခြင်း ကျပ် ၂၀၀၀၀ နှင့် ရင်ကွဲသရက် အလုံး ၅၀ ပါ သေတ္တာတစ်လုံး ကျပ်၁၇၀၀၀ အလုံး ၁၁၀ ပါ သေတ္တာတစ်လုံးကျပ် ၁၅၀၀၀၊ အလုံး၁၄၀ပါသေတ္တာ တစ်လုံးကျပ် ၁၂၀၀၀ တို့ အသီးသီးဈေးဖြစ်ပေါ်ခဲ့သည်။

တိုက်ကြီး ကျွဲကော(ပန်းရောင်) အကြီးတစ်လုံး ကျပ် ၅၀၀၊ အလတ်ကျပ် ၄၀၀၊ အသေး ကျပ် ၃၀၀ နှင့် မော်လမြိုင် ကျွဲကော(ပန်းရောင်)အကြီးတစ်လုံးကျပ် ၁၀၀၀ အလတ်ကျပ် ၇၀၀ အသေးကျပ်၄၀၀ တို့ရှိပြီး ပြင်ဦးလွင်နဂါးမောက် ၁၅ လုံးပါ တစ်ဖာ ကျပ် ၁၄၀၀၀၊ ၂၄လုံးပါ တစ်ဖာ ကျပ် ၁၀၀၀၀၊ အလုံး ၃၀ ပါ တစ်ဖာ ကျပ် ၆၀၀၀ နှင့် ပုပ္ပါးနဂါးမောက် ၁၅ လုံးပါတစ်ဖာ ကျပ် ၁၂၀၀၀၊ ၂၄လုံးပါတစ်ဖာ ကျပ် ၇၀၀၀၊ ၃၀လုံးပါ တစ်ဖာ ကျပ် ၄၀၀၀ ရှိကြသည်။ ကျောက်ဆည်မှ ငှက်ပျောသီးအကြီးတစ်လုံး ကျပ် ၄၀နှင့် အလတ်မှာ၁၅ကျပ် ကျိုက်လတ်နှင့်ဖျာပုံမှ ငှက်ပျောသီးအကြီး တစ်လုံး ကျပ် ၂၀ နှင့် အလတ်မှာ ၁၅ကျပ်၊ တိုက်ကြီး(သဲဝါ)မှ ပလောပီနံအလုံးကြီးတစ်ပိဿာ ကျပ် ၅၀၀ အလတ်မှာ ကျပ် ၄၀၀ နှင့် အသေးမှာကျပ် ၃၀၀ စသည်ဖြင့် ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**West Doca**

# မန္တလေး ကြက်သွန်နီဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေ

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီဈေးကွက်အခြေအနေမှာ ဈေးငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၀၀၀ ၊ အလတ်စကျပ် ၉၀၀၊ အနိမ့်စ ကျပ် ၈၅၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၄၀၀၊ အလတ်စ ကျပ် ၁၂၀၀၊ အနိမ့်စကျပ် ၁၀၀၀ ဖြင့်နေ့စဉ် ကုန်ချိန် ပိဿာ ၃၀၀၀၀ မှ ၄၅၀၀၀ ကြားတွင် ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

မန္တလေးတိုင်းအတွင်း အရည်အသွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်ဈေးကွက်တွင် လက်ကားဈေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၉၀၀၊ အလတ်စကျပ် ၇၀၀၊ အနိမ့်စကျပ် ၅၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၀၀၀၊ အလတ်စကျပ် ၈၀၀၊ အနိမ့်စကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် မန္တလေးနှင့် ကျောက်ဆည် ကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဖြစ်နေကြောင်းသိရသည်။

မြင်းခြံကုန်စည်ဒိုင် ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ် ကုန်ချိန် ပိဿာ ၁၂၀၀၀ မှ ၆၀၀၀၀ အထိ ဝင်ရောက်မှုရှိကြောင်း၊ ယခင်တစ်ပတ်က လက်ကားဈေးတစ်ပိဿာလျှင်ကျပ် ၅၅၀ မှ ၇၅၀ ရှိခဲ့ပြီး ယခုတစ်ပတ် လက်ကားဈေးတစ်ပိဿာလျှင်ကျပ် ၆၀၀ မှ ၇၇၅ ကျပ် ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မြင်းခြံကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ် ပုံမှန်ရှိကြောင်းသိရသည်။

**ချောစုဝင်း**
**(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

စာမျက်နှာ (၈) တရုတ်နိုင်ငံ၏ . . . မှအဆက်



၂၀၁၇-၂၀၁၈ ဈေးကွက် ဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးမှ သကြား ၇၁၀၀၀ မက်ထရစ်တန်သာ တင်သွင်းခဲ့ပြီး ၂၀၁၈-၂၀၁၉ ဈေးကွက်ဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးမှ သကြား ၇၀၀၀၀၀ မက်ထရစ်တန်အထိ တင်သွင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၉ ခုနှစ် မတ် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် USDA Foreign Agricultural Service Gain Report အရ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သကြားထုတ်လုပ်မှုမှ ကျဆင်းသွားမည်ဖြစ်ပြီး ကြံထုတ်လုပ်မှုမှာ တည်ငြိမ်၍ သကြားမုန်လာစိုက်ဧကများ တဖြည်းဖြည်းချင်းတိုးလာပြီး သကြားမုန်လာ ထုတ်လုပ်မှုအနေဖြင့် ၁ ဒသမ ၄၅ မီလီယံမက်ထရစ်တန်အထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်း ထားကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သကြားစားသုံးမှုမှာ ၁၅ ဒသမ ၈ မီလီယံမက်ထရစ်တန်အထိ ရောက်ရှိမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

တရုတ်အစိုးရအနေဖြင့် ပြည်တွင်းသကြားဈေးကွက်ကို ကာကွယ်ရန် နှင့် သဘာဝပတ်ဝန်းကျင်၊ အစားအစာလုံခြုံမှုနှင့် စားသုံးသူများ၏ကျန်းမာရေးတို့ကို ကိုင်တွယ်နိုင်ရန်အတွက် မူဝါဒများဖြင့် ပြည်တွင်းဆေးသကြား ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ကန့်သတ်လျက် ရှိကြောင်းလည်း တွေ့ရှိရသည်။

အထက်ဖော်ပြပါ တရုတ်နိုင်ငံ၏ သကြားကုန်သွယ်မှုနှင့် ထုတ်လုပ်မှုအခြေအနေများနှင့် တရုတ်နိုင်ငံ ပြည်တွင်းလုပ်ငန်းရှင်များ သကြား Quota လျှောက်ထားလိုပါက လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များအရ တရုတ်နိုင်ငံဘက်သို့ မြန်မာ့ထွက်ကုန်သကြားများ တင်ပို့လိုပါက တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြေညာချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှု Quota စုစုပေါင်း၏ ၇၀ ရာခိုင် နှုန်းမှာ နိုင်ငံပိုင်ကုန်သွယ်မှုလုပ်ငန်းများအတွက်ဖြစ်ခြင်းကြောင့် မြန်မာ့သကြားလုပ်ငန်းရှင်များအနေဖြင့် သကြားပိုမိုတင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံပိုင်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ သကြားဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် ခက်ခဲနေဦးမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်တစ်ခုဖြစ်တဲ့ ဆန်ကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံရဲ့မူဝါဒများဖြစ်တဲ့ အပင်ပိုးမွှား ကင်းစင်ရေးဆိုင်ရာ (SPS) ကိစ္စရပ်များကိုလိုက်နာဆောင်ရွက်ရပြီး မြန်မာနိုင်ငံရှိ ဆန်စက်တွေနဲ့စိုက်ပျိုးထုတ်လုပ်မှုများကို တရုတ်နိုင်ငံ တာဝန်ရှိသူများမှ လာရောက်လေ့လာစစ်ဆေးခြင်းများဆောင်ရွက်သလို ယခုသကြားတင်ပို့မှုများအတွက်လည်း နှစ်နိုင်ငံ SPS ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံရှိ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်စက်ရုံတွေကို တရုတ်တာဝန်ရှိသူများမှ လာရောက်လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်မှာဖြစ်တဲ့အတွက် အရည်အသွေးမြင့် သကြားထွက်ကုန်များရရှိရေး မိမိတို့၏ ပြည်တွင်းသကြားစက်များကို ကြိုတင်အဆင့်မြှင့်တင် ဆောင်ရွက်ထားရန် လိုအပ်မှာဖြစ်ပါတယ်။

သို့မှသာ နှစ်နိုင်ငံ SPS ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပြီးပါက အရည်အသွေးမြင့် သကြားများကို တရုတ်နိုင်ငံသို့ တရားဝင်လွယ်ကူစွာတင်ပို့နိုင်မှာဖြစ်တဲ့အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်ပါကြောင်း လေ့လာသုံးသပ်မိပါတယ်။

**Source: USDA Foreign Agricultural Service's Sugar Annual Report dated 3rd May, 2019**

**MOFCOM Announcement No. 78 of 2018 on Application and Distribution for Sugar Import Tariff Quota in 2019**

# သီလဝါရှိ ပြည်တွင်းဈေးကွက် ဦးစားပေး

# ထုတ်ကုန်စက်ရုံများ အားကောင်းနေသည်

[မောင်လွင်ပြင်]

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်ကြီး သုံးခု အကောင်အထည်ဖော်ရန် အစီအစဉ်ရှိသည်။ သီလဝါ အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ ဖြစ်၏။ ယခုအခါ အစောဆုံး အကောင်အထည်ဖော်ဖြစ်ခဲ့သော သန်လျင်သီလဝါ အထူးစီးပွားရေးဇုန်သည် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်နေပြီး အောင်မြင်မှုအသီးအပွင့်များလည်း ဖြစ်ထွန်းနေပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်ကို ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံတို့ ပူးပေါင်းရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည်။ မြန်မာသီလဝါ အက်စ်အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကိုလည်း ဖွဲ့စည်းထားသည်။ ယင်းကုမ္ပဏီလီမိတက်သည် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံကိန်း၏ ပင်မအဖွဲ့လည်းဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန် အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်းကိုတော့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်နေ၏။

မြန်မာအထူးစီးပွားရေဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌသည် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖြစ်သည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဖြစ်သည်။ ဇူလိုင် ၁၈ ရက်တွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ပြီး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ဇုန်အတွင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၁၀ ကျော်အနက် လုပ်ငန်း ၇၄ ခုသည် စီးပွားဖြစ် လည်ပတ်ထုတ်လုပ်လျက်ရှိပြီး လုပ်ငန်း ၁၈ ခုသည် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်သည်ဟု တင်ပြခဲ့သည်။ ထို့ပြင် ဇုန်အတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၂ ခု လုပ်ကိုင်ခွင့်ပြုထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ ရှိနေပြီဟုလည်း တင်ပြခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စာရင်းများ အရ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုများကိုကြည့်လျှင် ဂျပန်နိုင်ငံ ကုမ္ပဏီ ၅၀၊ ထိုင်းကုမ္ပဏီ ၁၄ ခု၊ တောင်ကိုရီးယားကုမ္ပဏီ ခြောက်ခု၊ ထိုင်ဝမ်ကုမ္ပဏီ ငါးခု၊ စင်ကာပူကုမ္ပဏီ သုံးခု၊ မလေးရှားကုမ္ပဏီ သုံးခု၊ မြန်မာကုမ္ပဏီလေးခု၊ အမေရိကန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ အင်္ဂလန်၊ တရုတ်၊ ဟောင်ကောင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့က ကုမ္ပဏီတစ်ခုစီ အသီးသီး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသည်။ ထို့ပြင် အသစ်ထပ်တိုးသည့် ကုမ္ပဏီများလည်း ရှိနေသေးသည်။ လုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစားအလိုက် ကုမ္ပဏီအရေအတွက်ကိုလည်း လေ့လာကြည့်မိသည်။ ဆောက်လုပ်ရေး ကုန်ကြမ်းဆိုင်ရာ ကုမ္ပဏီ ၁၆ ခု၊ ထုပ်ပိုးမှုနှင့် ကွန်တိန်နာဆိုင်ရာကုမ္ပဏီ ၁၀ ခု၊ အထည်ချုပ်လုပ်ငန်းကုမ္ပဏီ ရှစ်ခု၊ ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီရှစ်ခု၊ အစားအသောက်နှင့် ဖျော်ရည်လုပ်ငန်း ကုမ္ပဏီရှစ်ခု၊ လယ်ယာလုပ်ငန်းဆိုင်ရာကုမ္ပဏီ ရှစ်ခု၊ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ် ကုမ္ပဏီငါးခု၊ လျှပ်စစ် ဓာတ်အားဆိုင်ရာ ကုမ္ပဏီငါးခု၊ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ခြောက်ခု၊ ဖိနပ်နှင့် အပိုပစ္စည်းထုတ်လုပ်စက်ရုံ ကုမ္ပဏီသုံးခု၊ သဘော်ဆေးလုပ်ငန်း ကုမ္ပဏီလေးခု၊ စက်ရုံသုံး ဂက်စ်လုပ်ငန်းကုမ္ပဏီ နှစ်ခု၊ ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီတစ်ခု စသည်တို့ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီများ၊ ဂျပန်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုများ ဦးဆောင်နေသည်။ ဂျပန်နိုင်ငံရှိ မော်တော်ကား ထုတ်လုပ်ကုမ္ပဏီများ၊ အီလက်ထရွန်နစ်ကုမ္ပဏီများ သီလဝါ အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိနေသည်ဟု သိရသည်။ ယင်းစိတ်ဝင်စားမှုဖြစ်လာခြင်းသည် ပြီးခဲ့သည့် လပိုင်းက သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နာမည်ကြီးတံဆိပ် တိုယိုတာမော်တော် ကော်ပိုရေးရှင်းက မော်တော်ကားတပ်ဆင်ထုတ်လုပ်စက်ရုံ စတင်တည်ထောင် ရင်းနှီးမြှုပ်နှံပြီးနောက်ပိုင်း အခြားကုမ္ပဏီများ စိတ်ဝင်စားလာကြခြင်းဖြစ်သည်။ ဇုန်အတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသည့် ကုမ္ပဏီများ၏ ဈေးကွက်အခြေအနေကိုလည်း လေ့လာကြည့်သည်။ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ချက်အရ ယင်းဇုန်အတွင်း ထုတ်လုပ်နေသော အခြေအနေမှာ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်းရှိပြီး ပြည်ပပို့ကုန်ဦးစားပေစက်မှုလုပ်ငန်း ရာခိုင်နှုန်း ၄၀ ရှိကြောင်း သိရသည်။ ဈေးကွက်အရကြည့်လျှင်လည်း ပြည်တွင်းဈေးကွက်ဦးစားပေး စက်မှုလုပ်ငန်း ကုမ္ပဏီ ၆၀၊ ပြည်ပပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်း ကုမ္ပဏီ ၃၆ ခုတို့ လည်ပတ်ထုတ်လုပ်နေကြောင်း သိရသည်။ အခြားနောက်တိုးကုမ္ပဏီများလည်း ရှိနိုင်ပါသေးသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ဇုန်ကြီး နှစ်ပိုင်းခွဲခြားထားသည်ဟုလည်း သိရပြန်သေးသည်။ ပထမပိုင်းမှာ ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းစက်ရုံများ အပိုင်းဖြစ်သည်။ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းအပိုင်းတွင် ပြည်ပတင်ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ထုတ်လုပ်ပစ္စည်းအားလုံး၏ ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နေသည်။ ပို့ကုန် ဦးစားပေးစက်မှုလုပ်ငန်းအပိုင်းကို Free Zone ဟု လည်းခေါ်သည်။ Free Zone ဟု ခေါ်ရခြင်းမှာ အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ခွင့်ပြုပေးထားသောကြောင့် ဖြစ်သည်။ နောက်တစ်ပိုင်းကတော့ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်းထုတ်လုပ်သည့် စက်ရုံများ အပိုင်း ဖြစ်သည်။ ယင်းအပိုင်းကိုတော့ Promotion Zone ဟုခေါ်သည်။ Promotion Zone သည်လည်းပဲ Free Zone ကဲ့သို့ပင် အခွန်ကင်းလွတ်ခွင့် ငါးနှစ်ခွင့်ပြုပေးထားသည်။ ယင်းသို့ ဇုန်နှစ်ပိုင်းစလုံး၏ မြေနေရာသုံးစွဲခွင့်၊ ငှားရမ်းခွင့်ကာလကို အများဆုံး ၇၅ နှစ်သတ်မှတ်ပေးထားသည်။ ယင်းအချက်အလက်များသည် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ လေ့လာသိရှိရသော အချက်အလက်များဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန် တည်ထောင်ကာစ ကနဦးကာလတွင် ဇုန်အတွင်း ကုန်ထုတ်လုပ်မှုအနေအထားကို ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်း၊ ပြည်တွင်း ဈေးကွက်ဦးစားပေး စက်မှုလုပ်ငန်း ၃၀ ရာခိုင်နှုန်းဟူ၍ ခန့်မှန်းထားခဲ့သည်ဟု သိရသည်။ သို့သော် လက်ရှိအချိန်တွင် ဈေးကွက်အနေအထား အပြောင်းအလဲအရ ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းက ၄၀ ရာခိုင်နှုန်း၊ ပြည်တွင်းဈေးကွက်ဦးစားပေးစက်မှုလုပ်ငန်းက ရာခိုင်နှုန်း ၆၀ ဟူ၍ ပြောင်းလဲသွားခဲ့သည်။ ယင်းသို့ ပြောင်းလဲသွားခြင်းကို စောင့်ကြည့်သော် ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်စွမ်းမရှိသေးကြောင်း တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ပြည့်မီအောင် မထုတ်လုပ်နိုင်သေးခြင်းမှာလည်း ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMES) အရှိန်ယူရဆဲအနေအထားကြောင့် ဖြစ်သည်။

ယခုအခါ မြန်မာ့ MSMES လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်ရုံးတွင် လစဉ်ပုံမှန်တွေ့ဆုံပွဲများ ပြုလုပ်ပြီး စီးပွားရေးလုပ်ငန်းပိုင်ရှင်များ၏ အခက်အခဲများကို အပြန်အလှန် ဖလှယ်ဖြေရှင်းပေးနေသည်။ မြန်မာ MSMES လုပ်ငန်းများ ဖွံ့ဖြိုးရေးသည် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် အထောက်အကူပြုသည်။ ထို့ကြောင့် မြန်မာအထူးစီးပွားရေးဇုန်များ တစ်စတစ်စ ဖွံ့ဖြိုးရေး နိုင်ငံတော်အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ပေါ်ထွန်းရေး ပေါ်လစီအချို့ဖြေလျှော့နေခြင်းဖြစ်သည်။ မကြာမီ ဂျပန်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် ထားဝယ်အထူး စီးပွားရေးဇုန် ရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။ ထားဝယ်စီးပွားရေးဇုန်သည် မြန်မာ MSMES တို့အတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ပေးနိုင်လိမ့်မည်။ ဂျပန်ကုမ္ပဏီများ၊ ထိုင်းကုမ္ပဏီနှင့် အခြားကုမ္ပဏီများအလယ် မြန်မာကုမ္ပဏီများ ရင်ပေါင်တန်း ရင်းနှီးမြှုပ်နှံပြီး ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်လိမ့်မည်ဟုလည်း မျှော်မှန်းမိကြောင်း တင်ပြလိုက်ပါသည်။

Commerce ကာတွန်း



# မော်လမြိုင်ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်ဒိုင်လေ့လာရေး ခရီးစဉ်အတွက် အစည်းအဝေးကျင်းပ

မော်လမြိုင် ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်ဒိုင် လေ့လာရေးခရီးစဉ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ် ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့် အမှာစကားပြောကြားရာတွင် ဒုတိယသမ္မတ (၁) ဦးဆောင်သည့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် 'ပြည်တွင်းကုန်သွယ်မှု မှန်ကန်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကုန်စည်ဒိုင်များ၏ လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များကို ထိန်းကျောင်းသွားရန်'ဟု ဆုံးဖြတ်ခဲ့မှုအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ထိန်းကျောင်းပေးရခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိကုန်စည်ဒိုင်ကိုလည်း Function ဖြစ်အောင် ပြုလုပ်ရန်လိုကြောင်း၊ ကုန်စည်ဒိုင်အသင်းဖွဲ့စည်းထားရှိမှုမှာ Update ဖြစ်ဖို့ လိုကြောင်း၊ အသင်းဖွဲ့စည်းရာတွင်လည်း အမှန်တကယ် အလုပ်လုပ်သည့်သူများကို အဓိကပါဝင်စေလိုကြောင်း ပြောကြားခဲ့သည်။

မော်လမြိုင် ကုန်စည်ဒိုင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကုန်စည်ဒိုင်လေ့လာရေး ခရီးစဉ်အဖြစ် မန္တလေး၊ လားရှိုး၊ မူဆယ် ကုန်စည်ဒိုင်များသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ လေ့လာရေးခရီးစဉ်တွင် Business Matching ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ကို National Enlightenment Institute- NEI မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ကုန်စည်ဒိုင်မှ Export Sector ကို သွားရမည်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်တွင် Sector အလိုက် ဦးစားပေးကဏ္ဍများကို သတ်မှတ်ဆောင်ရွက်ရာတွင် မွန်ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သော ရော်ဘာကဏ္ဍ၊ ဆန်စပါးကဏ္ဍ၊ ဆားကဏ္ဍ၊ သစ်သီးဝလံကဏ္ဍ၊ ပဲနှမ်းကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် Developing The Leader In You ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန် ရုံးတွင် ဖွင့်လှစ်ထားရှိသော ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute - TTI) သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းကာလအတွင်း ကျွမ်းကျင် ပညာရှင်များအား ဖိတ်ကြားပြီး စီးပွားရေးဟောပြောဆွေးနွေးပွဲ (Business Talk Program) ကို Public Seminar အဖြစ် စီစဉ်ကျင်းပပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက် နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၏ ပဥ္စမထပ် ညီလာခံခန်းမ၌ Business Talk ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "Developing The Leader In You" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် Business Talk သို့ လက်ရှိ သင်တန်းသား၊ သင်တန်း သူများနှင့် သင်တန်းတက်ရောက်ခဲ့သူများအပြင် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း နှင့် သိရှိလိုသည်များကို ဖုန်း-၀၁-၂၅၀၈၇၁၊ ၀၁-၃၇၈၇၉၈ နှင့် ၀၉-၅၀၉၆၁၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါ ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သိန်းမြင့်ဝေ

## SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် Human Resource Management သင်တန်းဖွင့်မည်

KPS Business Training Group သည် ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ SME ဌာနနှင့်ပူးပေါင်း၍ MEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းရှင်များလိုအပ်သော အကူအညီများပေးနိုင်ရန်၊ လုပ်ငန်းရှင်များမှ မိမိတို့ဝန်ထမ်းများနှင့် လုပ်ငန်းအား စီမံခန့်ခွဲမှုစနစ်များ တိုးတက်လာစေရန်ရည်ရွယ်၍ Human Resource Management သင်တန်းကို ကရင်ပြည်နယ် ဘားအံမြို့၌ ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် Registration fee ကျပ် ၃၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး နေ့လယ်စာနှင့် လက်ဖက်ရည်ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း၊ သင်တန်းသားဦး ရေမှာ ၂၀ မှ ၃၀ ထိလက်ခံမည်ကြောင်း၊ သင်တန်းတက်ရောက်သူများအား သင်တန်းဆင်းလက်မှတ် (Certificate) ပေးအပ်မည်ဖြစ်ကြောင်းနှင့် သင်တန်း တက်ရောက်ရန် စိတ်ဝင်စားသူများအနေဖြင့် ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဖုန်း-၀၅၈၂၁၁၄၀၊ ၀၉၂၅၀၀၇၇၄၃၄၊ ၀၉၄၂၅၃၁၀၃၀၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **အိအိခိုင်(ကရင်ပြည်နယ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါအင်ဆိုဒ် (၂၀၀၈) | M | ၁၈၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အက်ဗီယို (၂၀၀၉) | H | ၂၃၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | တိုယိုတာဗစ် (၂၀၀၈) | G | ၁၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဘယ်လ်တာ (၂၀၀၇) | F | ၁၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဗင်းဂတ် (၂၀၀၇) | M | ၅၁၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆွစ် (၂၀၁၁) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |
| ၇။ | ခရောင်းဆလွန်း (၂၀၀၅) | ယာယီ | ၂၉၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရီမီယို (၂၀၁၁) | ယာယီ | ၄၅၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (တိုက်ကြေ) | - | ၁၂၀ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၃ x ၅၅ )ပေ | (ပ) ထပ်၊ အခန်းဖွဲ့ | ၆၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | တာမွေမြို့နယ်၊ ပျားရည်ကုန်းလမ်း | (၁၃ x ၅၅ )ပေ | BR (1)၊ ပါကေးခင်း | ၄၅၀ သိန်း | (ပ) ထပ် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း (၁၄/၂) | (၃၅ x ၅၅ )ပေ | RC (1) ထပ် | ၂၃၀၀ သိန်း | လမ်းကောင်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀ )ပေ | BN (1) ထပ် | ၁၆၀၀ သိန်း | စိတ်ငြိမ်ရပ်ကွက် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း | (၂၅ x ၇၀ )ပေ | MB (2) ခန်း၊ BR (1) (၅) လွှာ | ၂၈၀၀ သိန်း | ပါကေးခင်း၊ လမ်းသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | အဆင့်မြင့် တိုက်ခန်း | မြေနီကုန်း၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | MB (2) ခန်း၊ BR (2)၊ (ပ)ထပ် | ၁၂ သိန်း | တစ်လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း | (၁၂.၅ x ၅၀)ပေ | BR (1)၊ ပါကေးခင်း၊ (ပ)ထပ် | ၃.၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ လမ်းမကြီးရပ်ကွက် | (၆၀ x ၈၀ )ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ဂရန်ပေါက်မြေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၄၀၂၀၇၁၉၂၂ |

## မိုးတွင်းကာလတွင် ရော်ဘာတင်ပို့မှုလျော့ကျ

ဇူလိုင် ၁၃ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၉၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၈၀ ကျော်နှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60 % DRC အမျိုးအစား ၁၀ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၀၀ ကျော် တင်ပို့မှုလျော့ကျခဲ့သည်။ မိုးရာသီရောက်ရှိပြီဖြစ်သဖြင့် ရော်ဘာခြံအစေးခြစ်လုပ်ငန်းများ ပိတ်သိမ်းပြီဖြစ်၍ တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာနှစ်သန်းနီးပါးတန်ဖိုးရှိရော်ဘာအမျိုးအစားစုံတန်ချိန် ၁၀၅၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ အင်ဒိုနီးရှား တရုတ်နှင့် မလေးရှားနိုင်ငံသို့တင်ပို့ပြီး အင်ဒိုနီးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန်၄၀၊ တရုတ်နိုင်ငံသို့ Synthetic ရော်ဘာ အမျိုးအစားတန်ချိန် ၇၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ MSR-20 အမျိုးအစားတန်ချိန် ၂၀၀ ကျော်နှင့် RSS-3 အမျိုးအစား တန်ချိန် ၈၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၆၀ ကျော်လျော့ကျခဲ့သည်။ နယ်စပ်နှင့် ရေကြောင်းမှ ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၁၃၄၀ ကျော်ဖြစ်သည်။ ယခုတစ်ပတ်လည်း နိုင်ငံတကာရော်ဘာဈေး အတက်အကျသိပ်မရှိကြောင်း သိရသည်။ **ယဉ်ယဉ်အေး**

# မန္တလေးတိုင်း၌ ကြံ၊ သကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်လျက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ခန်းမ၌ ဇူလိုင် ၂၅ ရက်တွင် ‘ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့’ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်၊ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဇော်လွင်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေစိုးနှင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် အကြီးအကဲများ၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းမှ ဥက္ကဋ္ဌ ဦးစိုးလင်း၊ Good Brothers Co; ltd မှ Director ဦးအောင်မြင့်အေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကြံသကြားလုပ်ငန်းရှင် များ၊ ကြံစိုက်တောင်သူများ၊ သကြားစက်ပိုင်များနှင့် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူက သကြားဈေးကွက်အခြေအနေများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သကြားနှင့် သကာရည် ကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက သကြားဈေးနှုန်း ဈေးကွက်အခြေအနေများနှင့် မြန်မာ့စက်မှုသကြားလုပ်ငန်းတွင် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်နှင့် ဦးစီးအရာရှိ ဒေါ်ဥမ္မာစိုးတို့က အဆင့်မြင့် နည်းပညာများအသုံးပြု၍ ကြံသီးနှံအထွက်တိုးစေရေးနှင့် ကြံစိုက်တောင်သူများ၏ ဘဝရေရှည် တည်တံ့ခိုင်မြဲရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ထီးချိုင့်ဇုန်) ဥက္ကဋ္ဌ ဦးအေးမောင်က ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ခေါင်းစဉ်ဖြင့် လည်းကောင်းစာတမ်းများ ဖတ်ကြားခဲ့သည်။

အခမ်းအနား နေ့လယ်ပိုင်းအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးငွေစိုးက ကုန်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝဒေးသကြားစက်ရုံမှ ဒုတိယ စက်ရုံမှူး ဒေါ်နီနီမော်က ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရွှေပြည်မြေကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးဂျော်နီထွန်းထွန်းနိုင်က မြန်မာနိုင်ငံရှိ ကြံစိုက်တောင်သူများ အဆင့်မြင့်ပြီး အထွက်တိုးသော ကြံစိုက်ပျိုးနည်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်း ပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ ငွေရည်ပုလဲသကြားစက်မှ (Executive Director) ဦးစိန်မျိုးအောင်က ကြံသကြား လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံနှင့် Value Added ဆောင်ရွက်မည့်အစီအမံနှင့် အကြံပြုတင်ပြချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Great Wall Wilmar Co; ltd မှ တာဝန်ခံအရာရှိ ဦးဝေလင်းဟိန်းက သကြားစက်ရုံနှင့် လက်ရှိကြံစိုက်ခင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နယ်စပ်သကြားနှင့် ကြံထွက်ပစ္စည်း ကုန်သွယ်သူများအသင်းမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်စုစုလှိုင်က လက်ရှိသကြားတင်ပို့မှုတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် သကြားတင်ပို့မှုနှင့် ပတ်သက်သည့် တင်ပြချက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ Good Brothers Co; ltd မှ Director ဦးအောင်မြင့်အေးက ကြံစိုက်ပျိုးသူ တောင်သူများအတွက် ပံ့ပိုးဝန်ဆောင်မှုပေးနိုင်မည့် အစီအစဉ် ခေါင်းစဉ်ဖြင့်လည်း ကောင်း စာတမ်းများ ဖတ်ကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်မှ ကြံစိုက် တောင်သူ ဦးချိုတူးက ကြံသီးနှံရေရှည် ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ကြံစိုက်တောင်သူများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ သကြားဈေးနှုန်းတည်ငြိမ်ရေးနှင့်ဈေးကွက် ဖော်ဆောင်ရေး၊ သကြားတင်ပို့/တင်သွင်းမှုများထိန်းညှိဖော်ဆောင်ရေးစသည့် ခေါင်းစဉ်များဖြင့် Group အလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်များအား ထုတ်ဖော်ခဲ့ကြသည်။ ဆွေးနွေးပွဲရလဒ်များအပေါ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်နှင့် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးစိုးလင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**စန်းမြမြဝင်း (မန္တလေး)**

# အထည်ချုပ်လုပ်ငန်းကဏ္ဍ အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအားဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေးပိုမိုကောင်းမွန်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုများတိုးမြှင့်စေခြင်းနှင့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာရန် ရည်ရွယ်၍ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအားဆိုင်ရာ ဆွေးနွေးပွဲ (Seminar on Industrial Relations and Productivity in Garment Sector) ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က International Growth Centre -IGC) နှင့် Centre for Economic and Social Development -CESD) တို့နှင့်ပူးပေါင်း၍ ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ဇူလိုင် ၂၆ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် CESD မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်မောင်သန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်ဦး၊ IGC မှ Country Director Mr. Ian Porter တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ဦးမင်းဇာနည်လင်း (CESD) မှ Economic and Socail Upgrading Dynamics in Myanmar's Garment Sector, Dr. Rocco Macchiabello (London School of Economic and Political Science) မှ (Productivity in the Garment Sector ESifh Communication Frictions and Knowledge Transfers )Dr. Mari Tanaka (Hitotsubashi University) မှ Industrial Relations and Workplace Communication in Myanmar Garment Sector နှင့် Dr.Laura Boudreau (Columbia Business School) တို့မှ (Multinational Enforcement of Lobour Law) ခေါင်းစဉ်အသီးသီးဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာအသီးအသီးမှ တာဝန်ရှိသူများ၊ International Growth Centre -IGC) နှင့် Centre for Economic and Social Development -CESD) မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(NES Unit)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၂၉-၇-၂၀၁၉ မှ ၄-၈-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အတိုက်အခံများ၊ အပြိုင်အဆိုင်များနှင့်လုပ်ကိုင်ဆောင်ရွက်ရသော စီးပွားရေးလုပ်ငန်းများသည် အခက်အခဲများနှင့်ရင်ဆိုင်နေရတတ်သည်။ မီးဖိုချောင်သုံး၊ စားသောက်ကုန်နှင့်ရာသီထွက်ပစ္စည်းများဖြစ်ထွန်းအောင်မြင်နေလိမ့်မည်။ ပညာရေးကိုကြိုးစားနေရတတ်သည်။ အချစ်ရေးတွင်မာယာတောမှအချစ်မုဆိုးများနှင့်ကြုံရတတ်သည်။ ရာသီအပြောင်းအလဲကြောင့်ဖြစ်သောရောဂါ၊ ခရီးဝေးသွား၍မသန့်သောရေသောက်သုံးမိသောကြောင့်ဝမ်းပျက်ဖျားရောဂါသတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင်သောက်တော်ရေကပ်ပါ။**




**တနင်္လာသားသမီးများအတွက်** ဘဝသည်ရုန်းကန်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဝီရိယအားစိုက်မှုရမည်ကိုနားလည်လာလိမ့်မည်။ ပွဲရုံလုပ်ငန်း၊ လက်ကားဒိုင်များနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအကျိုးပေးတတ်ပါသည်။ ယခုအချိန်ကာလသည်ပညာရေးအတွက်စတင်ကြိုးစားရမည့်ကာလဖြစ်နေတတ်သည်။ အချစ်ရေးကံမကောင်းသေးပါ။ အနေနီးသောသူနှင့်တိုးတိုးတိတ်တိတ်အိမ်ထောင်ကျသွားတတ်သည်။ ကျန်းမာရေးဝမ်းပျက်၊ ဝမ်းကိုက်၊ ဝမ်းလျှောခြင်းစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ သက်ကြီးရွယ်အိုတို့အားဆေးဝါးနှင့်ငွေကြေးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ကိုယ့်ကိုယ်ကို အထင်ကြီးမှုတို့ကြောင့် နှစ်ခါပြန်ကြိုးစားယူရတတ်သည်။ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများအကျိုးပေးပါသည်။ ပညာရေးအတွက် အပင်ပန်းခံရလိမ့်မည်။ အချစ်ရေးကံသင့်တင့်မှုရှိနေတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်ဝမ်းဗိုက်ဥပဒ်ဖြစ်နေတတ်သည်။ သတိပြုဆင်ခြင်နေထိုင်ခြင်းဖြင့် ရောဂါကြီးများမရှိနိုင်ပါ။

**ယတြာ၊ ဘုရားတွင်သန့်ရှင်းရေးပြုလုပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများလုပ်ကိုင်ရာတွင် အသိုင်းအဝိုင်းညီအစ်ကိုမောင်နှမများ၏ကူညီထောက်ပံ့မှုများရရှိနေတတ်သည်။ မိုဘိုင်းဖုန်းနှင့်လျှပ်စစ်ပစ္စည်းများအကျိုးဆောင်လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ ပညာရေးတွင်မှတ်ဉာဏ်အတွေးအခေါ် ဇဝနဉာဏ်ရှိသော်လည်း ဝီရိယအားနည်းမှုတို့ကြောင့် ရုန်းကန်နေရတတ်သည်။ အချစ်ရေးတွင်မိမိထက်ကြီးရင့်သူနှင့်အနေနီးစပ်တတ်သည်။ ကျန်းမာရေးအနေဖြင့် ကိုယ်ရေပြားယားနာဖြစ်တတ်သည်။

**ယတြာ၊ သံဃာတော်နှင့်သီလရှင်တို့အား ဆွမ်းနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးဝန်းကျင်တွင် တစ်ဖက်လူစိတ်တိုင်းကျမှုဖြစ်အောင်ပြောဆို၍ပေါင်းသင်းဆက်ဆံမှုပြုနေရတတ်သည်။ ဥယျာဉ်ခြံထွက်သီးနှံနှင့်ဆီထွက်ပစ္စည်းများအကျိုးပေးတတ်ပါသည်။ ပညာရေးအတွက်အပင်ပန်းခံ၍ဝီရိယအားစိုက်မှုရှိနေရတတ်သည်။ အချစ်ရေးတွင် စိတ်ကူးကိုအကောင်အထည်မဖော်ဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် အသက်ရှူပြွန်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ အဆုတ်အားမကောင်းခြင်း၊ ချောင်းဆိုး၊ ရင်ကြပ်ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ၊ ဘုရားတွင်စွယ်တော်ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ကိုယ်တိုင်အပင်ပန်းခံ၍လုပ်ကိုင်ကြိုးစားမှုများကြောင့် အောင်မြင်မှုများကို ရရှိနေတတ်သည်။ မုန့်အမျိုးမျိုးတီထွင်လုပ်ကိုင်ခြင်းဖြင့်အောင်မြင်မည်။ ဝင်ငွေကောင်းလိမ့်မည်။ အချစ်ရေးတွင် ကြံ့ခိုင်သောအနေအထားနှင့်ရိုးအေးသောရုပ်လက္ခဏာရှိသောကြောင့် ချစ်ခင်သောချစ်သူရည်းစားများရှိနေတတ်သည်။ ပညာရေး၊ ကျန်းမာရေးသင့်တင့်နေတတ်သည်။ **ယတြာ၊ ကလေးငယ်များကိုမုန့်ကျွေး၍ ကစားစရာလက်ဆောင်ပေးပါ။**



**စနေသားသမီးများအတွက်** အပေါင်းအသင်းများနှင့်သွားလာပျော်ရွှင်လိုသော စိတ်အလိုလိုက်မှုတို့ကြောင့် စီးပွားရေးကျဆင်းနေတတ်သည်။ ပန်းချီ၊ ပန်းပုနှင့်ရှေးဟောင်းအနုပညာဆိုင်ရာပစ္စည်းများလေလံဆွဲသောလုပ်ငန်းအကျိုးပေးတတ်ပါသည်။ ပညာရေးစိတ်ဝင်စားမှုအားနည်းနေတတ်သည်။ အချစ်ရေးကံမကောင်းသော်လည်း အိမ်ထောင်ရေးတွင် ကံကောင်းတတ်ပါသည်။ ကျန်းမာရေးအပြင်းဖျားခြင်းဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။

**ယတြာ၊ ဘုရားတွင်အမွှေးတိုင် ကိုးတိုင်ပူဇော်ပါ။**

# ရန်ကုန်မြစ်ဝတွင် ဆိပ်ကမ်းတည်ဆောက်ရန် နယ်သာလန်နိုင်ငံ အကူအညီဖြင့် ရေကြောင်းလေ့လာမှုများ ပြုလုပ်နေ

ရန်ကုန်မြစ်ဝတွင် ဆိပ်ကမ်း တည်ဆောက်ရန်အတွက် နယ်သာလန်နိုင်ငံ အကူအညီဖြင့် ရေကြောင်း လေ့လာမှုများ ပြုလုပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ပြုလုပ်သည့် သတင်းမီဒီယာ တွေ့ဆုံပွဲတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြစ်ဝမှာ မြစ်တွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ ပြင်ဆင်နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီး နယ်သာလန်နိုင်ငံရဲ့ အကူအညီနဲ့ ရေကြောင်းကို လေ့လာနေပါတယ်။ ဆောင်ရွက်လို့ရနိုင်တဲ့ အခြေနေတစ်ခု ရှိလာမယ်ဆိုရင် ဒီအခြေအနေတွေကို ပရောဂျက်အဖြစ်နဲ့ ဆက်တင်ပြပြီး ဆောင်ရွက်သွားဖို့အတွက် လွှတ်တော်မှာ ဆက်ဆွေးနွေးဖို့ ဆောင်ရွက်မှာပါ။ အခုလောလောဆယ်တော့ လေ့လာဆန်းစစ်မှု တွေ ပြုလုပ်နေပါပြီ"ဟု ၎င်းကပြောသည်။

အဆိုပါ ဆိပ်ကမ်းတည်ဆောက်ရေးနှင့် ပတ်သက်၍ ပြည်ထောင်စု ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ လေ့လာဆန်းစစ်ချက်များပေါ် မူတည်ပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ ရန်ကုန်မြစ်ထဲတွင် ဒီရေ အတက်အကျ ကြမ်းသည့်အတွက် နုန်းပို့ချမှုသည်လည်း အနည်းငယ်များသောကြောင့် ပင်လယ်ဝကိုထွက်နိုင်ရန် ကြိုးစားရာတွင် လတ်တလောလေ့လာဆန်းစစ်ချက်အရ မုန်တိုင်းဒဏ် တိုက်ရိုက်ထိခိုက်နိုင်သည့်အတွက် ဆိပ်ကမ်း တည်ဆောက်ပါက စရိတ်ကြီးမြင့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီရန်ကုန်မြစ်ထဲမှာက ဒီရေအတက်အကျ အင်မတန်ကြမ်းပါတယ်။ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်က ရန်ကုန်ဆိပ်ကမ်းကို ပင်လယ်ဘက်ကို ထွက်ချင်ပါတယ်။ အခုလောလောဆယ်တော့ လေ့လာဆန်းစစ်ချက်အရ ပင်လယ်ဘက်ကို ထွက်မယ်ဆိုရင် အကာအကွယ်မရှိပါဘူး။ ရန်ကုန်မြို့ရဲ့ ပင်လယ်ဘက် မျက်နှာမူထားတဲ့ဘက်မှာ ကျွန်းတွေမရှိတော့ မုန်တိုင်းဒဏ်ဆိုရင် တိုက်ရိုက်ထိနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် အဲဒီဘက်မှာ ဆိပ်ကမ်းတည်ဆောက်မယ်ဆိုရင် စရိတ် တော်တော်ကြီးမယ့် အခြေအနေ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလက်ပုံသဏ္ဌာန်လို အပြင်ကို ထုတ်ထားပြီး တော့မှ ဒီကြားတွေမှာ သင်္ဘောတွေက ရပ်ရမှာ ဖြစ်ပါတယ်။ လှိုင်းအကာ ရှိဖို့လိုတယ်။ သင်္ဘောတွေက လှိုင်းသိပ်မကြီးရင် ကြိုးတုပ်ထားပေမယ့် သင်္ဘောက တအားလှုပ်ရင် ကုန်တင်ကုန်ချလုပ်ဖို့က တော်တော်ခက်ပါတယ်။ သင်္ဘောငြိမ်ဖို့ လုပ်ရဖို့ရှိတဲ့အတွက် ပင်လယ်ဘက်ကို တည်ဆောက်မယ်ဆိုရင် စရိတ်ကြီးနိုင်ပါတယ်"ဟု ၎င်းက ဆိုသည်။



ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ဇူလိုင် ၂၄ရက်ကရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်။

ပင်လယ်ဘက်သို့ ထွက်ခြင်းအားဖြင့် ရေဆူးနက်သည့် သင်္ဘောကြီးများ ဝင်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း ပင်လယ်ဝဖြစ်သည့်အတွက် မြစ်ထဲတွင်များစွာလုပ် ဆောင်စရာမလိုသည့် အခြေအနေများ ရှိခြင်းကြောင့် ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ ရန်ကုန်ဆိပ်ကမ်းတွင် ရေဆူးနက်သော သင်္ဘောကြီးများအတွက် ရန်ကုန်မြစ်အတွင်း ဝင်ထွက်သွားလာရန် ခက်ခဲသည့်အပြင် ဆိပ်ကမ်းဧရိယာတိုးချဲ့ရန် ခက်ခဲသောကြောင့် မည်သည့် ကုန်စည်သင်္ဘောကြီးများကိုမဆို ဆိပ်ကမ်းကုန်စည်ဖလှယ်နိုင်မည့် အဆိုပါ ပင်လယ်ရေနက်ဆိပ်ကမ်းကို တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

# အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း ကောက်ယူရန် သင်တန်းပို့ချ

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း ကောက်ယူခြင်း သင်တန်း ပို့ချခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရုံးချုပ်၊ တိုင်း၊ ခရိုင်တို့မှ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအတွက် စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း ကောက်ယူခြင်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ပြီး စစ်တမ်းကောက်ယူရာတွင် စားသုံးသူစွမ်းဆောင်နိုင်ရည်နှင့် ပတ်သက်သည့် အထွေထွေ အသိအမြင်၊ စားသုံးသူ ရွေးချယ်ဝယ်ယူနိုင်မှုနှင့် စားသုံးသူအပြုအမူ ထုတ်ဖော်ချက်ပေါ် မူတည်ပြီး စစ်တမ်းမေးခွန်း မေးမြန်းသွားမည်ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းငါးတိုင်း (ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း) တွင် လူဦးရေ ၇၀၀ ခန့်ကို စစ်တမ်းကောက်ယူမည်ဖြစ်ပြီး အာဆီယံ ၁၀ နိုင်ငံစလုံး တစ်ပြေးညီ တူညီသည့် မေးခွန်းများကိုသာ စစ်တမ်း ကောက်ခံပြီး လိုအပ်သည့် အကူအညီကို GIZ မှ ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ**

# ကလေးမြို့ တောင်ဖီလာရပ်ကွက်၌ စားသုံးသူအသိပညာပေး ဟောပြောပွဲနှင့် စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်း

ကလေးမြို့ တောင်ဖီလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၅ ရက်တွင် ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အသိပညာပေးဟောပြောပွဲပြုလုပ်ပြီး စားသုံးသူရေးရာအဖွဲ့ငယ်ကိုတောင်ဖီလာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် အဖွဲ့ဝင် ၁၂ ဦးဖြင့် စားသုံးသူရေးရာ အဖွဲ့ငယ် ဖွဲ့စည်းခဲ့သည်။

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ လိမ်လည်လှည့်ဖြားမှုအကြောင်း သိကောင်းစရာများ၊ ယခုလို စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ဌာနဝန်ထမ်းများ စားသုံးသူရေးရာကိစ္စရပ်များ၊ ဝန်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူအများနားလည် သဘောပေါက်စေရန်အတွက် ဌာနနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အကြောင်း မိမိတို့ဘက်ကလည်း တတ်နိုင်သည့်ဘက်များက ဝိုင်းဝန်းကူညီ၊ ပံ့ပိုးပေးစေလိုကြောင်း၊ ဌာနအောင်မြင် တိုးတက်ရန်အတွက် ဝိုင်းဝန်းကူညီပေးစေလိုကြောင်း၊ ဟောပြောဆွေးနွေးခဲ့သည်။ **ဇင်မိုးဝါ (ကလေးမြို့)**

# ပြောင်းလဲတိုးတက်လာသည့် အီလက်ထရွန်နစ် ကုန်သွယ်မှုစနစ် ရေစီးကြောင်း

အပိုင်း (၁)

မျိုးကောင်း

မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုလုပ်ငန်းစဉ်များမှာ အရေးပါတဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့ ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများ၊ လိုင်စင်လျှောက်ထားရန် ဆက်စပ်ဌာနများမှ ထောက်ခံချက်ထုတ်ပေးမှုလုပ်ငန်းစဉ်များ ထုတ်ကုန်သွင်းကုန်ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားမှုများနှင့် ဆက်စပ်သည့်ဝန်ဆောင်မှုကိစ္စရပ်များအားလုံး အွန်လိုင်းစနစ်ဖြင့်ရုံးသို့လာရောက်ရန် မလိုတော့ဘဲ အင်တာနက်ရရှိတဲ့ မည်သည့်နေရာမှမဆို လျှောက်ထားထုတ်ပေးမှုခကို ဆောင်ရွက်နိုင်မည့် Myanmar Tradenet 2.0 စနစ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စတင်မိတ်ဆက်တင်ပြလာတာတွေ့ရပါတယ်။ ဒီစနစ်ဟာဆိုရင် လုပ်ငန်းရှင်မှလိုင်စင်လျှောက်ထားမှု၊ ပို့ကုန်သွင်းကုန်ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားနိုင်မှု၊ ဆက်စပ်ဌာနများမှ စနစ်အတွင်း ဝင် ရောက်ပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ထောက်ခံချက်ပေးနိုင်မှု၊ ဌာနမှတင်ပြလာသည့် လိုင်စင် အချက်အလက်များ စစ်ဆေးမှု၊ ငွေပေးချေမှု၊ လိုင်စင်ပြန်လည်ထုတ်ပေးမှုစနစ်များ အပါအဝင် လိုင်စင်ပြင်ဆင်ပယ်ဖျက်သက်တမ်းတိုး ကိစ္စရပ်များအားလုံးကို အွန်လိုင်းပေါ်မှ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထူးခြားချက်အနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနအပြင် ဆက်စပ်နေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများနှင့် Electronic Data Exchange အပြန်အလှန်ပြုလုပ်နိုင်မည့်အပြင်ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် အစိုးရပုဂ္ဂလိကအဖွဲ့အစည်း ၃၀ ခန့်တို့မှ Myanmar Tradenet 2.0သို့ ဝင်ရောက်ချိတ်ဆက်အသုံးပြုခြင်းများ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြောင်းလဲတိုးတက်လာသည့် အီလက်ထရွန်နစ်ကုန်သွယ်မှုစနစ် ရေစီးကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၂၀၀၄ ခုနှစ်ကတည်းက အီလက်ထရွန်နစ်စနစ်ကိုစတင်ပြောင်းလဲနိုင်ခဲ့တာတွေ့ရပါတယ်။ ၂၀၀၄ ခုနှစ်မတိုင်မီက ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ကိုယ်တိုင် အထောက်အထားစာရွက်စာတမ်းများတင်ပြရခြင်း၊ လျှောက်ထားသည့်ကုန်စည်းအချက်အလက်များအပါအဝင် လိုင်စင်စာရွက်ပေါ်တွင် ဖြည့်သွင်းရမည့်အချက်အလက်များကိုဌာနဝန်ထမ်းများမှ လက်ရေးဖြင့်ဖြည့်သွင်းရေးသားပြီး လိုင်စင်စာရွက်များကို လုပ်ငန်းရှင်ထံသို့ထုတ်ပေးခြင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ရပါတယ်။ ၂၀၀၄ ခုနှစ်မှစတင်ပြီးပို့ကုန်သွင်းကုန် အွန်လိုင်းလိုင်စင်စနစ် (Import Export Licence& permit System) IELPSစနစ်ကို စတင်ဝန်ဆောင်မှုပေးခဲ့ပြီး Myanmar Tradenet Website ကိုအသုံးပြု၍ G2B အွန်လိုင်းစနစ်ကို အစိုးရဝန်ကြီးဌာနများနှင့်လုပ်ငန်းရှင်များအကြားစတင်မိတ်ဆက်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းရှင်များမှ လျှောက်ထားလာသည့်ပို့ကုန်သွင်းကုန် လိုင်စင်ပါမစ်များကို အွန်လိုင်းမှလျှောက်ထားခြင်း လျှောက်ထားလာသည့် လိုင်စင်အချက်အလက်များကို သက်ဆိုင်ရာဝန်ထမ်းများမှ ကွန်ပျူတာစနစ်ပေါ်တွင် စစ်ဆေးခြင်း၊ သက်ဆိုင်ရာ EICC၊ EISC နှင့် TC အစည်းအဝေးများသို့ အဆင့်ဆင့်တင်ပြခြင်း၊ လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို စနစ်အသုံးပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဆိုပါအချိန်ကာလက ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရတဲ့ အချက်အလက်များ၊ ဆက်စပ်ဌာနများ၏ထောက်ခံချက်များ၊ ဘဏ်အချက်အလက်များ အပါအဝင် ဆက်စပ် Document များကို အွန်လိုင်းမှတစ်ဆင့် ပူးတွဲတင်ပြရာတွင် မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန် အခက်အခဲရှိသည့်အတွက် လုပ်ငန်းရှင်ကိုယ်စားလှယ်ကိုယ်တိုင် မူရင်းအချက်အလက်များဖြင့် လာရောက်တင်ပြရပြီး တစ်ပါတည်း လိုင်စင်ပါမစ်ကိုပါထုတ်ပေး သည့်စနစ်ဖြင့်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် Myanmar Tradenet



အီလက်ထရွန်နစ်ငွေပေးချေမှုစနစ် (e-Payment) အားမြန်မာနိုင်ငံသားများ ဘဏ်(MCB) နှင့် Dedicated စနစ်ဖြင့် ချိတ်ဆက်ပြီး စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ငန်းရှင်များမှ မိမိတို့ကုမ္ပဏီထသကအမှတ်ဖြင့် MCB ဘဏ်တွင် ငွေသား Deposit ထည့်သွင်းထားပြီး အဆိုပါငွေစာရင်းအကောင့်ထဲမှ ကျသင့်ငွေအားထုတ်နုတ်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒီအတွက် ငွေသားများစွာကိုင်ဆောင်ရခြင်း၊ ဝန်ထမ်းများမှ ငွေကြေးရေတွက်သိမ်းဆည်းအပ်နှံရခြင်းစသည့် လုပ်ငန်းစဉ်များကိုလျှော့ချနိုင်ခဲ့ပြီး ငွေကြေးအချိန်ကုန်ကျသက်သာမှုလျှော့ချနိုင်ခဲ့ပါတယ်။ Real Time Transaction မဖြစ်သေးသော်လည်း ငွေသားကိုင်ဆောင်ပေးသွင်းမှုလုပ်ငန်းစဉ်ကို လျှော့ချနိုင်ခဲ့သည့်အတွက် စာရင်းအချက်အလက်မှန်ကန်မှုနဲ့ အချိန်ကြာမြင့်မှုကို လျှော့ချနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင်သာမက နယ်စပ်ကုန်သွယ်မှုကဏ္ဍသည်လည်း အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပြီး နှစ်အလိုက်တွင် စုစုပေါင်းကုန်သွယ်မှု၏ ပျမ်းမျှ ၂၅ ရာခိုင်နှုန်းခန့်အထိ ပါဝင်ပါတယ်။ အဆိုပါ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းစဉ်များအတွက် (Border Trade Online System)BTOS စနစ်အား ၂၀၀၇ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင်စတင်ကျင့်သုံးနိုင်ခဲ့ပြီး လုပ်ငန်းစဉ်တွင် ပါဝင်သည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ယခင်)၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပါဝင်ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်ပါဝင်သည့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊ အကောက်ခွန်ရှင်းလင်းရေး၊ အခွန်ဖြတ်တောက်ခြင်း၊ ငွေပေးသွင်းလက်ခံခြင်း၊ ယဉ်စစ်ဆေးခြင်း စသည့်လုပ်ငန်းစဉ်များကို မတူညီတဲ့ဌာနအသီးသီးမှ တစ်နေရာတည်းတွင် စနစ်တစ်ခုတည်းပေါ်မှ ဝင်ရောက်ဆောင်ရွက်နိုင်ပြီး တစ်နည်းအားဖြင့် National Single Window စနစ်၏ ကနဦးခြေလှမ်းတစ်ရပ်ပင် ဖြစ်ခဲ့ပါတယ်။ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားရှိဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း မှာမြန်မာနိုင်ငံရဲ့ အင်တာနက်သုံးစွဲနိုင်မှုနှင့် မြန်နှုန်းမြင့်ဖိုင်ဘာလိုင်းများ ပိုမိုအသုံးပြုလာနိုင်ပြီး အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြားတွင် အွန်လိုင်းဝန်ဆောင်မှုများနှင့် အွန်လိုင်းငွေပေးချေမှုစနစ်များပိုမိုတိုးတက်အသုံးပြုလာကြပါတယ်။ ဒီအတွက်လည်း ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ယူမှုလုပ်ငန်းစဉ်တွေကို အွန်လိုင်းပေါ်ကနေဘဲ အပြည့်အဝဆောင်ရွက်နိုင်ဖို့လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ ထောက်ခံချက်မလိုတဲ့ ပို့ကုန်HS Code ၆၀ လိုင်းသွင်းကုန် ၆၄ လိုင်းနဲ့ စုစုပေါင်းကုန် ပစ္စည်း HS Code ၁၂၄ လိုင်းကို အွန်လိုင်းပေါ် မှတစ်ဆင့် စတင် ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ လိုအပ်တဲ့လိုင်စင်လျှောက်ထား မှု၊ ငွေပေးသွင်းမှု၊ စိစစ်ထုတ်ပေးမှုလုပ်ငန်းစဉ်များကို ဌာနသို့လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ မိမိကုမ္ပဏီရုံးခန်းကနေဘဲ ဆောင် ရွက်နိုင်ပြီး ပို့ကုန်သွင်းကုန်လိုင်စင်တစ်စောင်ကို Digital Format ပုံစံဖြင့် အွန်လိုင်းပေါ်က ပြန်လည်ထုတ်ယူနိုင်ပြီဖြစ်ပါတယ်။ပို့ကုန်သွင်းကုန်လိုင်စင်တစ်စောင်ကိုအချိန်ပိုင်းတစ်ခုအတွင်းမှာဘဲ လျှောက်ထား ထုတ်ယူနိုင်တာဖြစ်တဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းများလျင်မြန်ချောမွေ့စေရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်။

နောက်တစ်ဆင့်အနေဖြင့် ၂၀၁၆ ခုနှစ်မှာ CMP(အထည်ချုပ်) လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြန်မာနိုင်ငံအထည်ချုပ်အသင်း(MGMA) နှင့်ချိတ်ဆက်၍ CMP(သွင်းကုန်) လိုင်စင်ထုတ်ပေးမှုစနစ်ကို အွန်လိုင်းစနစ်စတင်အသုံးပြုနိုင်ခဲ့ပါသည်။ အထည်ချုပ်စက်ရုံများက MGMA အသင်းကို အထည်ချုပ်လုပ်ငန်းအတွက် တင်သွင်းလာတဲ့ ကုန်ကြမ်းအထည်နဲ့ တင်ပို့တဲ့ ကုန်ချောအထည်တွေအတွက် လိုအပ်တဲ့( Kg %) တွက်ချက်မှုထောက်ခံချက်ကို အွန်လိုင်းပေါ်ကတစ်ဆင့် အချက်အလက်တွေဖြည့်သွင်းပြီးတင်ပြရပါတယ်။ အဆိုပါအချက် အလက်များပေါ်မှာ အသင်းက စစ်ဆေးပြီးအတည်ပြုလိုက်တာနဲ့ ကုန်သွယ်ရေးဦးစီးဌာနရဲ့ Myanmar Tradenetမှာ လိုင်စင်လျှောက်ထားပြီးတဲ့အနေအထားဖြစ်သွားပါတယ်။ အဆိုပါ သွင်းကုန်လိုင်စင်အချက်အလက်များကို အခြားလိုင်စင်များကဲ့သို့ စစ်ဆေးအတည်ပြုပြီးတာနှင့် အွန်လိုင်းပေါ်မှ ပြန်လည်ထုတ်ပေးလိုက်ပါတယ်။ ထူးခြားချက်အနေနဲ့ လိုင်စင်အချက်အလက်များအား စတင်လျှောက်ထားသည့် စက်ရုံနှင့် ထောက်ခံချက်ပေးရသည့်အသင်းတို့ကိုData တစ်ပြိုင်နက်တည်း ပြန်လည်ရောက်ရှိသွားမှာဖြစ်ပြီး ရောက်ရှိသွားမှာဖြစ်ပြီးDigital Format ဖြင့် ထုတ်ယူနိုင်မှာလည်းဖြစ်ပါတယ်။ အခုလို CMP(အထည်ချုပ်) သွင်းကုန်လိုင်စင်များကို အွန်လိုင်းစနစ်နဲ့ ထုတ်ပေးဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၈-၂၀၁၉ ခုနှစ်ဘဏ္ဍာနှစ် တစ်နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံခန့် တန်ဖိုးရှိသော CMP(အထည်ချုပ်) လိုင်စင်စောင်ရေ ၁၈၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ခြင်းက Myanmar Tradenetအွန်လိုင်းစနစ်၏ ခိုင်မာမှုနှင့် လုပ်ငန်းရှင်များဘက်က ယုံကြည်စွာ လိုက်ပါသုံးစွဲနိုင်မှုကို အထင်အရှားတွေ့နိုင်မှာဖြစ်ပါတယ်။

တစ်ဖက်မှာ မိမိဌာနအတွင်းမှာရှိတဲ့ ပို့ကုန်သွင်းကုန်လိုင်စင်စနစ်နဲ့ဆက်စပ်စနစ်များကို တစ်ဆင့်ချင်း upgrade ပြုလုပ်ခဲ့ရသလို ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ချိတ်ဆက်ဆောင်ရွက်ရသည့် ဆက်စပ်ဌာနများနှင့် Data Integration ပြုလုပ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်လာပါတယ်။ ၂၀၁၇ နှစ်ဦးပိုင်းမှာ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ အွန်လိုင်းအကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်အတွက် (MACCS ) စနစ်ကို စတင်ကျင့်သုံးလာခဲ့ပါတယ်။ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များဟာ ပို့ကုန်သွင်းကုန်လိုင်စင် အချက်အလက်ပေါ်မှာ ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ Myanmar Tradenet စနစ်မှထွက်ရှိတဲ့ ပို့ကုန်သွင်းကုန်လိုင်စင်ဒေတာများကို Myanmar Automatic Cargo Clearance System (MACCS) စနစ်သို့ EDI (Electronic Data Interchange) စနစ်ဖြင့်ပေးပို့ချိတ်ဆက်နိုင်အောင် နှစ်ဘက်ဌာနအဖွဲ့အစည်းများ အချိန် နှစ်နှစ်ခန့်အသေးစိတ်ညှိနှိုင်းပြင်ဆင်ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်နှစ်ဆန်းပိုင်းမှ စတင်ပြီး (MACCS ) စနစ်ရဲ့လုပ်ငန်းဝန်ဆောင်မှုများစတင်လာခဲ့ပြီး နိုင်ငံရဲ့ National Single Window လုပ်ငန်းစဉ်အတွက် နောက်ထပ်ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပေါ်စေခဲ့ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

# ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တန်းတူရည်တူ ယှဉ်ပြိုင်မှု Level Playing Field အခွင့်အရေးများ ရရှိရန် လိုအပ်

ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တန်းတူရည်တူ ယှဉ်ပြိုင်မှု Level Playing Field အခွင့်အရေးများ ရရှိရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ယမကာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများ အသင်း၏ သဘောထားရှင်းလင်းပွဲမှ သိရသည်။

ပြည်တွင်းသို့ တရားဝင်တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် အခွန်ရှောင်ခြင်းနှင့် အခွန်မရရှိခြင်းများ ရှိသလို တရားဝင်ပေးမသွင်းဘဲ ရာနှုန်းပြည့် အခွန်လွတ်နေခြင်းများလည်း ရှိနေကြောင်း၊ ယင်းအတွက်ကြောင့် အစိုးရအနေဖြင့် စနစ်တကျစစ်ဆေး၍ Level Playing Field ဖြစ်လာစေရန် လုပ်ဆောင်ပေးစေလိုကြောင်း MLA ဥက္ကဋ္ဌ ဖြစ်သူဦးစိုးလွင်ကပြောသည်။

MLA အနေဖြင့် ယှဉ်ပြိုင်မှု အားလုံးအပေါ်တွင် ပွင့်လင်းစွာယှဉ်ပြိုင်ရန် အသင့်ဖြစ်နေသလို ၎င်းတို့၏ ကုန်ပစ္စည်းများပေါ်တွင်လည်း ယုံကြည်မှုအပြည့်အဝရှိကြောင်း၊ ယင်းအတွက်ကြောင့် အစိုးရအနေဖြင့် မှောင်ခိုဈေးကွက်ဖြစ်ထွန်းမှုကို ထိထိရောက်ရောက် ဖြေရှင်း၍ ပြည်တွင်းနှင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များကို တူညီသည့် အခွန်ဆိုင်ရာစည်းမျဉ်းကို လိုက်နာကာ ထိရောက်သော ယှဉ်ပြိုင်မှုမျိုးကိုလိုလားကြောင်း ဇူလိုင် ၂၄ တွင် Pan Pacific Hotel ၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၏ တင်သွင်းမှုနှင့်ပတ်သက်သည့်သဘောထားရှင်းလင်းပွဲမှ သိရသည်။

"အခွန်ရှောင်နေတဲ့ နိုင်ငံခြားအရက်တွေကို မဖမ်းရင်နေပါ၊ ဆေးဝါးနဲ့ မြေဩဇာတွေကိုတော့ လုပ်သင့်တယ်။ အဲဒါက ပြည်သူတွေကို တိုက်ရိုက်ထိတာတွေ၊ နိုင်ငံတကာမှာလည်း အခွန်ရှောင်တာတွေ ရှိတယ်၊ များနေပေမယ့် အားလုံးကို တန်းတူဆက်ဆံရင် ကျေနပ်ပြီ။ သူများနိုင်ငံက သူတို့တိုင်းပြည်အတွက် တင်းကျပ်နေချိန်မှာ မြန်မာနိုင်ငံအနေနဲ့လည်း သေသေချာချာ လုပ်စေချင်တယ်"ဟု မြန်မာနိုင်ငံ ယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း ဒုတိယဥက္ကဋ္ဌ(၂)က ပြောသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တရားဝင်လာရောက်၍ ရင်းနှီးမြှုပ်နှံရန်လိုအပ်သလို အစိုးရအနေဖြင့် ခွင့်ပြုပေးထားသည်များကို သေသေချာချာ စစ်ဆေးအရေးရန် လိုအပ်ကြောင်း၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံပါက ပြည်တွင်း၌ အလုပ်အကိုင်ရရှိသည့်အတွက် အသင်းအနေဖြင့် ဝမ်းမြောက်စွာကြိုဆိုသလို လုပ်ငန်းရှင်များအားလုံးအတွက် Level Playing Field ဖြစ်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံယမကာ ထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။

**ချောစု**

# (၆)ကြိမ်မြောက် မြန်မာ့စားသောက်ကုန်ပြပွဲနှင့် လေးကြိမ်မြောက် မြန်မာ့လက်လီလုပ်ငန်းပြပွဲ ကျင်းပမည်

နိုင်ငံတကာမှ စားသောက်ကုန်နှင့် လက်လီလုပ်ငန်းဆိုင်ရာ နည်းပညာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ခြောက်ကြိမ်မြောက်မြန်မာ့စားသောက်ကုန် ပြပွဲနှင့် လေးကြိမ်မြောက် မြန်မာ့လက်လီ လုပ်ငန်းပြပွဲကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း ထုတ်ကုန်များနှင့် လက်လီလုပ်ငန်းဆိုင်ရာ နည်းပညာများအတွက် နိုင်ငံတကာအဆက်အသွယ်ရရှိနိုင်မှုသည် အရေးပါသောအချက်ဖြစ်ကြောင်းကို အဓိကထားတင်ပြမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်လာရန် ရည်ရွယ်ကြောင်း သိရသည်။

"ကျွန်တော်တို့မျှော်လင့်ထားတာကတော့ ဒီကုန်စည်ပြပွဲကနေပြည်တွင်း လုပ်ငန်းရှင်တွေအတွက် ကုန်ပစ္စည်းအမျိုးအစားပေါင်းများစွာကို ထောက်ပံ့ပေးနိုင်မယ့်အပြင် နိုင်ငံတကာအဆင့်အတန်းမီတဲ့ လက်လီလုပ်ငန်းဆိုင်ရာ နည်းပညာတွေနဲ့ စားသောက်ကုန်လုပ်ငန်း ဆိုင်ရာ ကုန်ပစ္စည်းအသစ်တွေကို ပြည်တွင်းသို့ ယူဆောင်လာပေးခြင်းဖြင့် ယှဉ်ပြိုင်မှုအားကောင်းလာစေမယ်။ လက်လီလုပ်ငန်းဥပဒေသစ်နဲ့ လက်လီလုပ်ငန်းရှင်တွေအတွက်လည်း နိုင်ငံတကာ စီးပွားမိတ်ဖက်ကောင်းတွေကို ရှာဖွေနိုင်ဖို့ ပြင်ဆင်နိုင်မယ့် ပြပွဲတစ်ခုဖြစ်ပါတယ်"ဟု ယခုပြပွဲကိုစီစဉ်သော ICVeX ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ Mr. Chinakit Viphavakit က ပြောသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA)နှင့် မြန်မာနိုင်ငံလက်လီလုပ်ငန်း ရှင်များအသင်း (MMRA) တို့က အားဖြည့်ကူညီပေးမှုဖြင့်ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ပါဝင်ပြသကြမည်ဖြစ်ပြီး နောက်ဆုံးပေါ် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများအတွက်လိုအပ်သည့် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အလှဆင်ပစ္စည်းများ၊ လက်လီလုပ်ငန်းများအတွက်လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများနှင့် လက်လီလုပ်ငန်းများအတွက်လိုအပ်သည့် ကုန်ပစ္စည်းများလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# နွားနို့ထွက်ကုန်နှင့် အသားထွက်ကုန်တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း သင်တန်းသားများ ခေါ်ယူ

နွားနို့ထွက်ကုန်တန်ဖိုးမြှင့်ထုတ် လုပ်ခြင်းသင်တန်းနှင့် အသားထွက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းသင်တန်းတို့အတွက် မြန်မာနိုင်ငံမှမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူသင်တန်းသားများကို စတင်ခေါ်ယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဇူလိုင် ၂၅ ရက်တွင် သိရသည်။

ယခုသင်တန်းကို မြန်မာနိုင်ငံမွေး မြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန (Deparment of Livestock Development) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မွေးမြူရေးထုတ်ကုန်သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ (Chiang Mai Livestock Product Research and Development Center) ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အသင်းဝင်ပြီးသူ သို့မဟုတ် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်မဟုတ်သေးသောမွေးမြူရေး လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသူများအနေဖြင့် အသင်းဝင်အဖြစ် လျှောက်ထားသူဖြစ်ခြင်း၊ သင်တန်းတက်ရောက်မည့်ကာလအထိ သက်တမ်းရှိသည့် နိုင်ငံကူးလက်မှတ် (Passport) နှင့် သင်တန်းကြေးအပါအဝင် ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်ပြီး ဩဂုတ် ၅ ရက် နောက်ဆုံးထားဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ တတိယထပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၊ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံ (BPI)လမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၆၄၄၈၄၃၊ ၀၁-၃၆၄၄၀၄၁၊ ၀၉၇၇၇၃၉၃၂၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရင်ခုန်စရာအချစ်ပွဲတော် Wedding Fair & Bridal Show 2019 ကို ဩဂုတ်လတွင် ကျင်းပမည်




ရင်ခုန်စရာအချစ်ပွဲတော် Wedding Fair & Bridal Show 2019 နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ Strand Hotel တွင် ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဝါကျွတ်ချိန်တွင် မင်္ဂလာပွဲကျင်းပမည့် မင်္ဂလာမောင်နှံများအတွက် စိတ်ကူးထဲကအတိုင်း ပြီးပြည့်စုံစွာ ကျင်းပနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကိုလာလိုက်တာနဲ့ သစ်တောအုပ်ထဲရောက်လာသလို ခံစားရအောင် လုပ်သွားမှာပါ။ Forest Design အပြင် တခြားသောအရာတွေကိုလည်း ခမ်းနားစွာ ပြင်ပေးထားမှာပါ။ ဒီကိုလာတဲ့သူတိုင်းကို ဇာတာ အခမဲ့စစ်ဆေးပေးခြင်းနဲ့ အခမဲ့ Pre Wedding Photo ရိုက်ကူးခွင့်ရမယ့် အခွင့်အရေးတွေကိုလည်း ဖန်တီးပေးထားပါတယ်" ဟု ပွဲတာဝန်ခံ ဒေါ်ဆုမွန်ဦးက ပြောသည်။

Festival og Love Wedding Fair ကို The Strand Hotel နှင့် Boom Wedding Doctor တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး Professional Wedding Planner များ၊ Designer များ၊ Wedding Studio များအပြင် ပျော်ရွှင်စရာဂိမ်းများကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ဆရာဦးမောင်မောင်မြင့်အေးနှင့် ဆရာမကြီး ဒေါ်စောယုနွယ်တို့က ဇာတာနှင့်ကိုက်ညီသည့် မင်္ဂလာရက်မြတ်ကို အခမဲ့တွက်ချက်ပေးမည့် အစီအစဉ်ကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ Pre Wedding Photo အခမဲ့ ရိုက်ကူးခွင့်ရလိုသူများအနေဖြင့်လည်း Boom Wedding Doctor Page တွင် တင်ထားသည့် Pre Wedding Free Page ကို Like and Share ပြုလုပ်ရန် လိုအပ်ကြောင်း သိရသည်။

**ချောစု**

# စားသုံးသူရေးရာဦးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင်နှင့် တွေ့ဆုံမေးမြန်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် အဖွဲ့သည် ရှမ်းပြည်နယ်အတွင်း ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး ထွက်ကုန်များ ပြည်တွင်း/ပြည်ပ တင်ပို့သွားနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် တောင်ကြီးမြို့နယ်၊ တီချုံကျေးရွာမှ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင် ပအိုဝ်းတိုင်းရင်းသား ဦးခွန်မောင်မြင့်၏ နှစ်ရှည်ဥယျာဉ်ခြံသို့ ဇူလိုင် ၂၁ ရက်က သွားရောက်တွေ့ဆုံဆွေးနွေးခဲ့စဉ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းမေးမြန်းမှုကို ခြံပိုင်ရှင် ဦးခွန်မောင်မြင့်က ပြန်လည်ဖြေကြားခဲ့မှုကို ဖော်ပြလိုက်ရပါသည်။

**ဥယျာဉ်ခြံသမိုင်းကြောင်းကို ပြောပြပေးပါ။**

ယခုဥယျာဉ်ခြံကို လွန်ခဲ့သော ၂၀၀၈ ခုနှစ်လောက်ကတော့ ရိုင်းမြေကို စတင်ရှင်းလင်း စိုက်ပျိုးခဲ့ပါတယ်။ ခြံရဲ့အကျယ်အဝန်းကတော့ ဧက ၅၀ ခန့် ကျယ်ဝန်းပါတယ်။ ခြံအတွင်း အမြဲတမ်းမိသားစုနှစ်စု နေထိုင်ပြီး ဥယျာဉ်ခြံကို ပြုစုပျိုးထောင်လျက် ရှိပါတယ်။ လုပ်အားလိုအပ်ပါက တစ်ခါတစ်ရံ ပြင်ပက ငှားရမ်းသုံးစွဲပါတယ်။ ခြံကိုတော့ လုံခြုံမှုအတွက် သံဆူးကြိုး ကာရံထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ကတော့ ကျပ်သိန်း ၁၀၀၀ ကျော် မြှုပ်နှံထားပါတယ်။

**ခြံအတွင်းစိုက်ပျိုးထားရှိတဲ့ သစ်ပင်အမျိုးအမည်နှင့် အရေအတွက် ဘယ်လောက်ရှိပါသလဲ။**

စိုက်ပျိုးထားတဲ့ အပင်တွေကတော့ သုံးနှစ်သားအရွယ် ကော်ဖီပင် ၃၀၀၀၊ ရှစ်နှစ်သားအရွယ် ထောပတ်ပင် ၁၂၀၀၊ ခြောက်နှစ်သားအရွယ် သစ်မွှေးပင် ၂၀၀၀၊ လေးနှစ်သား အရွယ် မက်မန်းပင် ၈၀၀၊ ခြောက်နှစ်သားအရွယ် မက္ကဒေးမီး ယားပင် ၂၅၀၊နှစ် နှစ်သား အရွယ် ဂျပန်ထင်း ရှူးပင် (၁၅၀)၊ နှစ်နှစ်သားအရွယ် ဝဉပင် ၁၀၀၀၊ လေကာပင်အဖြစ် ခြောက်နှစ်သားအရွယ် ဝက်သစ်ချ ၆၅၀ ပင်တို့ကို စိုက်ပျိုးထားရှိပါတယ်။

**ခြံအတွင်းစိုက်ပျိုးထားတဲ့ စားပင်တွေကို ပြောပြပေးပါ။**

စားပင်တွေကတော့ သရက်(ရင်ကွဲ)ပင် ၁၀၊ ဆန်းကစ်ပင် ၁၀၀၊ဆူးပုတ်ကြီးအပင် ၂၀၊ ငှက် ပျောပင် ၃၀၊ နန္ဒင်းခါးအပင် ၃၀၀၊ ဆီးဖြူပင် ၁၀၊ တိုင်ထောင်ပဲအပင် ၂၁၀၊ ပိန်းပင် ၃၀ တို့ကို စိုက်ပျိုးထားရှိပါတယ်။

**အခြားစမ်းသပ်စိုက်ပျိုးထားတဲ့အပင်တွေ ရှိပါ သလား။**

စမ်းသပ်စိုက်ပျိုးထားတဲ့ အပင်တွေကတော့ လျှော်ဖြူ မျောက်ငို၊ နံ့သာဖြူနှင့် ကွမ်းသီးပင်တွေ ဖြစ်ပါတယ်။

**သစ်ပင်ငယ်တွေအတွက် လိုအပ်တဲ့ရေကို ဘယ်လို စီမံထားပါသလဲ။**

ခြံအတွင်းရေကန်ငယ်နှစ်ကန် တူးဖော်ထားပါတယ်။ မြေအောက်ရေရရှိရေးကိုလည်း စီမံ ဆောင်ရွက်နေပါပြီ။

**ဝင်ငွေရတဲ့အပင်တွေနဲ့ ရှေ့အလားအလာကို ပြောပြပေးပါ။**

ထောပတ်တွေကတော့ ဝင်ငွေရတာ နှစ်နှစ်ရှိပါ ပြီ၊ လုပ်သားအခက်အခဲကြောင့် ထောပတ်ကို ခြံပြတ်စနစ်နဲ့ ရောင်းလိုက်ပါတယ်။ ထောပတ်မှ ဝင်ငွေအနေနဲ့ ယခင်နှစ်က ၆၅ သိန်းနဲ့ ယခုနှစ် ၁၀၅ သိန်း၊ သစ်တော်နှင့်မက်မန်းကတော့ ဒီနှစ် နှစ်သိန်းဖိုး ရောင်းရပါတယ်။ ရှေ့အလားအလာကတော့ သစ်ပင်မျိုးစုံက တစ်နှစ်ထက် တစ်နှစ်အထွက်နှုန်းတွေ တိုးလာမှာဖြစ်လို့ ဝင်ငွေတွေ ပိုပိုလာတော့မှာ ဖြစ်ပါတယ်လိုပြောချင်ပါတယ်။

**ခြံမှထွက်ကုန်သီးနှံတွေကို မြို့ပြသို့ ပို့နိုင်တဲ့ ကုန်ထုတ်လမ်းအခြေအနေကို ပြောပြပေးပါ။**

ခြံမှထွက်ကုန်သီးနှံတွေကို ခြံရှေ့ရှိ တီချုံ-တောင်ကြီးသွားကတ္တရာလမ်းမှ တောင်ကြီးမြို့ ဈေးအသီးသီးကို ကားနဲ့ ၁၅ မိနစ် -၂၀ အတွင်း အရောက်ပို့လို့ ရနိုင်ပါတယ်။

**ခြံအတွင်းငှက်မျိုးစုံ တွေ့ရပါတယ်။ အမြဲတမ်း ဒီလိုရှိနေကြတာလား။**

ခြံစတင်စိုက်ပျိုးစဉ်က မြက်ရိုင်းတောများသာရှိ၍ ငှက် နှစ်မျိုး၊ သုံးမျိုးလောက်သာရှိပြီး၊ ယခုမူ ငှက်မျိုး စိတ်ပေါင်း ၁၂ မျိုးခန့် လာရောက် ကျက်စားနေထိုင်ကြပါတယ်။

**ခြံအနီးပတ်ဝန်းကျင် အလားတူစိုက်ပျိုးကြသူ ဘယ်နှခြံလောက် ရှိနေပြီလဲ။**

အနီးဝန်းကျင်မှ အလားတူစိုက်ပျိုးထားတဲ့ခြံ ခြောက်ခြံခန့် ရှိပါတယ်။

**ဒီနယ်မြေရဲ့ မိုးရွာသွန်းမှုကို ဘယ်လိုမြင်ပါသလဲ။**

ဒီနယ်မြေဒေသဝန်းကျင်မှာ နှစ်စဉ်မိုးရေးချိန် ၅၀ လက်မအထက်ရရှိပြီး၊ မိမိတို့ရွာနှင့် အခြား ကျေးရွာတွေပါ နှစ်ရှည်သစ်ပင်တွေ စိုက်ပျိုးနေကြပါပြီ၊ တစ်နှစ်ထက် တစ်နှစ်မိုးရွာသွန်းမှုများလာနိုင်ပါတယ်။

**ဥယျာဉ်ခြံအတွင်း မည်သည့်အဖွဲ့အစည်းများ လာရောက်ခဲ့ခြင်း ရှိပါသလဲ။**

ယခင်ခြံအတွင်းသို့ GIZ, SKY Net နှင့် Media များ လာရောက်ပြီး အကြံဉာဏ်ပေးခြင်း၊ ဆွေးနွေး မေးမြန်းခြင်းပြုကြပါတယ်။

**ယခုလိုသစ်ပင်မျိုးစုံစိုက်ပျိုးပြီး စီးပွားရေးအောင်မြင်မှုလမ်းစ တွေ့နေရပြီဖြစ်လို့ ဘယ်လိုခံစားရပါသလဲ။**

မိမိတစ်ဦးတည်းအဆင်ပြေမှုသာ မဟုတ်ဘဲ ဒေသတွင်းအော်ဂဲနစ်၊ သစ်သီးဝလံများ သက်သာချောင်ချိစွာ စားသုံးနိုင်ရေး၊ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်ဝင်သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ် လာနိုင်၍ ပြည်တွင်းစားသုံးမှုပိုလျှံတာကို ပြည်ပသို့တင်ပို့ရောင်းချရေး၊ နိုင်ငံတော်အတွက် ပြည်ပ ဝင်ငွေရရှိရေး၊ နယ်မြေဒေသ စိမ်းလမ်းစိုပြည်ကာ ရာသီဥတုကောင်းမွန်သာယာစေရေး၊ သာယာလှပသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ရေး၊ ဒေသနေပြည်သူများမိမိခြံကို အတုယူပြီး စိုက်ပျိုးလာကြစေရေး ခရီးသွားလုပ်ငန်းများအတွက်ပါ ရည်ရွယ်၍ အချိန်ကာလတစ်ခု ကြိုးပမ်းလာခဲ့ရသော အိမ်မက်လက်တွေ့ ခံစားရတော့မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**ဥယျာဉ်ခြံစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်ပြီး အခြား ဆွေးနွေးလိုတာများ ဆွေးနွေးပေးပါ။**

လူသားတိုင်းအား သစ်တောသစ်ပင်တွေရဲ့ တန်ဖိုးကိုနားလည်လာအောင်၊ သစ်တောသစ်ပင်ဖြင့် မိမိအကျိုးဒေသအကျိုး၊ နိုင်ငံအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ပုံတို့ကို တတ်သိ နားလည်တဲ့သူတွေအားလုံးက ဟောပြောပေးကြဖို့ စီးပွားဖြစ်စိုက်ပျိုးနိုင်တဲ့ နည်းစနစ်တွေကို သင်ပြပေးကြဖို့ ပြောချင်ပါတယ်။ သိရှိနားလည်လာပြီဆိုပါက သစ်တောသစ်ပင်တွေကို ချစ်ခင် မြတ်နိုးလာကြမှာပါ။ စီးပွားဖြစ်အောင် ထွက်ကုန်တွေ ထုတ်လုပ်လာကြမှာဖြစ်ပါတယ်။ ကိုယ်မြတ်နိုးတဲ့အရာ ကိုယ်ချစ်တဲ့သူကို မည်သူတစ်ဦးတစ်ယောက်ကမျှ အကျိုးမဲ့စေမှု၊ ပျက်စီးစေမှု အပြုအမူတွေကို ပြုလုပ်ကြမှာ မဟုတ်ဘဲ ပြုစုယုယ ပျိုးထောင်မှုတွေ နည်းစနစ်တကျလုပ်သွားကြမယ်ဆိုရင် မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံ အကျိုး စီးပွားဖြစ်ထွန်းကြမှာ အမှန်ပင်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ခြံအတွင်း စိုက်ပျိုးထားရှိမှုများနဲ့ ပတ်သက်ပြီး သုံးသပ်ချက်၊ အကြံပြုချက် ပေးစေလိုပါတယ်။**

ဒုညွှန်ချုပ်မှ သုံးသပ်ချက်အနေဖြင့် ခြံရှင်ရဲ့ ရည်ရွယ်ချက် အလွန်ကောင်းမွန်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ မဆုံးရှုံးရလေအောင် နွေရာသီမှာ မိမိခြံမှသော်လည်းကောင်း၊ ပြင်ပမှမီးကူးစက်လောင်ကျွမ်းမှု မရှိအောင် အစဉ်သတိပြုရမည်ဖြစ်ကြောင်း၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ နိုင်ငံဘဏ္ဍာကိုယ် လည်း ဖြည့်စွမ်းပေးရာရောက်ကြောင်း၊ လူသားအတွက်သာမဟုတ်ဘဲ၊ ကျေးငှက်သားရဲတိရစ္ဆာန်များအတွက်ပါ အစာရေစာနှင့် ပျော်ရွှင်မှုကိုပေးနိုင်တာကြောင့်၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ အကျိုးရရှိမည်ဖြစ်ကြောင်း၊ အကြံပြုလိုတာကတော့ စိုက်ပျိုးထားသော သစ်ပင်များအနက်မှ ဈေးကွက်အလားအလာအရှိဆုံး သစ်ပင်များကိုချန်လှပ်ပြီး၊ ဈေးကွက်မရှိသော အပင်များ တဖြည်းဖြည်း လျှော့ချမှုများပြုလုပ်သွားရန် လိုအပ်ကြောင်း ခြံအတွင်းအခြား သစ်ပင်/သစ်သီးဝလံများကိုလည်း သုတေသနပြု စမ်းသပ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ စီးပွားရေး သတင်းအချက်အလက်နှင့် ပြည်တွင်း/ပြည်ပဈေးနှုန်း/ ဈေးကွက်သိရှိရေးအတွက် Commerce Journal ကို မပြတ်ဖတ်ရှုလေ့လာသွားရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိဌာနများ၏ ဝက်ဆိုက်များအား မပြတ်ချိတ်ဆက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံသားတစ်ဦးချင်းစီ၊ အစုအဖွဲ့ တစ်ဖွဲ့ချင်းစီ၊ အသင်းတစ်သင်းချင်းစီကနေ ယခုကဲ့သို့ စီးပွားဖြစ် ဈေးကွက်ဝင်စိုက်ခင်းများ၊ ဥယျာဉ်ခြံများ တည်ထောင်ပြီး၊ ပြည်တွင်း၊ ပြည်ပဝင်ငွေရရှိနိုင်မည့် နည်းလမ်းများ ဖော်ဆောင်သွားနိုင်ပါက GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဥယျာဉ်ခြံမှ အပြန်ခရီးမှာတော့ ခေါင်းထဲကိုအတွေးတွေ အစီအရီဝင်လာပါတော့သည်။ ငယ်စဉ်ကသင်ကြားခဲ့ရတဲ့ ကျောင်းသင်ခန်းစာဖတ်စာပါ- သီးနှံနတ်ပင်သည် ပြည့်ဝမ်းဗိုက်ဖြစ်၏နှင့်၊ ဥတုရာသီတောကိုမှီ၏ ကျေးငှက်သားရဲတောမှာမြဲ၏ တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏ ကျေးငှက်သားရဲတောမှာမြဲ၏ တောတောင်စိမ်းမှ စမ်းရေရ၏၊ တောတောင်တင့်တယ် စားကျက်ကြွယ်၏၊ တောမဲ့မြေသားရေတိုက်စား၏ နှင့် သစ်ပင်ကိုနှစ်စဉ်စိုက်ရွှေတိုက်ကိုစိုး စသည် စသည်ဖြင့်သာ. . . .

**စောမောင် (တောင်ကြီး)**

---

## အထူးစီးပွားရေးဇုန်(သီလဝါ) ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ရှင်းလင်း

မြန်မာနိုင်ငံအတွင်းရှိ စားသုံးသူပြည်သူများသုံးစွဲရန် ကုန်စည်မျိုးစုံထုတ်လုပ်ပေးလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ် ရေးဥပဒေ(၂၀၁၉) နှင့် ၎င်းဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းပွဲကို အထူးစီးပွားရေးဇုန်(သီလဝါ)ရှိ စီမံခန့်ခွဲမှုကော်မတီရုံး၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ အဆိုပါဇုန်အတွင်းရှိ လုပ်ငန်းရှင်/ကိုယ်စားလှယ် ၄၇ ဦး တက်ရောက်ခဲ့သည်။

ရှင်းလင်းပွဲ၌အထူးစီးပွားရေးဇုန်(သီလဝါ) စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌဒေါ်ချိုချိုဝင်းက ရှင်းလင်း ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်အားလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူ ကာကွယ်ရေးဥပဒေ(၂၀၁၉)နှင့် လုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်များအားလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးရွှေဖြူက ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သိန်းနိုင်**

# ကယားပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြော

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်ကော်မြို့ လောပိတ အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် ဒီးမော့ဆိုမြို့ ဒီးမော့ဆိုအခြေခံပညာ အထက်တန်းကျောင်း၌ လည်း ကောင်း၊ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီတွင် ဒီးမော့ဆိုမြို့ ငွေတောင် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲများတွင် ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက စားသုံးသူပြည်သူများ မိမိတို့၏အခွင့်အရေးကိုအပြည့်အဝနားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် စားသုံးသူအခွင့်အရေးများ၊ စားသုံးသူလိုက်နာရမည့် တာဝန်များ ကုန်ပစ္စည်းများတွင် ကုန်အညွှန်း အမှတ်အသားနှင့် စပ်လျဉ်း၍ပါရှိရမည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/ ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တစ်ချက်ချင်းရှင်းလင်းဖြေကြား၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားနိုင်သည့် ကုန်စည် (သို့) ဝန်ဆောင်မှုများဖော်ပြထားသည့် ဗီနိုင်းများကိုပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။ **မိုင်သီဂီလင်း(စားသုံးသူ၊ ကယား)**



# မအူပင်နည်းပညာတက္ကသိုလ်၌ စားသုံးသူရေးရာ သိကောင်းစရာများ ဟောပြော

မအူပင်မြို့ နည်းပညာတက္ကသိုလ်ကျောင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မအူပင်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးက စားသုံးသူများ၏ အခွင့်အရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှု၊ တားမြစ်ချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေသစ်၏ ရည်ရွယ်ချက်၊ အနှစ်သာရ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဖြစ်ပေါ်လာပုံများကို အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါက်တာခင်မာစိုးက ရာသီတုပ်ကွေးအကြောင်းနှင့် ကျောင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်ဝင်းလှိုင်က ဆေးနှင့်ဆေးရွက်ကြီးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **CONSUMER-MT**

# ကောလင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးကျော်စိန်ဌေးနှင့် ကောလင်းမြို့နယ်တာဝန်ခံ ဦးမြင့်ကြိုင်တို့ ဦးဆောင်၍ ဇူလိုင် ၁၈ ရက်တွင် ကောလင်းမြို့ မြို့မဈေး ဈေးစားသုံးသူရေးရာ အဖွဲ့နှင့် ဈေးသည် ၂၃ ဦးအား စားသုံးသူကာကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများရှိလာပါက ကသာခရိုင် CICC သို့တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)၏ လုပ်ငန်းဆောင်ရွက်ချက်များ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ဆက်လက်၍ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ကျန်းမာရေးစိတ်ကျေနပ်မှု ရှိစေရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးဆောင်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အဖွဲ့စုံဖြင့် ကောလင်းမြို့အထက(၂) ကျောင်းဈေးတန်းနှင့် ကောလင်းမြို့မစည်ပင်ဈေး ဈေးဆိုင်ပေါင်း ၂၆ ဆိုင်အား FDA မှ တားမြစ်ထားသော စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးရာ သက်တမ်းလွန်စားသောက်ကုန်များ၊ ရက်လွန်အချိုရည်များတွေ့ရှိခဲ့၍ ဥပဒေနှင့်အညီ ကောလင်းမြို့ စည်ပင်အမှိုက်ပုံ၌ စွန့်ပစ်ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**လှလှခိုင်(ကသာ)**

# အခြေခံပညာကျောင်းများသို့ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး၊အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင်လ စတုတ္ထပတ်အတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းနှင့် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းများသို့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းတွင်းရှိ မုန့်ဈေးတန်းများကို ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျောင်းများအား ဟောပြောဆွေးနွေးရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိဒေါ်နွယ်ဇင်ဝင်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး၊ လုံခြုံစိတ်ချရမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးပြည့်မီသော စားသောက်ကုန်ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် အခန်း(၁၈) တွင်ပါဝင်သည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ပတ်သက်၍ မဖြစ်မနေဖော်ပြရမည့် သတ်မှတ်ချက်များ၊ စားသုံးသူတိုင်းသိသင့်သည့် ကုန်စည်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏အခိပ္ပာယ်၊ စားသုံးသူတို့၏အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူများ အမှန်တကယ်နစ်နာ ဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က ဆိုးဆေးများ၏အန္တရာယ်၊ မှည့်ဆေး၊ ယင်မနားဆေး၊ တာရှည်ခံဆေးများနှင့် ပိုးသတ်ဆေးတို့၏ ဘေးဥပဒ်အန္တရာယ်များဖြစ်နိုင်သည့် အကြောင်းအရာများအား ကျောင်းသူ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမများ သိရှိနားလည်နိုင်ရန် အသေးစိတ်ရှင်းလင်းပညာပေးဆွေးနွေး ဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းတို့တွင် ရောင်းချလျက်ရှိသောမုန့်များမှာ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးမည့်ရက်စွဲ ပါ၊ မပါ၊ စားသုံးရန်မသင့်သည့်မုန့်များ ရောင်းချနေမှုရှိ/မရှိ၊ ရောင်းချသူများအနေဖြင့်လည်း စားသုံးသူများ၏ ဘေးဥပဒ်အန္တရာယ်ဖြစ်နိုင်သောမုန့်နှင့် အခြားအစားအသောက်များကို မရောင်းချစေလိုကြောင်း စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**တင်မင်း (ရန်ကုန်)**

# ပြည်မြို့နယ် မူလွန် (ဖိုးခေါင်)ကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းပတ်ဝန်းကျင် မုန့်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် နဝင်းရပ်ကွက်ရှိ မူလွန် (ဖိုးခေါင်)ကျောင်း၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ပြည်မြို့နယ် တာဝန်ခံ ဦးအေးသိန်းက စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူများရရှိမည့် အခွင့်အရေး(၈)ချက်နှင့် ကုန်စည်များ ထုတ်လုပ်ရာတွင် ရေးသားဖော်ပြရမည့် ဥပဒေပါ အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း အချက်အလက်များကို ဥပမာများနှင့်တကွ ရှင်းလင်းပြောကြားပြီး ပြည်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းလှဲ့ဝါက ကျန်းမာရေးဌာနက တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်များအကြောင်း၊ အန္တရာယ်ရှိခွင့်မပြုအရောင်ဆိုးဆေးများအကြောင်းနှင့် နစ်နာမှုရှိပါက ဖြန့်ဝေထားသည့် လက်ကမ်းစာစောင်များတွင် ပါဝင်သော CICC ရုံးဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း၊ ဥပဒေအရ အရေးယူပိုင်ခွင့်ရှိမှုများကိုလည်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် နဝင်းရပ်ကွက်၊ ဖိုးခေါင်နယ်မြေအတွင်းရှိ ကျောင်းအနီးအနားပတ်ဝန်းကျင်တွင် ရောင်းချလျက်ရှိသော မုန့်ဆိုင်များသို့ သွားရောက်ကာ စားသုံးရန်မသင့်သည့်မုန့်များ၊ ထောက်ခံချက်မရှိသည့်မုန့်များ၊ သက်တမ်းလွန်နေသောမုန့်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**ဝင်းလှဲ့ဝါ (ပြည်)**

# ညောင်ပင်ကြီးကျေးရွာဈေး ရှောင်တခင်စစ်ဆေးခြင်းနှင့် ကျောင်းဈေးစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ယင်းမာပင်ခရိုင်ဦးစီးမှူး ဦးသက်နိုင် ဦးဆောင်၍ ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာဈေးအတွင်း ကုန်မျိုးစုံဆိုင်၊ အသား ငါးဆိုင်၊ ကုန်စိမ်းဆိုင်များအား ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ကျေးရွာ စားသုံးသူရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ရှောင်တခင်ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကုန်မျိုးစုံဆိုင်သုံးဆိုင်မှ FDA ကတားမြစ် ထားသော စားသုံးရန်မသင့် လားရှိုးတံဆိပ်တရုတ်ပဲငါးပိ၊ သီရိအောင်ငါးပိထောင်း များနှင့် သက်တမ်းလွန်ကုန်စည်များအား ရောင်းချခြင်းမရှိစေရန် သတိပေးခြင်း၊ သိမ်းဆည်းခြင်းများကို အဖွဲ့စုံဖြင့် ဆောင်ရွက်ခဲ့ပြီး ဌာန၏လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ ဆက်လက်၍ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ အထက် တန်းကျောင်း ကျောင်းမုန့်ဈေးတန်းများကိုလည်း ကျောင်းစားသုံးသူရေးရာအဖွဲ့ များနှင့်ပူးပေါင်း၍ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ခိုင်မို့မို့(မြင်းမူ)**

# ဘားအံမြို့ရှိ အထက (၄)နှင့် အထက (၅)တို့၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) ကျောင်းနှင့် အမှတ်(၅)ကျောင်းတို့၌ ကျောင်းသား/သူများအား စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်မှုကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်က အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဇူလိုင် ၂၂ ရက်က အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ဇူလိုင် ၂၃ ရက်က မဲဘောင်အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ကျောင်းသား/သူများအား စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့သည်။ ပြည်နယ်ရုံး စားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး၊ ဒေါ်ခင်ကြည်က ဟောပြောရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်ပြဋ္ဌာန်းချက်များမှ စားသုံးသူ လူတိုင်းသိသင့်သည့် စားသုံးသူ အဓိပ္ပာယ်၊ ကုန်စည်နှင့် ဝန်ဆောင်မှု၊ စားသုံးသူကာကွယ်ရေးအကြောင်း၊ စားသုံးသူများ ရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များ၊ စားသုံးသူ နစ်နာဆုံးရှုံးလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စားသုံးသူတို့ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဆောင်ရန်/ ရှောင်ရန်တို့ကို သိရှိထားခြင်းကြောင့်အကျိုးကျေးဇူးရရှိနိုင်သည့် အကြောင်းအရာများစသည့်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ကျောင်း ကျန်းမာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ကျောင်းမုန့်ဈေးတန်း ရောင်းချဆိုင်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ ၎င်းစစ်ဆေးချက်များမှာ ကျောင်းဈေးသည်များ တစ်ကိုယ်ရေသန့်ရှင်းမှုရှိ/မရှိ၊ သန့်ရှင်းလတ်ဆတ်မှုရှိ/မရှိ၊ မှိုတက်အစားအသောက်များနှင့် သက်တမ်းကုန်ဆုံးမုန့်များရောင်းချမှုရှိ/ မရှိစစ်ဆေးခြင်း၊ စားသုံးရန်မသင့်သည့်မုန့်များ စစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## ကုန်အညွှန်းအမှတ်အသား ရှင်းလင်းအသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ မြို့မ ဈေးတွင် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် FDA၊ စားသုံးသူရေးရာ၊ ကျန်းမာရေး၊ စည်ပင်သာယာရေးဌာနတို့ ပါဝင်သောအဖွဲ့မှ ကုန်အညွှန်း အမှတ်အသားရှင်းလင်းအသိပညာပေးခြင်းနှင့် ဈေးကွက်နမူနာကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် ကျိုင်းတုံမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များအား ကွင်းဆင်း၍ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ ကုန်အညွှန်း အမှတ်အသားဆိုင်ရာအချက်များ၊ ကုန်အညွှန်းအမှတ်အသားတွင် မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်များနှင့် နောက်ဆုံးသတ်မှတ်ထားသည့်ရက်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက သတ်မှတ်ထားသော ပြစ်မှု/ပြစ်ဒဏ်များအား ရှင်းလင်းပြီး ကုန်စုံဆိုင်ရောင်းချသူများမှ သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ FDA မှ တားမြစ်ဆိုးဆေးများပါဝင်သည်ဟု ယူဆရသော ပြည်တွင်းထုတ် ယိုစုံများ၊ မုန့်များ ပြည်ပနိုင်ငံထုတ် ဂျယ်လီများ၊ မုန့်များ၊ အချိုရည်များအား နမူနာဝယ်ယူ၍ စားသုံးသူပြည်သူများ၏ ကျန်းမာရေးဘေးထွက်ဆိုးကျိုး ရှိ/မရှိ ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ရန်နောင် (ကျိုင်းတုံ)**

# ယင်းမာပင်မြို့နယ် စားသုံးသူရေးရာအသင်းအဖွဲ့များ တွေ့ဆုံ၊ တမာပင်ခွကျေးရွာ အထက်တန်းကျောင်း ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံး (OSS) ရုံးခန်းတွင် နံနက် ၁၀ နာရီ ယင်းမာပင်မြို့နယ်ရှိ (၄)ရပ်ကွက်မှ စားသုံးသူရေးရာအသင်းအဖွဲ့များအား စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးသက်နိုင်က (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၉) မတ် ၁၅ ရက်ထုတ်ပြန်သော စားသုံးသူကာကွယ်ပေးရေးဥပဒေအကြောင်းနှင့် ရပ်ကွက်အတွင်း ဈေးဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေ ရန် အခန်း(၁၈)၊ ပုဒ်မ(၄၁၊ ၄၂၊ ၄၃)ပါ အချက်အလက်များ အား သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားခြင်းနှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးရာ တက်ရောက်လူဦးရေ ၂၈ ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီတွင် ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် ဝန်ထမ်း သုံးဦးတို့သည်၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ ကျေးရွာ/ကျောင်းစားသုံးသူရေးရာ အသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းပြီး ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာ အထက်တန်းကျောင်း ကျောင်းဈေးတန်းများရှိ ဈေးဆိုင်များအား FDA မှ စားသုံးရန်မသင့် ကြော်ငြာထားသည့် ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခြင်း၊ သက်တမ်းလွန်ပစ္စည်းများ ရောင်းချမှုမရှိစေရန်၊ ကုန်အညွှန်း အမှတ်အသားများတွင် မြန်မာစာသား (သို့) အခြားဘာသာစကားတွဲ၍ဖြစ်စေ ဖော်ပြသော အချက်အလက်များ ရှိသော ကုန်ပစ္စည်းမျိုးကိုသာ ရောင်းချစေရန်၊ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ယဉ်ယဉ်ဝင်း (ယင်းမာပင်)**

## ဖျာပုံခရိုင်အတွင်းရှိ ဆေးအရောင်းဆိုင်များအား အသိပညာပေးဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဖျာပုံမြို့ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးမှူးရုံးတွင် ဇူလိုင် ၂၂ ရက်က ခရိုင်အတွင်းရှိ ဆေးအရောင်းဆိုင်များအား အမျိုးသား ဆေးဝါးဥပဒေနှင့် စားသုံးသူကာကွယ်ရေးအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားတွင် ခရိုင်ဆရာဝန်ကြီးကိုယ်စား လက်ထောက်ဆရာဝန် ဒေါက်တာသိန်းထွန်းဝင်းက အဖွင့်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ မခိုင်ခိုင်အေးက အမျိုးသားဆေးဝါးဥပဒေအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်နီနီဇော်က ဆေးဝါးအရောင်းတို့၏ ကောင်းမွန်သောကျင့်စဉ် စပ်ဆေးနှင့် တားမြစ်ဆေးဝါးများအကြောင်းကို လည်း



ကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးမိုးမင်းသန်းက ၂၀၁၉ ခုနှစ်၊ စားသုံးသူ ကာကွယ်ရေးဥပဒေပါ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များနှင့် အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံခရိုင်အတွင်းရှိ ဆေးအရောင်းဆိုင်ရှင် ၈၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသောလုပ်ငန်းရှင်များအား စားသုံးသူရေးရာဦးစီးဌာနမှ လက်ကမ်းစာစောင်များနှင့် ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဝေငှခဲ့ကြောင်း သိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ကျောက်ဆည်မြို့နယ် တောင်နံ့သာကျေးရွာရှိ ယိုစုံ လုပ်ငန်းများအား စစ်ဆေး

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာ၏ဦးဆောင်မှုဖြင့် ဇူလိုင် ၂၄ ရက်တွင် မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စသည့်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ကျောက်ဆည်မြို့နယ်၊ တောင်နံ့သာကျေးရွာရှိ ‘နီစိမ်းဝါ’ ယိုစုံလုပ်ငန်းနှင့် ‘ငွေငွေ’ ယိုစုံလုပ်ငန်းများအား ထုတ်ကုန်လုံခြုံစိတ်ချရမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် ယိုစုံလုပ်ငန်းရှိဝန်ထမ်းများအား စားသုံး သူအကာအကွယ်ပေးရေးအသိပညာ ပေးဟောပြောခဲ့သည်။ ဆက်လက်၍ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်း ဆင်းစစ်ဆေးရာတွင် ၎င်းလုပ်ငန်းများမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်များရယူ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံအပြင်ဘက်၌ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် မှိုတက်နေသောဆီးသီးခြောက်များကိုတွေ့ရှိရကြောင်း၊ ၎င်း ဆီးသီးခြောက်များနှင့် ပတ်သက်၍ စက်ရုံမှတာဝန်ရှိသူများအား မေးမြန်းရာတွင် မှိုတက်နေသော ဆီးသီးခြောက်များမှာ လွန်ခဲ့သော(၂)နှစ်ခန့်ကမှ ကျန်ရှိသောပစ္စည်းများဖြစ်ကြောင်း၊ ၎င်းပစ္စည်းများအား ယခုထုတ်လုပ်နေသော ယိုစုံများတွင် အသုံးပြုခြင်းမရှိကြောင်း၊ ခြောက်သွေ့အောင်နေလှန်းပြီး ဆီးသီးခွဲခြမ်းများနှင့်အတူရော၍ ဘွိုင်လာ၌ မီးရှို့အသုံးပြုကြောင်း၊ မိမိတို့ယိုစုံလုပ်ငန်းများကို လုပ်ကိုင်နေသည်မှာ နှစ်(၂၀) ခန့်ရှိပြီး နာမည်ပျက်မရှိခဲ့ကြောင်း၊ လတ်ဆတ်သောကုန်ကြမ်းပစ္စည်းများနှင့် FDA က အသိအမှတ်ပြုထားသော ဆိုးဆေးများကိုသာအသုံးပြုထားကြောင်း ပြောကြားခဲ့သည်။ ပူးပေါင်းအဖွဲ့မှ စက်ရုံအတွင်းရှိ ဘွိုင်လာရုံ၌ ဆီးသီးခြောက်၊ ဆီးသီးခွဲခြမ်းများကို မီးရှို့၍ ရေနွေးငွေ့ထုတ်လုပ်ပြီး ယိုစုံလုပ်ငန်းပြုလုပ်နေမှုများ၊ အသုံးပြုသော ဆိုးဆေးများအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**




# အာဆင်နယ်အသင်း ဝီလီယံဆာလီဘာကို ခေါ်ယူပြီး ပြန်လည်အငှားချ

အာဆင်နယ်အသင်းသည် စိန့်အက်တီယန်အသင်းမှ ပြင်သစ်လူငယ်ကစားသမား ဝီလီယံဆာလီဘာကို ခေါ်ယူပြီး စိန့်အက်တီယန်အသင်းသို့ပင် ပြန်လည်အငှားချထားလိုက်ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် အသက်(၁၈)နှစ်သာရှိသေးသည့် ဝီလီယံဆာလီဘာကို ပေါင် ၂၇ သန်းဖြင့် ခေါ်ယူပြီး ကာလရှည် စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

ဝီလီယံဆာလီဘာသည် ပြင်သစ် ယူ-၂၀ အသင်းတွင် ရွေးချယ်ခံထားရသူဖြစ်ပြီး စိန့်အက်တီယန်အသင်း၏ နောက်တန်းတွင်လည်း အကောင်းဆုံး ခြေစွမ်းပြကစားနိုင်သူဖြစ်သည်။ အာဆင်နယ်အသင်းသည် ၎င်းကစားသမားကို ၂၀၁၉-၂၀၂၀ ဘောလုံးရာသီကုန်အထိ အသင်းဟောင်း စိန့်အက်တီယန်အသင်းသို့ တစ်ရာသီစာ အငှားချထားလိုက်ခြင်းဖြစ်သည်။

'ကျွန်တော်တို့ ဝီလီယံဆာလီဘာကို ခေါ်ယူဖို့အတွက် တခြားအသင်းတွေထက် လက်ဦးမှု ရယူနိုင်ခဲ့ပါပြီ။ ဝီလီ ယံဆာလီဘာကို ခေါ်ယူချင်တဲ့အသင်းတွေက အများကြီးရှိနေပါတယ်။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမယ့် ကြယ်တစ်ပွင့်ပါ။ ဝီလီယံဆာလီဘာအတွက် အတွေ့အကြုံကောင်းတွေ ရရှိအောင် ပုံမှန်ပွဲထွက်ခွင့်ရရှိမယ့်အသင်းမှာ အငှားပြန်ချထားတာပါ။ သူ့အသက် ၁၉၊ ၂၀ ဆိုရင်တော့ အသင်းကြီးမှာ ကောင်းကောင်း ကစားနိုင်စွမ်း ရှိလာတော့မှာပါ။ နောက်တန်း ခံစစ်မှူးတစ်ယောက်အတွက် အတွေ့အကြုံကောင်းတွေက မဖြစ်မနေ လိုအပ်ပါတယ်။ ဒါကြောင့် သူ့ကို နောက်ထပ် တစ်နှစ်လောက် အတွေ့အကြုံကောင်းတွေ ယူခိုင်ထားတဲ့ သဘောပါ'ဟု အာဆင်နယ်အသင်းနည်းပြ အူနိုင်း အမ်မရီက ပြောသည်။

ဝီလီယံဆာလီဘာသည် ၂၀၁၈ ခုနှစ်က စိန့်အက်တီယန် ယူငယ်အသင်းမှနေ၍ စိန့်အက်တီယန် အသင်းကြီးသို့ ပြောင်းရွှေ့ကစားခွင့် ရရှိခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် စိန့်အက်တီယန်အသင်းတွင် ၁၆ ပွဲ ပါဝင်ကစားပေးထားသည်။ ထို့အပြင် ဝီလီယံဆာလီဘာသည် ပြင်သစ်ယူ-၁၆၊ ယူ-၁၇၊ ယူ-၁၈၊ ယူ-၁၉ အသင်းတို့တွင် အဆင့်ဆင့် ပါဝင် ကစားပေးခဲ့ပြီး လက်ရှိ အချိန်တွင် ပြင်သစ် ယူ-၂၀ အသင်းတွင် ရွေးချယ်ခံထားရသည်။




# ဘာစီလိုနာ တိုက်စစ်မှူး မယ်ကွန်ကို ဒေါ့မွန် ခေါ်ယူမည်

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းသည် ဘာစီလိုနာအသင်းမှ ဘရာဇီး တိုက်စစ်မှူး မယ်ကွန်ကို ခေါ်ယူနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ဒေါ့မွန်အသင်းသည် အသက်(၂၂)နှစ်ရှိ အဆိုပါတိုက်စစ်မှူးကို ယူရို ၄၂ သန်းဖြင့် ခေါ်ယူရန် စတင်ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ မယ်ကွန်သည် အထောင်တိုက်စစ်မှူးစစ်စစ်မဟုတ်ဘဲ တောင်ပံပိုင်းတွင် အဓိက ကစားနေသူဖြစ်သည်။ ဘာစီလိုနာအသင်းသည် အက်သလက်တီကိုအသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရက်ဇ်မန်းကို ခေါ်ယူထားခြင်းကြောင့် မယ်ကွန်ကို ရောင်းထုတ်ရန်မှာ သေချာသလောက်ရှိနေသည်။ မယ်ကွန်သည် ၂၀၁၈ ခုနှစ်က ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသော်လည်း လူစားဝင်ကစားသမားအဖြစ် ၁၅ ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ပြီး အသင်းအတွက် တစ်ဂိုးသာ သွင်းပေးထားနိုင်သည်။

မယ်ကွန်ကို ရောင်းထုတ်ရန်မှာ သေချာသလောက် ရှိနေသော်လည်း ၎င်းကစားသမားအတွက် ဒေါ့မွန်အသင်းက ကမ်းလှမ်းသည့် ပြောင်းရွှေ့ကြေးပမာဏမှာ နည်းလွန်းနေသည်။ မယ်ကွန်သည် ဘာစီလိုနာအသင်း၏ အာရှခြေစမ်းပွဲ ခရီးစဉ်ကို လိုက်ပါသွားခြင်းမရှိကြောင်းလည်း သိရသည်။

# ပက်ထရက်ကလွိုက်ဗက်ကို လူငယ်အကယ်ဒမီ ဒါရိုက်တာအဖြစ် ဘာစီလိုနာ ခန့်အပ်

ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်ခဲ့သူ နယ်သာလန်နိုင်ငံသား ပက်ထရက် ကလွိုက်ဗက် ကို လူငယ်အကယ်ဒမီတွင် ဒါရိုက်တာအဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

အသက်(၄၃)နှစ်ရှိပက်ထရက်ကလွိုက်ဗက် ကို ဘာစီလိုနာအသင်း အနေဖြင့် လူငယ်အကယ်ဒမီတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ရန် နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း သိရ သည်။




ပက်ထရက်ကလွိုက်ဗက်က 'ဘာစီလိုနာအသင်း တာဝန်ရှိသူတွေက ကျွန်တော့်ကို ယုံပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ လူငယ်အကယ်ဒမီဆိုတာ အနာဂတ် အသင်းကြီးအတွက် အထောက်အပံ့ကောင်းပါ။ လူငယ်တွေကို ကောင်းကောင်း ပျိုးထောင်ပေးနိုင်မှ အသင်းကြီးအတွက် အောင်မြင်မှုရရှိမှာပါ။ ဥပမာ-နယ်သာလန်က အေဂျက် အကယ်ဒမီကိုပဲကြည့်ပါ။ အေဂျက်အသင်းကြီးမှာ လူငယ်အကယ်ဒမီက ကစားသမားတွေ အများကြီးရှိနေပါတယ်။ ကျွန်တော့်မှာ လူငယ်အကယ်ဒမီနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေရှိနေတာကြောင့် ဘာစီလိုနာလူငယ်အကယ်ဒမီမှာ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်'ဟု ပြောကြားခဲ့သည်။

နယ်သာလန် လက်ရွေးစင် ကစားသမားဟောင်း ပက်ထရက်ကလွိုက်ဗက်သည် အေဂျက်၊ အေစီမီလန်၊ ဘာစီလိုနာ၊ နယူးကာဆယ်၊ ဗလန်စီယာ၊ ပီအက်စ်ဗွီနှင့် လိုင်လီအသင်းတို့တွင် ကစားသမားဘဝကို ကျင်လည်ခဲ့သည်။ ပက်ထရက်ကလွိုက်ဗက်သည် ၂၀၀၈ ခုနှစ်က နည်းပြဘဝသို့ စတင်ဝင်ရောက်ခဲ့ပြီး အေဇက်၊ ဘရစ် ဘိန်းရိုအာ၊ NEC၊ နယ်သာလန်၊ ကင်မရွန်းစသည့် အသင်းများကို လက်ထောက်နည်းပြအဖြစ် ကိုင်တွယ်ခဲ့ပြီး တွမ်တီးအသင်း၊ ကူရာကာအိုအသင်းနှင့် အေဂျက် A1 လူငယ်အသင်းတို့ကိုလည်း နည်းပြခဲ့ဖူးသည်။ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းတွင် အားကစားဒါရိုက်တာအဖြစ် တစ်နှစ်တာဝန်ထမ်းဆောင်ဖူးသည်။

# ဇာဟာကို ခေါ်ယူရန် အဲဗာတန်အသင်း ပြင်ဆင်နေ




အဲဗာတန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဇာဟာကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ဇာဟာကို အဲဗာတန်အသင်းအပြင် အသင်းကြီးတချို့က ခေါ်ယူရန် စိတ်ဝင်စားနေကြသော်လည်း ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးမှာ ကြီးမြင့်နေခြင်းကြောင့် မည်သည့်အသင်းကမျှ တရားဝင်ကမ်းလှမ်းလာခြင်းမျိုး မရှိသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အဲဗာတန်အသင်းသည် ဇာဟာကို ခေါ်ယူနိုင်ရေးအတွက် ပေါင်သန်း ၆၀ နှင့် အသင်းရှိ တိုက်စစ်မှူး တိုဆန်ကို အလိုက်ပေး၍ ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ဇာဟာကို ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်အသင်းကလည်း စောင့်ကြည့်နေသည်။ ထို့ကြောင့် အဲဗာတန် အသင်းအနေဖြင့် ဇာဟာကို ခေါ်ယူမှုတွင် အာဆင်နယ်အသင်းထက် လက်ဦးမှုရယူနိုင်ရေး ကြိုးပမ်းနေခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ၎င်းတို့၏ တိုက်စစ်မှူး ဇာဟာကို ပေါင်သန်း ၈၀ ဖြင့် ရောင်းထုတ်မည်ဖြစ်ကြောင်း အရောင်းဈေးကွက် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ဇာဟာသည် ၂၀၁၀-၂၀၁၃ တွင် ခရစ္စတယ်ပဲလေ့စ်အသင်း ကစားသမားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မန်ယူအသင်းက ခေါ်ယူခဲ့သည်။ သို့သော် မန်ယူအသင်းသည် ဇာဟာကို နှစ်ပွဲသာ အသုံးပြုခဲ့ပြီး အသင်းဟောင်း ခရစ္စတယ်ပဲလေ့စ်အသင်းသို့ပင် သုံးရာသီဆက်တိုက် အငှားချထားခဲ့သည်။

ထိုသို့အငှားဖြင့် သွားရောက်ကစားနေရာမှ ၂၀၁၅ ခုနှစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက အပြီးသတ် ပြန်လည်ခေါ်ယူခဲ့သည်။ ဇာဟာသည် ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ခရစ္စတယ်ပဲလေ့စ် အသင်းတွင် အဓိက တိုက်စစ်မှူးအဖြစ် ပါဝင်ခွင့်ရပြီး ခြေစွမ်းလည်း ပြသနိုင်ခဲ့သည်။

ဟန်နေသစ် စုစည်းသည်




# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အချိန်အခါကောင်း

နိုင်ဦး (DOCA)

ခရီးတစ်ခုသွားရင်းစီးပွားရေးပညာရှင်တစ်ဦးနှင့်ဆုံဖြစ်သည်။ သူကစီးပွားရေးလုပ်ရာမှာ ဝယ်လိုအားနဲ့ရောင်းလိုအားကိုချိန်ညှိကာဆောင်ရွက်ကြပေမယ့် အဓိကကတော့ ငွေရဲ့ကစားကွက်အတွင်းမှာဝယ်လိုအားရော၊ ရောင်းလိုအားကိုပါ ထိန်းချုပ်ခံထားကြတယ်တဲ့၊ ပြောချင်တာကတော့ ငွေနဲ့ပစ္စည်းဝယ်ထားမယ်။ အမြတ်သေချာမှပြန်ရောင်းမယ်ဆိုတဲ့ သဘောပဲတဲ့။ စပါးပေါ်ချိန်မှာချက်ချင်းမဝယ်သေးဘဲလယ်သမားတွေ အခက်အခဲကြုံမှ အနိမ့်ဆုံးဈေးနဲ့ဝယ်ယူသိုလှောင်ပြီး နိုင်ငံအတွင်းစပါးလက်ကျန်မရှိတော့မှ ပြည်တွင်းရော ပြည်ပအထိပါအမြင့်ဈေးနဲ့ ပြန်ရောင်းကြတဲ့သဘောပဲတဲ့။ အဲ့ဒါကြောင့်စီးပွားရေးလုပ်ရာမှာ အရင်းအနှီး၊ တစ်နည်းအားဖြင့်ငွေသာအရေးကြီးပြီး ဝယ်လိုအားကိုရော၊ ရောင်းလိုအားကိုပါ ထိန်းချုပ်ထားတဲ့ကြားခံပစ္စည်းတစ်ခုဖြစ်တယ်လို့ သေသေချာချာရှင်းပြတယ်။

ဒါကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ ကြွယ်ဝချမ်းသာဖို့နည်းလမ်းပေါင်းစုံကို အသုံးပြုနေကြတယ်။ စီးပွားရေးအင်အားကောင်းမွန်တောင့်တင်းဖို့အားပေးဆောင်ရွက်နေကြတယ်။ ဒါ့မှကမ္ဘာ့အဖွဲ့အစည်းတွေမှာ ရန်ပုံငွေများများထည့်ဝင်နိုင်ပြီး ဩဇာအာဏာရှိသောနေရာများကိုရယူကာ မိမိနိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ကဏ္ဍတွေမှာ အသာစီးရယူဖို့ကြိုးစားနေကြတယ်။ ငွေကြေးအရင်းအနှီးနည်းပါးတဲ့၊ တစ်နည်းအားဖြင့်ဖွံ့ဖြိုးမှုနည်းပါးတဲ့ နိုင်ငံတွေ၊ အရှိန်ယူစနိုင်ငံတွေရဲ့စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ဖို့အချိန်ပြည့်ကြိုးစားနေတာတဲ့လေ။ တို့နိုင်ငံကစိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟန်ချက်ညီသောစီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေတာတဲ့။

ပြီးတော့ ပြောသေးတယ်။ လက်ရှိအချိန်အခါဟာ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက် ဖို့အချိန်အခါကောင်းပဲတဲ့။ ဘာကြောင့်လဲဆိုတော့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးဆိုင်ရာအသာစီးရယူနိုင်ရေးချမှတ်ခဲ့တဲ့ မူဝါဒတွေကြောင့် ကုန်သွယ်ရေးစစ်ပွဲအသွင်ဖြစ်လာလို့ အာရှနိုင်ငံကြီးတွေဖြစ်တဲ့ တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံတွေဟာအလိုလိုနေရင်းစည်းလုံးလာကြပြီး ဈေးကွက်ရှာဖွေဆောင်ရွက်နေရင်း၊ အဆိုပါတရုတ်နဲ့အိန္ဒိယကြားမှာရှိတဲ့တို့နိုင်ငံအတွက် ကြီးမားတဲ့အခွင့်အရေးတွေရရှိလာနိုင်လို့တဲ့လေ။ ဒါပေမဲ့လည်း စဉ်းစားရမယ့် အချက်လည်းရှိသေးတယ်တဲ့။ အမေရိကန်နိုင်ငံရဲ့စီးပွားရေးဆိုင်ရာ မူဝါဒတွေဟာ လက်ရှိအတိုင်း ကာလကြာရှည်စွာ ဖြစ်နေမလား။ လက်ရှိအမေရိကန်သမ္မတဟာ ဆက်ပြီးရွေးကောက်ခံရဖို့ရှိလား။နောက်ထပ်သမ္မတသစ်တက်လာရင် ဘာတွေပြောင်းလဲမှုဖြစ်နိုင်မလဲ စဉ်းစားကြရမယ်တဲ့။ သူကနိုင်ငံပေါင်းစုံလည်းသွားဖူး၊ စီးပွားရေးပညာရှင်လည်းဖြစ်လို့ စီးပွားရေးနဲ့ပတ်သက်လို့၊ ကုန်သွယ်ရေးနဲ့ပတ်သက်လို့ပြောလိုက်တာလေ။ ဂျီအက်စ်ပီဆိုလား၊ အဲဒီအခွင့်အရေးတွေကိုလည်း လက်ချိုးရေတွက်လို့ရတဲ့ မြန်မာလုပ်ငန်းရှင်အနည်းငယ်လောက်ပဲ ခံစားကြရတာတဲ့။ အများကတော့ ပြည်ပလုပ်ငန်းရှင်တွေ၊ လက်ဝေခံလုပ်ငန်းရှင်တွေအတွက်သာ အကျိုးများတာဆိုပဲ။

ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင်ဆောင်ရွက်နေသည့်ကာလဖြစ်သည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဘက်ပေါင်းစုံက အပြိုင်အဆိုင်ကြိုးစားနေကြသည်။ ထို့ကြောင့်ပင် ယနေ့ခေတ်ကို စီးပွားရေးခေတ်ဟု ပညာရှင်များက ပြောဆိုရေးသားနေကြသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါ ခေတ်ကြီးကို အမီလိုက်နိုင်ရန် တောင်ပေါ်၊ မြေပြန့်၊ တိုင်းဒေသကြီး/ ပြည်နယ်မကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရေး တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်နေသည်မှာ အားကျဖွယ်ပင်ဖြစ်သည်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက်မိမိနိုင်ငံသားများသာ ကြိုးစားလုပ်ဆောင်ရပေမည်။ သို့သော် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော စီးပွားရေးဆိုင်ရာဥပဒေ၊ စည်းကမ်း၊ သတ်မှတ်ချက်များကို လိုက်နာရမည်။ စီးပွားရေးကျင့်ဝတ်များအတိုင်း ဆောင်ရွက်ရန်လိုပါသည်။

နိုင်ငံတော်အကြီးအကဲတစ်ဦးက ပြောခဲ့ဖူးသည်။ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်၍ ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများသို့ ရန်ပုံငွေထည့်ဝင်နိုင်မှုနည်းပါး၍ အဆိုပါအဖွဲ့အစည်းများ၏ အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍတွင် ပါဝင်နိုင်မှုမရှိ၍ တချို့သော ကိစ္စများတွင် အတင်းအကျပ် ဖိအားပေး ခံရသည်ဟု စိတ်မကောင်းဖွယ်ပြောကြားခဲ့သည်ကို နားထောင်ခဲ့ရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် စီးပွားရေးကောင်းမွန်သော နိုင်ငံများသည် ရန်ပုံငွေများစွာထည့်ပေးနိုင်၍ အဆုံးအဖြတ်ပေးနိုင်သည့် ဉက္ကဋ္ဌစသည့် အရေးပါသည့်နေရာများကိုရယူကာ အခြားစီးပွားရေးအင်အားနည်းပါးသော နိုင်ငံများ၏ အရေးကိစ္စများကို အတင်းအကြပ်ဖိအားပေး အနိုင်ကျင့်လျက်ရှိနေသည်ကို မျက်မှောက်ခေတ်တွင် ထင်ထင်ရှားရှား များပြားလာနေသည်ကို တွေ့နေရပါသည်။

လက်ရှိနိုင်ငံအားလုံးနီးပါးသည် တံခါးဖွင့်မူဝါဒများကို ကျင့်သုံး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်နေကြသည်။ အထူးသဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးစနစ်ကို ဦးတည် ဆောင်ရွက်နေကြသည်။ ကုန်ကြမ်းအတိုင်းတင်ပို့ရာမှ ကုန်ချော၊ တစ်ဝက်ကုန်ချော စသည်ဖြင့် တန်ဖိုးမြင့် ပို့ကုန်များအဖြစ် တင်ပို့ရန်၊ ဈေးကွက်ဝေစုရရှိရန်၊ အရည်အသွေးကောင်းမွန်ရန်၊ ပုံမှန်ပို့ကုန်များအပြင်အမယ်သစ်ပို့ကုန်များကို တိုးချဲ့တင်ပို့ရန်၊ ထုတ်လုပ်မှု နည်းပညာအဆင့်များမြှင့်တင်ရန် ကြိုးစားနေကြသည်။ မြန်မာနိုင်ငံတွင်လည်းအလားတူပင် ဖြစ်သည်။

ယခင်က နိုင်ငံတကာတွင် ညီမျှသောကုန်သွယ်ရေးဖြင့် အရှိန်အဟုန်မပြတ်တိုးတက်မှု ပုံမှန်ရှိခဲ့သော်လည်း ယခုအခြေအနေတွင်မူညီမျှသောကုန်သွယ်ရေးအစား ဟန်ချက်မတည်ငြိမ်သော ကုန်သွယ်ရေးဖြစ်ပေါ်လာနေသည်။ တစ်ဖက်သတ်ဆန်သောမူဝါဒများဖြင့်ကုန်သွယ်ရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ရန် ကြိုးစားလုပ်ဆောင်နေမှုများကြောင့် ကုန်သွယ်မှုပဋိပက္ခများ၊ ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုများ ပိုမိုဖြစ်ပေါ်လာနေသည်။ ထို့ကြောင့်ပင် အာရှအင်အားကြီးနိုင်ငံအချို့သည် ကျဉ်းမြောင်းလာသော အမေရိကန်နှင့်ဥရောပဈေးကွက်များအစားအခြား အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသများသို့ ဈေးကွက်ထိုးဖောက်ရန် လမ်းကြောင်းအတွင်းရှိသော အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ မျက်စိကျလာကြသည်။ အထူးသဖြင့် လုပ်သားပေါများပြီး ထုတ်လုပ်ကုန်ကျစရိတ်သက်သာသော မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ အချို့တွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိနေကြသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ကာ ဆောင်ရွက်လျက်ရှိသလို ပို့ကုန်ဦးဆောင်သောစီးပွားရေးစနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့်လယ်ယာထွက်ကုန်ပစ္စည်းများပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီစွာထုတ်လုပ်နိုင်ရေး၊ ကုန်ကြမ်းအစားကုန်ချော၊ တစ်ဝက်တပြတ်ကုန်ချောများအဖြစ်တင်ပို့နိုင်ရေး၊ ဈေးကွက်ဝေစုရရှိရေး၊ ဈေးကွက်အသစ်ထိုးဖောက်နိုင်ရေးတို့အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်ငွေကြေးအရင်းအနှီးနည်းပါးမှု၊ နည်းပညာအား နည်းမှု၊ လုပ်ငန်း ရှင်များနိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အကျွမ်းတဝင်မရှိမှု များ၊အား နည်းမှုများကအောင်မြင်သင့်သလောက် အောင်မြင်မှုမရသည်ကိုလည်းတွေ့ရှိရသည်။ ဟန်ချက်ညီသော စီးပွားရေးစနစ်ကိုအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရလေ့ရှိသော သဘော၊ သဘာဝပင်ဖြစ်၍ စိုးရိမ်စရာမလိုပေ။ မြန်မာလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာန၊ အစိုးရ ပူးပေါင်းညှိနှိုင်းအဖြေရှာ၍ ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အားလုံးပါဝင်ပြီး သာတူညီမျှဖြစ်စေမည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုး တက်မှုဖြစ်ပေါ်စေရန် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အုပ်ချုပ်မှုပြုပြင် ပြောင်းလဲခြင်း၊ အခြေခံအဆောက်အအုံများဆောင်ရွက်ပေးခြင်း၊ နည်းပညာများတွင်ကျယ်စွာ အသုံးပြုခြင်းများကို အရှိန်အဟုန်မြှင့်တင်ကာ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ထိုသို့နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများဖြစ်သည့် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို လျှော့ချပေးရာတွင် ကန့်သတ်ချက်များရှိနေ ခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်မှ အများပိုင်၊ ပုဂ္ဂလိကပိုင်အဖြစ်ဆောင်ရွက်ရာတွင်အတားအဆီး အချို့ရှိနေခြင်း၊ ဘဏ္ဍာရေးစနစ်ပုံမှန်လည်ပတ်မှု နှေးကွေးနေခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာတွင် အားနည်းမှုအချို့ရှိနေခြင်းများ၊ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များနည်းပါးခြင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိနေခြင်း၊ မူးယစ်ဆေးဝါးပြဿနာများ ဖြစ်နေခြင်း စသည့်အချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အဟန့်အတားများ ဖြစ်လျက်ရှိသည်။ ဤသည်များကို တစ်ဖြည်းဖြည်းအချိန်ယူကာ ဖြေရှင်းကျော်လွှား၍ ပန်းတိုင်သို့အရောက်လှျောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ လက်ရှိတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေလျက်ရှိသော ကိစ္စရပ်များကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ လိုက်ပါပြောင်းလဲ ဆောင်ရွက်လျက်ရှိသဖြင့် အောင်မြင်မှုအချို့ရရှိလျက်ရှိနေခြင်းများက သက်သေထူလျက်ရှိသည်။

မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရန် ပို့ကုန်ဦးဆောင်သော စီးပွားရေးစနစ်ကိုအကောင် အထည်ဖော်ရာတွင်လည်း နိုင်ငံကြီးအချို့၏စီးပွားရေးမျက်လှည့်ပြမှုများကိုလည်း ခံစားရသည်။ မြန်မာ့ပို့ကုန်ပစ္စည်းတန်ဖိုးနဲ့ညီမျှတန်ဖိုးကို ပြန်လည်ဝယ်ယူတင်သွင်းဖို့တစ်မျိုး၊ ပို့ကုန်ပစ္စည်းအချို့ကို မဝယ်ယူဘဲ ပိတ်ဆို့၍တစ်နည်း အမျိုးမျိုးပြဿနာများကြောင့် အခက်အခဲကြုံတွေ့နေရသည်။ တာဝန်ရှိသူများက ပို့ကုန်ဝင်ငွေတိုး၍ သွင်းကုန်တန်ဖိုးများလျှော့ချရန် ကြိုးစားလျက်ရှိရာတွင်လည်း ယနေ့အထိ နိုင်ငံတည်ဆောက်ဆဲကာလဖြစ်၍ ကုန်သွယ်မှုလိုငွေများပြသနေဆဲပင်ရှိနေသေးသည်။ ထို့ကြောင့်ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးအတွက် အားပေးမြှင့်တင်ပေးလျက်ရှိပြီး ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဝေစုရရှိရေးအတွက်ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။ မကြာမီကြိုးစားဆောင်ရွက်မှု၏ အသီးအပွင့်များကို ခံစားရမည်ဟုမျှော်လင့်မိပါသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော အင်အားကြီးနိုင်ငံအချို့၏ ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုပြဿနာသည် မြန်မာနိုင်ငံအတွက်အကျိုးအမြတ်ဖြစ်ထွန်းစေမည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြကြသည်။ နိုင်ငံက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်မှုရရှိစေရန်တွန်းအားပေးနေသည်ဟု ဆိုကြသည်။ ဈေးကွက်ပြောင်းလဲလာမှု၊ ရင်းနှီးမြှုပ်နှံမှုပြောင်းလဲလာမှု၊ ကုန်သွယ်ရေး လမ်းကြောင်းများပြောင်းလဲလာမှုများသည် သဘာဝမဟာဗျူဟာကျကျနေရာတွင် တည်ရှိနေသော မြန်မာနိုင်ငံအတွက် အခွင့်အခါကောင်းတစ်ခုကို ပိုင်ဆိုင်နိုင်သောကာလဖြစ်၍ လုပ်ငန်းရှင်များ ကြိုးစားဆောင်ရွက်ပါကကြီးပွားမည့်ကာလ၊ နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ကုန်သွယ်မှုပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော မြန်မာနိုင်ငံအတွက် ရရှိလာမည့်အခွင့်အရေးများကို အမိအရဆုပ်ကိုင်ကာ နိုင်ငံတော်က အကောင်အထည် ဖော်ဆောင်ရွက်နေသည့်ရေရှည်တည်တံ့ခိုင်မြဲသော၊ ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်သော၊ ပို့ကုန်တိုးမြှင့်တင်ပို့စေသော၊ သွင်းကုန် အစားထိုးထုတ်လုပ်စေသောလုပ်ငန်းများကို လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက အားတိုက်အင်တိုက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုပေးကြပါရန် စေတနာရှေ့ထားကာ တိုက်တွန်းအပ်ပါသည်။

■

# အီးယူနှင့် Mercosur ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ရရှိ

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး၊ ဘရပ်ဆဲလ်မြို့)**

ဥရောပသမဂ္ဂနှင့် အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံများပါဝင်သည့် Mercosur တို့အကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုရရှိခဲ့ကြောင်း ဇွန် ၂၈ ရက်တွင် ဥရောပကော်မရှင်က သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းဖြင့် အီးယူနှင့် Mercosur နိုင်ငံများအကြား လူဦးရေသန်းပေါင်း ၇၈၀ ကျော်ရှိသည့် ဈေးကွက်ကို လွှမ်းခြုံထားပြီး ဒေသနှစ်ခုအကြား ပိုမိုနီးကပ်သည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ကူးလူးဆက်ဆံမှုများကို ပိုမိုခိုင်မာစေမည် ဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ကုန်သွယ် ရေး သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေးထိုးနိုင်ခြင်းသည် နှစ်ဦးနှစ်ဘက်စလုံးမှ စည်းမျဉ်းအခြေခံသည့် နိုင်ငံတကာကုန်သွယ်မှုစနစ်ကို အားပေးထောက်ခံခြင်းဖြစ်ပြီး အီးယူကုမ္ပဏီများအတွက် ဈေးကွက်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များ စတင်နိုင်ရေးအတွက် အရေးပါသကဲ့သို့ Mercosur နိုင်ငံများ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကိုလည်း အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အီးယူ- Mercosur ကုန်သွယ်မှုသဘောတူညီချက်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် အစား အသောက်ဘေးကင်းလုံခြုံမှုရှိစေရေးဆိုင်ရာ မြင့်မားသည့်စံချိန်စံညွှန်းများအပြင် အလုပ် သမားအခွင့်အရေးနှင့်စပ်လျဉ်းသည့် သီးခြား ကတိကဝတ်များနှင့် ပဲရစ်ရာသီဥတုဆိုင်ရာ သဘော တူညီချက်အား အကောင်အထည်ဖော်ခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များလည်း ပါဝင်နေသည်။

အဆိုပါကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် အီးယူမှ Mercosur နိုင်ငံများသို့ပို့ကုန်တင်ပို့မှုတွင် အီးယူကုမ္ပဏီများပေးဆောင်နေရသည့် အခွန်နှုန်းထားများအား သိသိသာသာ လျှော့နည်းသက်သာသွားစေမည်ဖြစ်ပြီး တစ်နှစ်လျှင် ယူရိုလေးဘီလီယံခန့်ရှိသည့် အခွန်အခများကို သက်သာစေခြင်းဖြင့် အီးယူကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေနိုင်မည် ဖြစ်ကြောင်း သိရသည်။ အီးယူအနေဖြင့် Mercosur နိုင်ငံများသို့၎င်း၏ စက်မှုထုတ်ကုန်များတင်ပို့ရာတွင် အခွန်နှုန်းထားမြင့်မားမှုများကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ အခွန်နှုန်းထားများ အနေဖြင့် မော်တော်ကားများ ၃၅ ရာခိုင်နှုန်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများ ၁၄-၁၈ ရာခိုင်နှုန်း၊ စက်ပစ္စည်းများ ၁၄-၂၀ ရာခိုင်နှုန်း၊ ဓာတုပစ္စည်း ၁၈ ရာခိုင်နှုန်း၊ ဆေးဝါးပစ္စည်း ၁၄ ရာခိုင်နှုန်း၊ အဝတ်အထည်နှင့် ဖိနပ် ၃၅ ရာခိုင်နှုန်းစသည်ဖြင့် ပေးဆောင်နေရသည့်အတွက် အဆိုပါ အခွန်နှုန်းထားများကို လျှော့ချနိုင်ခြင်းဖြင့် အီးယူ၏ ပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ Mercosur နိုင်ငံများသို့အခွန်နှုန်း ထားမြင့်မားစွာ တင်ပို့နေရသည့် အီးယူ၏ စားသောက်ကုန်များဖြစ်သော ချောကလက်နှင့်မုန့်များ ၂၀ ရာခိုင်နှုန်း၊ ဝိုင် ၂၇ ရာခိုင်နှုန်း၊ အရက် ၂၀ မှ ၃၅ ရာခိုင်နှုန်း၊ အချိုရည် ၂၀ မှ ၃၅ ရာခိုင်နှုန်းတို့ကိုလည်း အခွန်နှုန်းထားသက်သာစွာ တင်ပို့နိုင်ခြင်းဖြင့် အီးယူအတွက် အကျိုးရှိစေမည် ဖြစ်ကြောင်း သိရသည်။

အီးယူနှင့် တောင်အမေရိက ကုန်သွယ်ရေးအုပ်စုတို့အကြား ကုန်သွယ်မှုသဘောတူညီချက် ရရှိခဲ့ခြင်းအပေါ် ယခုကဲ့သို့နိုင်ငံတကာကုန်သွယ်ရေး၌ တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် အီးယူနှင့် Mercosur မိတ်ဖက်များအကြား စည်းမျဉ်းအခြေခံကုန်သွယ်မှုအတွက် ခိုင်မာစွာအတူတကွ ရပ်တည်နိုင်ခြင်းကို ပြသနိုင်မှုဖြစ်သဖြင့် သမိုင်းဝင် အခိုက်အတန့်တစ်ခုပင် ဖြစ်ပါကြောင်း၊ ယခု ကုန်သွယ်ရေး သဘောတူညီမှုမှတစ်ဆင့် နှစ်ဦးနှစ် ဘက်အကြား နှစ်စဉ်ပေးဆောင်နေရသည့် အခွန်နှုန်းထားများကို လျှော့ချနိုင်ပြီး၊ ဈေးကွက်ဖွင့်လှစ်နိုင်မှုကြောင့် နှစ်ဖက်စလုံးမှ ကုမ္ပဏီများ၊ လုပ်သားများနှင့် မိမိတို့ဒေသနှစ်ခုစလုံး၏ စီးပွားရေးတိုးတက်မှုတို့အတွက် သတင်းကောင်းပင် ဖြစ်ကြောင်း၊ ယခုသဘောတူညီချက်သည် နှစ်ဖက်စလုံးအတွက် အကျိုးရှိမည် ဖြစ်ကြောင်း ဥရောပကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ Jean-Claude Juncker က ပြောကြားခဲ့သည်။

အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Cecilia Malmström က ယခု သဘောတူညီချက်သည် ဥရောပနှင့် တောင်အမေရိကတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ လူဦးရေ သန်း ၇၈၀ ကျော်ပါဝင်သည့် ဈေးကွက်ကြီးကို ဖန်တီးပေးနိုင်မည့် အီးယူ- Mercosur ကုန်သွယ်မှု သဘောတူညီချက်သည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် အလွန်ကြီးမားသော အခွင့်အလမ်းများကို ဖန်တီးဖော် ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အီးယူအနေဖြင့် ပွင့်လင်းလွတ်လပ်၍ စဉ်ဆက်မပြတ်ဖြစ်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရေးအပိုင်းတွင် ဦးဆောင်သူအဖြစ် အခိုင်အမာ ရပ်တည်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှ ယခုထိ နိုင်ငံပေါင်း ၁၅ နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

အီးယူနှင့် အမေရိက၏ တောင်ပိုင်းဘုံဈေးကွက်ဟု ခေါ်ဆိုသည့် Mercosur နိုင်ငံများအကြား ကုန်သွယ် မှုသည် တစ်နှစ်လျှင်ကုန်စည်ကုန်သွယ်မှု တန်ဖိုးယူရို ၈၈ ဘီလီယံနှင့် ဝန်ဆောင်မှု ကုန်သွယ်မှု တန်ဖိုး ယူရို ၃၄ ဘီလီယံခန့်ရှိသည်။ အီးယူသည် Mercosur နိုင်ငံများ၏ အကြီးမားဆုံး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဖြစ်ပြီး ကုန်စည်ကုန်သွယ်မှုတွင်လည်း ၎င်းနိုင်ငံများ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်နေပါသည်။ အီးယူအနေဖြင့် ၎င်း၏ကားနှင့် ဝိုင်ကဲ့သို့သော ထုတ်ကုန်များအပေါ် အခွန်လျှော့ချနိုင်မည့် အကျိုးအမြတ်ကို ဦးတည်ချိန်တွင် Mercosur နိုင်ငံများ အနေဖြင့် ၎င်းတို့၏ စိုက်ပျိုးရေးထုတ်ကုန်များ ပို့ကုန်ဈေးကွက်မြှင့်တင်ရေးကို အဓိက ရည်ရွယ်သည်ဟု သုံးသပ်ရရှိသည်။ နှစ်ပေါင်း ၂၀ ခန့်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် အီးယူနှင့်တောင်အမေရိကနိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် တစ်ရပ်ရရှိခဲ့ခြင်းမှာ သမိုင်းဝင်အခိုက်အတန့်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောဆိုခဲ့သော်လည်း ၎င်းသဘောတူညီချက်သည် ဥရောပ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် ခြိမ်းခြောက်မှုများရှိနိုင်မည်ဟု ထင်မြင်ယူဆချက်များလည်း ရှိနေပါသည်။ အဆိုပါ ကုန်သွယ်ရေး သဘောတူညီချက်လက်မှတ်ရေးထိုး ခြင်းဖြင့် အီးယူ၏အချို့သော လယ်ယာထွက်ကုန်များအပေါ် သက်ရောက်မှုများရှိလာမည်ဟု သုံးသပ်မှုများ ရှိနေပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် စပိန်နိုင်ငံသည် ၎င်း၏ နှစ်စဉ်လိမ္မော်သီး စိုက်ပျိုးထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို လိမ္မော်သီး ဖျော်ရည်အဖြစ်ထုတ်လုပ်သည်။ Mercosur အဖွဲ့ဝင်နိုင်ငံ ဘရာဇီးသည် ကမ္ဘာ့လိမ္မော်ရည် အများဆုံးထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်သဖြင့် စပိန်နိုင်ငံအနေဖြင့် အဆိုပါကဏ္ဍတွင် ဈေးကွက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အလားတူ အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း ရှောက်သီး/သံပယိုသီး ထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး၊ အီးယူဈေးကွက် သို့၎င်း၏ ရှောက်သီး/သံပယိုသီးတင်ပို့မှုသည် အီးယူဈေးကွက်အတွင်း ပိုလျှံမှုဖြစ်ပေါ်နေသည်ဟုသိရသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အင်ဒီကာဆန်တင်သွင်းမှုသည် အီးယူ၏ ဆန်စပါးထုတ်လုပ်သူများအပေါ် ကြီးစွာသော သက်ရောက်မှုဖြစ်ပေါ်ခဲ့သည်ဟုဆိုကာ ၎င်းနိုင်ငံများမှ အီးယူသို့ဆန်လုံးရှည် (အင်ဒီကာဆန်) တင်သွင်းမှုအပေါ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ Safeguard duty များ ပြန်လည် ကောက်ခံခဲ့သည်။ ယခုအခါ Mercosur အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဥရုဂွေးနိုင်ငံအား အီးယူ၏ ဆန်စပါးကဏ္ဍအပေါ် ခြိမ်းခြောက်လာနိုင်ဖွယ်ရှိသည့် ဆန်တင်ပို့နိုင်ငံအဖြစ် ရှုမြင်သုံးသပ်မှုများ ရှိနေပါသည်။ Mercosur နိုင်ငံများသည် ဆန်လုံးရှည်စိုက်ပျိုးခြင်းမဟုတ်ဘဲ round grain ဆန်အမျိုးအစား ကိုစိုက်ပျိုးထုတ်လုပ်၍ တင်ပို့ခြင်းဖြစ်ရာ အီးယူ၏ ၎င်းဆန်အမျိုးအစား အဓိကစိုက်ပျိုးသည့် စပိန်နိုင်ငံမှ လယ်သမားများသည် အီးယူဈေးကွက်အတွင်း ဈေးနှုန်းချိုသာစွာဖြင့် ဝင်ရောက်လာနိုင်သည့် Mercosur နိုင်ငံများ၏ round grain ဆန်အမျိုးအစားကို ယှဉ်ပြိုင်ရဖွယ်ရှိနေသည်ဟု သုံးသပ်ကြသည်ကို တွေ့ရပါသည်။

ပြင်သစ်နိုင်ငံမှ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကလည်း အာဂျင်တီးနား၊ ဥရုဂွေးနှင့် ဘရာဇီးနိုင်ငံများရှိ ကြီးမားလှသော မွေးမြူရေးလုပ်ငန်းများကို ၎င်းတို့အနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း ပြောကြားထားသည်။ ဝိုင်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန် ၂၀ ရာခိုင်နှုန်းအား ဖယ်ရှားလိုက်ခြင်းဖြင့် အာဂျင်တီးနားနိုင်ငံ၏ ဝိုင်ထုတ်လုပ်တင်ပို့မှုမှာများစွာတိုးတက်လာမည်ဟု ခန့်မှန်းထားရာ ဥရောပ၏ဝိုင်အဓိက ထုတ်လုပ်သည့်နိုင်ငံများဖြစ်သော ပြင်သစ်၊ စပိန်နှင့် အီတလီနိုင်ငံများမှာ အာဂျင်တီးနားနှင့် ယှဉ်ပြိုင်ရဖွယ်ရှိနေပါသည်။

အီးယူ- Mercosur ကုန်သွယ်မှုသဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို နှစ်ဖက်ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်ပြီး သဘောတူညီချက်၏ နောက်ဆုံးရမူကြမ်းကို ပြုစုပြီးပါက အီးယူကော်မရှင်သည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပ ပါလီမန်တို့ထံ အတည်ပြုချက်ရယူနိုင်ရေး တင်ပြသွားမည်ဖြစ်သည်။ Agreement ၏ အသေးစိတ်အချက်အလက်များကို စောင့်ကြည့်သွားမည့် အဖွဲ့ဝင်နိုင်ငံများလည်း ရှိနေသည်ဟု သိရှိရသည်။ နိုင်ငံတကာကုန်သွယ်မှု မျက်နှာစာ၌ ကုန်သွယ်ရေးတင်းမာမှုများ၊ အခွန်ပြန်လည်စည်းကြပ်မှုများဖြင့် မသေချာမရေရာမှုများ ဖြစ်ပေါ်နေချိန်တွင် အီးယူသည် ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး၊ ယခုအခါ အီးယူ- Mercosur ကုန်သွယ်မှု သဘောတူညီချက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အီးယူဈေးကွက်သို့တောင်အမေရိက ကုန်သွယ်ရေးအုပ်စု၏ လယ်ယာထွက်ကုန်ပစ္စည်းများ အလုံးအရင်းနှင့် ဝင်ရောက်လာမည်ကို စိုးရိမ်ပူပန်မှုများလည်း ရှိနေသဖြင့် အီးယူ- Mercosur ကုန်သွယ်မှု သဘောတူညီချက်မှာ စောင့်ကြည့် လေ့လာရမည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် တစ်ရပ်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကိုးကား - www.euronews.com**

**- http://ec.europa.eu**

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံတင်သွင်းခွင့် ထပ်တိုးကိုတာသတ်မှတ်ချက် အတည်ပြုချက်ထုတ်ပြန်

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် အတွင်း ပဲစင်းငုံတင်သွင်းခွင့် ကိုတာ သတ်မှတ်ချက်ကို မူလက တန်ချိန်နှစ်သိန်း သတ်မှတ်ထားရာမှ နောက်ထပ် တန်ချိန်နှစ်သိန်း တိုးမြှင့်ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း ဇွန် ၁၁ ရက်၌ စားသုံးသူရေးရာ၊ စားသောက်ကုန်နှင့် ပြည်သူ့ဖြန့်ဖြူးရေးရာဝန်ကြီး Mr. Ram Vilas Paswan က ပြောကြားခဲ့သည်။ ယခုအခါ အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် S.O. No.2322(E) အရ ပဲစင်းငုံတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်အား စုစုပေါင်းတန်ချိန်လေးသိန်းအထိ တိုးမြှင့်တင်သွင်း ခွင့်ပြုလိုက်ကြောင်း ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာန (DGFT) က ဇူလိုင် ၅ ရက်တွင် ကုန်သွယ်မှု နှိုးဆော်အသိ ပေးချက်ထုတ်ပြန်လျက် အတည်ပြုလိုက်ပြီ ဖြစ်သည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြား ကုန်သွယ်မှု မူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှ စတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် ပဲစင်းငုံအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကိုတာ တန်ချိန်လေးသိန်းအထိ ကန့်သတ်တင်သွင်းခွင့်ပြုလိုက်ကြောင်း၊ ယခုကန့်သတ်ချက်သည် အိန္ဒိယအစိုးရ၏ နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာ အဆင့် လက်မှတ်ရေးထိုးထားရှိသည့် နားလည်မှုစာချွန်လွှာ (MoU) များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ကြော်ငြာစာသည် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ပါရှိသည့်နေ့ရက်မှစ၍ သက်ရောက်မှု ရှိမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပဲစင်းငုံတင်သွင်းခွင့်နှင့် စပ်လျဉ်း၍ မူလသတ်မှတ်ထားသည့် တန်ချိန်နှစ်သိန်းအတွက် အပြီးသတ်ကိုတာ ခွဲဝေမှုကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ကျန်ရှိသောထပ်တိုးတန်ချိန်နှစ်သိန်းအတွက် ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်မှ ၁၅ ရက်အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းရန် DGFT မှ ကုန်သွယ်ရေး အသိပေးချက် ထုတ်ပြန်ထားသည်။ ထပ်တိုး ပဲစင်းငုံကိုတာတန်ချိန်နှစ်သိန်းအား တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီများသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းအရောက် တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# လယ်ယာကဏ္ဍဝင်ငွေနှင့် ကုန်သွယ်ရေးသဘောတူညီချက်များက ထိုင်းနိုင်ငံအတွက် ဦးစားပေးကဏ္ဍများဖြစ်

လယ်သမားများ၏ ဝင်ငွေအာမခံချက်ရှိစေရန်၊ ပို့ကုန်အားပေးမြှင့်တင်ရန်၊ လူနေမှုစရိတ်ဆိုင်ရာ အကြံပြုချက်များ၊ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှေ့သို့တိုးမြှင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အသစ်ခန့်အပ်လိုက်သော ထိုင်းဒုတိယဝန်ကြီးချုပ်နှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Jurin Laksalawisit ကဎင်း၏ထိပ်တန်း ဦးစားပေးအစီအမံများကို ပြောကြားခဲ့ကြောင်း သိရှိရသည်။ ၎င်း၏ဝန်ကြီးဌာနသို့ စတင်ရောက်ရှိတာဝန်ထမ်းဆောင်သည့် ပထမဆုံးနေ့တွင် ၎င်းကလယ်သမားများ၏ ဝင်ငွေအာမခံချက်ပေးခြင်းဖြင့် ဆန်စပါးသာမက အခြား ရော်ဘာ၊ ပီလောပီနံ၊ ဆီအုန်း၊ ပြောင်း စသည့် အဓိကသီးနှံများ၏ ဈေးနှုန်းအာမခံချက်ကို ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်သီးနှံဈေးနှုန်းအာမခံချက်တို့မှာ ဒီမိုကရက်ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာအဆိုပြုချက်များထဲက အဓိကအချက်များဖြစ်ကြောင်း၊ ဝင်ငွေနှင့် သီးနှံဈေးနှုန်းဈေးနှုန်းအာမခံတို့မှာ ၂၀၁၁-၂၀၁၃ ညွန့်ပေါင်းအစိုးရခေတ်ကတည်းက ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ အဆိုပြုချက်များဖြစ်ကြောင်း၊ ဝင်ငွေအာမခံအစီအမံတွင် လယ်သမားများအနေဖြင့် ဆန်စပါးအာမခံ ဈေးနှုန်းနှင့်နှစ်ပတ်တစ်ကြိမ် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသောဈေးနှုန်းအရ စံသတ်မှတ်ဈေးနှုန်းနှစ်ခုအကြား ကွာခြားချက်အပေါ်တွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအစီအစဉ်မှာ ယဉ်လတ်ရှင်နာဝပ်ထရာ အစိုးရခေတ်လက်ထက်ကကဲ့သို့ ဆန်တန်ချိန် သန်းပေါင်းများစွာစုပြုံနေမှုနှင့် နောက်ပိုင်း ဆုံးရှုံးမှုတို့အပေါ် ရှောင်ရှားရန်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ယခုနှစ်၌ သဘော်တင်ပို့မှုများ အကြီးအကျယ်ကျဆင်းခဲ့ရပြီးနောက် အဓိကအာရုံစိုက်ရမည့်ကိစ္စရပ်မှာ ပို့ကုန်ကဏ္ဍဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ၏ပို့ကုန်အားလုံးမှာ အခွင့်အလမ်းများရှိနေသည်ဟု ယုံကြည်ဆဲဖြစ်ကြောင်း၊ ပို့ကုန်တိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှာ အဓိကဖြစ်သည်ဟု မိမိတို့ယုံကြည်ကြောင်း၊ အလားတူ ပြည်တွင်းကုန်စည်နှင့် ဈေးနှုန်းများ ထိန်းသိမ်းရန်နှင့် လူနေမှုကိစ္စရပ်များအတွက်လည်း ကူညီထိန်းသိမ်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် (RCEP) ဆိုင်ရာဆွေးနွေးမှုများကိုလည်း ဆက်လက်ဆောင် ရွက်သွားရန်တိုက်တွန်းခဲ့ကြောင်း၊ (RCEP) ကို ၂၀၁၂ ခုနှစ်တွင် အာဆီယံ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်ခြောက်နိုင်ငံ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အိန္ဒိယ ၊နယူးဇီလန်)တို့အကြား နက်ရှိုင်းစွာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်နိုင်ရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးဖက်ခြောက်နိုင်ငံမှာ ၆၀ ရာခိုင်နှုန်းခန့်သာ တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ (RCEP)အခန်း(၂၀)အနက်(၇)ခန်းသာ ဆွေးနွေးမှု ပြီးစီးသေးကြောင်း၊ ယခုနှစ်တွင် အဆုံးသတ်ပြီးစီးရန်ဖြစ်ကြောင်း၊ သဘောတူညီချက်မှာ ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် အသက်ဝင်လာမှာဖြစ်ကြောင်း၊ ထိုင်းအီးယူ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အတွက် ဆွေးနွေးပြောဆိုမှုများကိုလည်း အစိုးရသစ်အနေဖြင့် ၎င်း၏မူဝါဒများကို ပါလီမန်တွင်တင် ပြပြီးသည်နှင့် အမြန်ဆုံးပြန်လည်စတင်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဗန်ကောက်မြို့**

# ထိုင်းသဘော်တင်ပို့မှု လေးလဆက်တိုက် ကျဆင်းနေ



ထိုင်းပို့ကုန်များအနေဖြင့် ကမ္ဘာ့စီးပွားရေး နှေးကွေးမှု၊ အမေရိကန်-တရုတ်ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများနှင့်ရေနံဈေးနှုန်း ကျဆင်းမှုတို့ကြောင့် ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုနှင့်အတူ ဆက်တိုက် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ အကောက်ခွန်ရှင်းလင်းပြီးပြည်ပသဘော်တင်ပို့မှုမှာ မတ်လတွင် ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဧပြီလ တွင် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ မေလတွင် ၅ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး နှစ်အလိုက်တွင် ဇွန်လအထိ ၂ ဒသမ ၁၅ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၄ ဘီလီယံအထိ ကျဆင်းခဲ့ကြောင်း ထိုင်းစီးပွားရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားခဲ့သည်။ ယမန်နှစ်ဇွန်လမှစ၍ ထိုင်းပို့ကုန်များ ၂ ဒသမ ၉၃ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ထိုင်းဘတ်ငွေ ၆၇၇ ဘီလီယံကျဆင်းခဲ့သည်။ ထိုင်းပြည်ပပို့ကုန်များအနေဖြင့် ဈေးကွက်အများစုတွင် ကျဆင်းနေကြောင်း၊ တရုတ်နိုင်ငံသို့ သဘော်တင်ပို့မှုမှာ ယခုနှစ်ဇွန်လတွင် ၁၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အလားတူ အမေရိကန်သို့ သဘော်တင်ပို့မှုမှာ ၂ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။

လယ်ယာနှင့် စိုက်ပျိုးရေးထွက်ကုန်များမှာဇွန်လတွင် ယမန်နှစ်ကာလတူထက် ၉ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ၃ ဒသမ ၂၃ ဘီလီယံကျဆင်းခဲ့ကြောင်း၊ အဓိကအားဖြင့် ဆန်တင်ပို့မှု ၃၄ ဒသမ ၆ ရာခိုင်နှုန်း၊ သကြားတင်ပို့မှု ၁၉ ဒသမ ၄ ရာခိုင်နှုန်း၊ အေးခဲပင်လယ်စာ တင်ပို့မှု ၉ ဒသမ၅ ရာခိုင်နှုန်း၊ လတ်ဆတ်ဟင်းသီးဟင်းရွက်၊ အေးခဲဟင်းသီးဟင်းရွက်နှင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက်တင်ပို့မှု ၁၀ ရာခိုင်နှုန်းနှင့် ပီလောပီနံတင်ပို့မှု ၁၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းတို့ဖြစ်သည်။

ရွှေတင်ပို့မှု ၃၁၇ ရာခိုင်နှုန်း ၊ အလှကုန်၊ ဆပ်ပြာနှင့် အသားအရေဆိုင်ရာကုန်ပစ္စည်းများ တင်ပို့မှု ၁၀ ရာခိုင်နှုန်း၊ လေအေးပေးစက်တင်ပို့မှု ကိုးရာခိုင်နှုန်း၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ တင်ပို့မှု ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့မှုကြောင့် စက်မှုထုတ်ကုန်များအနေဖြင့် သုည ဒသမ ၀၄ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၈ ဘီလီယံတိုးတက်ခဲ့ကြောင်း သိရှိရသည်။

ရေနံဆိုင်ရာ ထုတ်ကုန်တင်ပို့မှု ၂၂ ရာခိုင် နှုန်း၊ အီလက်ထရွန်နစ် ဆားကစ်တင်ပို့မှု၂၀ ဒသမ ၆ ရာခိုင်နှုန်း၊ ကွန်ပျူတာနှင့် အစိတ်အပိုင်းများ တင်ပို့မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် စတီးနှင့် သံမဏိထုတ်ကုန်များတင်ပို့မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း သိရှိရသည်။

သွင်းကုန်တင်သွင်းမှုမှာလည်း ဇွန်လတွင် ၉ ဒသမ ၄၄ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံကျဆင်းခဲ့ကာ ကုန်သွယ်မှုပိုငွေ ၃ ဒသမ ၂ ဘီလီယံကို ဖြစ်စေရန် အဓိက ဦးဆောင်စေခဲ့သည့် အချက်အလက်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပထမခြောက်လအတွင်း ပို့ကုန်စုစုပေါင်း ၂ဒသမ၉၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံရှိကြောင်း၊ အဆိုပါကာလအတွက် ကုန်သွယ်မှုပိုငွေ ၃ ဒသမ ၉၄ ဘီလီယံရှိကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်အတွင်းလစဉ် ပို့ကုန်တန်ဖိုးအားပျမ်းမျှ ၂၀ မှ ၂၁ ဘီလီယံအထိ ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ပို့ကုန်တင်ပို့မှုမှာ ယခုနှစ်အတွက် တစ်ရာခိုင်နှုန်းအထိ တိုးတက်လာမှာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဗန်ကောက်မြို့**

## စင်ကာပူတွင် ကျင်းပခဲ့သည့် SFFA & RPB ပြပွဲ၌ မြန်မာ့စားသောက်ကုန်များပြသ၍ ဈေးကွက်ရှာဖွေ



စားသောက်ကုန်နှင့် အဖျော်ယမကာများပွဲထုတ်ပြသသည့် Speciality & Fine Food Asia (SFFA) and Restaurant Pub & Bar (RPB) Asia ပြပွဲကို စင်ကာပူနိုင်ငံ၊ Suntec Singapore Convention & Exhibition Centre တွင် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ အရှေ့တောင်အာရှတွင် နာမည်ကြီးသည့် ကုန်သွယ်ရေးပြပွဲကြီးတစ်ခုဖြစ်သည့်အတွက် နိုင်ငံပေါင်း ၂၀ မှ စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်လုပ် ရောင်းချသူများက ပြခန်းပေါင်း ၁၉၄ ခန်းဖြင့် ပါဝင်ပြသခဲ့ကြပြီး၊ ပြပွဲသို့ နိုင်ငံပေါင်း ၄၀ မှ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် လက်လီလက်ကားဖြန့်ဖြူး ရောင်းချသည့်လုပ်ငန်းများမှ ကိုယ်စားလှယ် ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါပြပွဲကြီးတွင် မြန်မာ့စားသောက်ကုန်များ ပြသနိုင်ရေးအတွက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organi-zation -Myantrade) ၏ အမည်ဖြင့် ပြခန်း တစ်ခန်း ညှိနှိုင်းရရှိခဲ့သည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြန်မာကုမ္ပဏီ လေးခုသည် ဓာတုဆေးဝါးမပါသော ဟင်းသီးဟင်းရွက်များ၊ သစ်သီးအခြောက်များ၊ Vacuum Fried Beetroot Chips၊ Sweet Chili Chips၊ ကော်ပြန့်လိပ်ကြော်များ၊ ချင်းမှုန့်၊ နနွင်းမှုန့်၊ ဇီရာစေ့အမှုန့်များနှင့် မန်ကျည်းအနှစ်များကို ဈေးကွက်ရရှိနိုင်ရေး မိတ်ဆက်ပြသနိုင်ခဲ့သည်။ ထို့ပြင် မြန်မာ့စားသောက်ကုန်များအား စိတ်ပါဝင်စားသည့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများနှင့် Business matching တွေ့ဆုံဆွေးနွေးမှု အစီအစဉ်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ **မြတ်နိုး**




ထီရိရတနာလက်လီလက္ကားဈေးဝင်း၊ အဆောင်(G)အခန်း(၁၀)၊ Two Way Road အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉–၅၀၃၉၅၇၅၊ ၀၉–၇၈၁၅၀၀၇၉၉၊ ၀၉–၉၆၁၅၀၀၇၉၉



# HORIZON STAR COMPANY LIMITED

Timber Trade & Services








**Add :** No.7(7/8), Pan Hlaing Street, Htee Tan Satmyae Quarter, Kyee Myint Taing Township, Yangon, Myanmar.

**Tel :** 95 9260901600,

**Email :** horizonstar009@gmail.com.

PETRO K

For Your Daily Fuel Needs !








ROCKWORTH
OFFICE SYSTEMS FURNITURE

UNLOCK YOUR POTENTIAL , ACCESS YOUR BEST WORK





Kaytumadi Co.,Ltd

Room No:1101,16th Floor,Tower B, Maw Tin Tower, Corner of Anawrahta Road & LanthitStreet, Lanmadaw Township, Yangon, Myanmar.
Tel: (95-1) 218489 ~ 1 Email : info@kaytumadi.com , contact@kaytumadi.com Website : www.kaytumadi.com


GRAND CHERRY XENO
DISTRIBUTION

Desire to bring a Royal service



Sheet Margarine





Block Margarine

Add : No(SB-11) , Corner of Tate Pan Street & Ahlone Street , Lower Kyimyindaing, Ahlone Township . Yangon
Tel : 01-2317826, 01-2317827, 09-73086004, 09-730086006, 09-73086008
Email : gcxtcho628@gmail.com

# COMMERCE INTERNATIONAL




## ဟွာဝေးက တရုတ်နိုင်ငံတွင် 5G ဖုန်းကို စတင်ရောင်းချ

ဟွာဝေးကုမ္ပဏီသည် ကုမ္ပဏီ၏ ပထမဆုံး 5G ဖုန်းကို တရုတ်နိုင်ငံမှာ ဇူလိုင် ၂၆ ရက်က စတင်ရောင်းချခဲ့ကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။ ကုမ္ပဏီ၏ ကိုယ်ပိုင်စက်လည်ပတ်မှုစနစ်(operating system)ဟုန်းမန်းကို တပ်ဆင်ထုတ်လုပ်ထားသော စမတ်တီဗွီများကို မကြာမီ ရောင်းချသွားမည်ဖြစ်ကြောင်းလည်း ကုမ္ပဏီကပြောသည်။

အမေရိကန်နည်းပညာနှင့် အစိတ်အပိုင်းများကို ဟွာဝေးကုမ္ပဏီအား မပေးသွင်းဘဲ အဆက်ဖြတ်ထားမည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်ထားသည်။ ကုမ္ပဏီသည် တရုတ်နိုင်ငံဈေးကွက်အတွက် Mate 20 X 5G ဖုန်းများကို တစ်လုံးလျှင် ၆၁၉၉ ယွမ် (၉၀၁ ဒေါ်လာ) ဖြင့် စတင်ရောင်းချခဲ့သည်။

Smart Screens ဟုခေါ် ဆိုပြီး တီဗွီနှင့်တူသည့် အလားတူကိရိယာများကို လာမည့်လတွင် စတင်ရောင်းချမည်ဖြစ်ကြောင်း ဟွာဝေးကပြောသည်။ ယင်းကိရိယာများမှာ ကုမ္ပဏီ၏ ကိုယ်ပိုင်ဟုန်းမန်းစက် လည်ပတ်မှုစနစ်ကိုသုံး၍ ပထမဆုံးလုပ်သည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဟွာဝေးသည် ဟုန်းမန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်းမရှိပေ။ ယင်းစနစ်မှာ အကယ်၍ အမေရိကန်ကထုတ်လုပ်သော ဆော့ဝဲများမရရှိပါက အရန်အဖြစ်ထားသော စနစ်တစ်ခုဖြစ်သည်။

ယခုစက်လည်ပတ်မှုစနစ်သည် ဂူဂဲ၏ အန်းဒရွိုက်စနစ်ကို အစားထိုးဆောင်ရွက်နိုင်မှာဖြစ်ကြောင်းနှင့် ဟုန်းမန်းသည် စမတ်ဖုန်းများအတွက် မဟုတ်ဘဲ ဆက်သွယ်ရေးကိရိယာများအတွက်ဖြစ်ကြောင်း အကြီးတန်းအမှုဆောင်က ယခုလစောစောပိုင်းတွင် ပြောသည်။

ဟွာဝေး Smart Screens ၏ရည်ရွယ်ချက်မှာ ဧည့်ခန်းတွင်းဖျော်ဖြေရေးနှင့် ဆက်သွယ်ရေးအတွက် ဗဟိုဆက်သွယ်ရေးအဖြစ် သုံးမည်ဖြစ်ကြောင်း ဟွာဝေး၏ စားသုံးသူလုပ်ငန်းအဖွဲ့ စီအီးအို ရစ်ချတ်ယူကပြောသည်။

## အာရှဆန်းသစ်တီထွင်သူများ ထိပ်သီးအစည်းအဝေး နောက်ဆုံးပေါ်နည်းပညာဖြေရှင်းမှုများ ဆွေးနွေး

ဗီယက်နမ်နှင့် ဒေသတွင်းနိုင်ငံများမှ စီးပွားရေးနှင့် နည်းပညာခေါင်းဆောင် ၃၀၀ ကျော်သည် ဟိုချီမင်းစီးတီးတွင် ကျင်းပသော အာရှဆန်းသစ်တီထွင်သူများထိပ်သီးအစည်းအဝေး Asian Innovators Summit (AIS) 2019 သို့ ဇူလိုင် ၂၅ ရက်က တက်ရောက်ကြကြောင်း ဗီယက်နမ်နယူးအေဂျင်စီသတင်းတွင်ဖော်ပြသည်။

အခမ်းအနားကို ဂျာမနီနိုင်ငံက ဆော့ဝဲလုပ်ငန်းတစ်ခုဖြစ်သည့် SAP က တာဝန်ယူကျင်းပေးခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပေါ်နည်းပညာနှင့် ဖြေရှင်းချက်များက တီထွင်ဆန်းသစ်မှုများကို အထောက်အပံ့ပေးနိုင်သည့် နည်းလမ်းများနှင့် လုပ်ငန်းပုံစံသစ်များအား ဖန်တီးနိုင်သည့် နည်းလမ်းများကို ဗီယက်နမ်းစီးပွားရေးလုပ်ငန်းများအား ဤအခမ်းအနားမှတစ်ဆင့် သိရှိစေနိုင်မှာဖြစ်ကြောင်း သိရသည်။

'ဒီကနေ့ခေတ် စက်မှုလုပ်ငန်းတွေမှာ တပ်ဆင်ရေးလိုင်း (Assembly Line) ပုံစံကိုသာ သုံးစွဲနေဆဲဖြစ်ပါတယ်။ နောက်ဆုံးပေါ် ဖြန့်ဖြူးရေးကွင်းဆက်အဆင့်ဆင့်၊ ဆန်းသစ်တီထွင်တဲ့ ကုန်ထုတ်လုပ်မှုနဲ့ ကုန်ထုတ်လုပ်မှုပုံစံ စတဲ့ ပြင်းထန်တဲ့စိန်ခေါ်မှုတွေရှိနေပါတယ်'ဟု SAP Vietnam ၏ အုပ်ချုပ်မှုဒါရိုက်တာ အမျိုးသမီး ဂျိုးဇက်ဖင်းဂါလာက ပြောသည်။

ထိုးထွင်းသိမြင်တတ်သော စီးပွားရေးလုပ်ငန်းများ ဖြစ်လာမည်ဆိုပါက ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်း သို့မဟုတ် ကမ္ဘာ့နယ်ပယ်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်လာမည်ဖြစ်ကြောင်း သူကပြောသည်။

"Made in Vietnam 4.0"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ SAP သည် ထိုးထွင်းသိမြင်တတ်သော စီးပွားရေးလုပ်ငန်း (Intelligent Enterprise ) ဆော့ဝဲကို ဗီယက်နမ်ဖောက်သည်တို့အား ၂၀၁၉ ခု နှစ် တွင်ဖြန့်ဝေပေးခဲ့ပြီး ထွန်းသစ်စအတွေ့အကြုံပြည့်သော စီးပွားရေးပေါ် ထွန်းစေရန်အကူအညီပေးခဲ့သည်။

## စိန်ခေါ်မှု အပြောင်းများနှင့် ယူကေခေါင်းဆောင်သစ် ရင်ဆိုင်နေရ

ဗြိတိန်နိုင်ငံသည် ဘောရစ်ဂျွန်ဆင်ကိုဝန်ကြီးချုပ်သစ်အဖြစ် ရရှိထားသော်လည်း အောက်တိုဘာ ၃၁ ရက်တွင် နောက်ဆုံးဖြေရှင်းရတော့မည့် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးကို အပြီးသတ်ဆောင်ရွက်ရမည့် ပြဿနာဟောင်းများက တည်ရှိနေဆဲဖြစ်ကြောင်း ဂလိုဘယ်တိုင်းမ်သတင်းတွင်ဖော်ပြသည်။

ဂျွန်ဆင်သည် သူ့ပါတီကိုအနိုင်ရသော်လည်း တိုင်းပြည်ကို အနိုင်ရခြင်းမဟုတ်ကြောင်း လေ့လာဆန်းစစ်သူကပြောသည်။ ယူကေကို အီးယူမှ နောက်ဆုံးနုတ်ထွက်နိုင်ရေးအတွက် သူသည် သူ့ပါတီဝင်များကိုလည်း စည်းလုံးရမည်ဖြစ်သကဲ့သို့ ကွဲပြာလျက်ရှိသော ပါလီမန်ကိုလည်း စည်းလုံးရမည်ဖြစ်သည်။

ဘရက်ဇစ်အပေါ်တွင် ဂျွန်ဆင်၏ တင်းမာသော ရပ်တည်ချက်ကြောင့် ရှေ့တန်းမှပါဝင်သူများ နုတ်ထွက်သည့်အဖြစ်များနှင့် ကြုံတွေ့နိုင်သည်။ စေ့စပ်ညှိနှိုင်းမှုမပါသော နုတ်ထွက်ရေးကိစ္စကိုမထောက်ခံနိုင်သည့်အတွက် နုတ်ထွက်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဖိလစ်ဟာမွန်က စောစောပိုင်းကတည်းက လူသိရှင်ကြားပြောထားပြီးဖြစ်သည်။

ဗြိတိန်စီးပွားရေးသည် တန့်နေကြောင်း လန်ဒန်အခြေစိုက် လွတ်လပ်သော စီးပွားရေးနှင့် ဘဏ္ဍာရေးပညာရှင်များအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးသုတေသနအဖွဲ့ (NIESR)က ဇူလိုင် ၂၂ ရက် ကပြောသည်။ စေ့စပ်ညှိနှိုင်းမှုမပါသော နုတ်ထွက်မှုမျိုးကိုရှောင်ရှားနိုင်ပါက ဗြိတိန်နိုင်ငံစီးပွားရေးသည် ၂၀၁၉ ခုနှင့် ၂၀၂၀ ခုနှစ်တွင် တစ်ရာခိုင်နှုန်းအထက် တိုးတက်မည်ဟုခန့်မှန်းထားသည်။ စေ့စပ်ဆွေးနွေးပွဲတွင် ရင်ဆိုင်ဆွေးနွေးကြမည့် ဥရောပခေါင်းဆောင်များက ဂျွန်ဆင်၏ အောင်မြင်မှုကို ချီးကျူးခဲ့ကြသော်လည်း ခွဲထွက်ရေးကိစ္စအတွက်မူ ပြင်းထန်စွာ ရပ်တည်နေဆဲဖြစ်သည်။

စံမီအောင် စုစည်းသည်

## ကုန်သွယ်ရေးစစ်ပွဲဒဏ်ကြောင့် စင်ကာပူစီးပွားရေးလုပ်ငန်းများ အလုပ်အကိုင်လျှော့ချ

တရုတ်နိုင်ငံနှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးစစ်ပွဲတွင် ပိတ်မိနေခြင်းနှင့် သုံးစွဲသူဝယ်လိုအား နှေးကွေးကျဆင်းခြင်းတို့ကြောင့် စင်ကာပူရှိ ချစ်ပ်ပြားထုတ်လုပ်သူများ၏ ကုန်ထုတ်လုပ်အား နှေးကွေးကျဆင်းစပြုပြီး အလုပ်သမား ရာပေါင်းများစွာကို လျှော့ချလာရကြောင်း ဂလိုဘယ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

စင်ကာပူ ကုန်ထုတ်လုပ်ငန်း၏ သုံးပုံတစ်ပုံခန့်ကို ထုတ်လုပ်ပေးနေသော ကဏ္ဍတစ်ခုတွင် ယခင်နှစ်က လုပ်ငန်းကျဆင်းလျက်ရှိသဖြင့် လာမည့်လများတွင် စီးပွားရေးဆုတ်ကပ်အတွင်းကျဆင်းနိုင်သည့် အလားအလာများရှိနေသည်ဟု သုံးသပ်ကြသည်။

ဆဲလ်ဖုန်းနှင့် ကားများအတွက် အပါအဝင်နေရာအမျိုးမျိုးတွင် အသုံးပြုသော ချစ်ပ်ထုတ်လုပ်မှုသည် ကမ္ဘာ့စီးပွားရေး၏ ရှေ့ဆောင်အဖြစ်မှတ်ယူထားသော စင်ကာပူကုန်ထုတ်လုပ်မှုတွင် အရေးပါသော ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

'ဒီတစ်ခါ လုပ်ငန်းကျဆင်းတာကတော့ ထူးထူးခြားခြားပါပဲ'ဟု စင်ကာပူ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးအသင်း အမှုဆောင်ဒါရိုက်တာအန်ဝီးဆိန်းက ပြောသည်။

သူက အဆိုဆုံးအတွက်ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် အလုပ်မှ အနားပေးလိုက်သော အလုပ်အကိုင်သစ်ရှာဖွေရာတွင် အကူအညီပေးရန် သူ့ဝန်ထမ်းများကို အသင့်ပြင်ထားကြောင်း ပြောသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်းတွင် လုပ်ငန်းများကျယ်ပြန့်စွာပါဝင်ပြီး မင်မိုရီချစ်ပ်နှင့် မိုက်ကရိုပရိုဆက်စာ အပါအဝင် အီလက်ထရွန်နစ် အစိတ်အပိုင်းများကို ထုတ်လုပ်သော လုပ်ငန်းဖြစ်သည်။



ယခုအခါ ကုမ္ပဏီ၏ စာရင်းများကို ပြန်လည်စုစည်း တွက်ချက်လျက်ရှိကြောင်းနှင့် တွက်ချက်ရရှိသည့် ရလဒ်များအရ နှစ်အကုန်တွင်စင်ကာပူရှိ ဝန်ထမ်းများ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိကို လျှော့ချရဖွယ်ရှိကြောင်း စင်ကာပူအခြေစိုက် ချစ်ပ်များ စမ်းသပ်တပ်ဆင်ရေး ကုမ္ပဏီ UTAC ၏ စီအီးအို ဂျွန်နယ်လဆင်က ပြောသည်။

**Don't be drastic, Say "no" to plastic**
**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**